ဆယ်ဇင်းကုန်းကျေးရွာ

ဆယ်ဇင်းကုန်းကျေးရွာအုပ်စု

သပိတ်ကျင်းမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆယ်ဇင်းကုန်းကျေးရွာ၊ သပိတ်ကျင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ဆယ်ဇင်းကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သပိတ်ကျင်းမြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ် ၉**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉
- (က) ရည်ရွယ်ချက်နှင့်ပင်ကိုးကြောင်းဖော်ပြချက်
- (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၁
- (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
- (ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁
- (က) လူဦးရေဆိုင်ရာ အချက်လက်များ
- (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
- (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
- (ဃ) ကျန်းမာရေး နှင့် အာဟာရ
- (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
- (စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၄
- (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
- (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
- (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
- (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
- (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
- (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
- (ဆ) လူငယ်နှင့် ယဉ်ကျေးမှု
- (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
- (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
- (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
- (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၁

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့်ငှ် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၃


SAMPLE

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၄

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၇
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**
**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၀
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ

SAMPLE

ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ

ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်း များ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၆၇
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၀

ဇယား ၄၅

**ကိုးကားစာရင်း** ၇၅

**အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်** ၇၆
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

SAMPLE

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောပိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MOAI | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDC | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ |
| VTDSC | ကျေးရွာအုပ်စုဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ |

SAMPLE

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅) နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက် ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင် ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ် တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေး ဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင် ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရာတွင် ကိန်း ဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီ အစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ် ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။

နိုဝင်ဘာ၊ ၂၀၁၆

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆယ်ဇင်းကုန်းကျေးရွာ
သပိတ်ကျင်းမြို့နယ်

**ဆယ်ဇင်းကုန်း     ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ သပိတ်ကျင်းမြို့နယ်**

SAMPLE



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

## ၁.၁ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆိုသည်မှာ-

ကျေးရွာဆိုသည်မှာ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတူသူများ/နီးစပ်သူများ၊ ဆွေမျိုးမကင်းသူများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဆင်တူသူများ၊/နီးစပ်မှုရှိသူများ စုပေါင်းနေထိုင်ရာ နေရာကို ခေါ် သည်။ ကျေးရွာနှင့် မြို့၏ ကွားခြားမှုမှာ အချို့ကျေးရွာများမှာ တိုးတက်မှုရှိသော်လည်း၊ ကျေးရွာ အရွယ်အစားကြီးသော်လည်း အစိုးရရုံးများမရှိ။ အစိုးရဘဏ်များမရှိသောကြောင့် ကျေးရွာဟုသာ သတ်မှတ်ကြသည်။ သပိတ်ကျင်းမြို့နယ်တွင် အစိုးရအမည်ပေါက် ကျေးရွာပေါင်း (၇၀) ရှိပြီး တစ်နိုင်ငံလုံးတွင် ကျေးလက်မြို့နယ်ပေါင်း ၃၀၅ မြို့နယ်အတွင်း အစိုးရအသိအမှတ်ပြု ကျေးရွာပေါင်း ၆၄၈၉၉ ရှိသည်။

ဖွံ့ဖြိုးရေးဆိုသည်မှာ လက်ရှိအခြေအနေမှ ပိုမိုကောင်းမွန်သော အခြေအနေသို့ အစီအစဉ်တကျ ပြောင်းလဲသွားခြင်းကို ဆိုလိုသည်။ ဖွံ့ဖြိုးရေးတွင်လည်း ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးဟူ၍ နှစ်ပိုင်းရှိသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးဆိုသည်မှာ အဆောက်အဦးများ တိုးတက်ကောင်းမွန်လာခြင်း၊ လမ်းပန်းဆက်သွယ်ရေးအနေဖြင့် လမ်း၊ တံတားများ ပိုမိုတိုးတက် ကောင်းမွန် လာခြင်း၊ လျှပ်စစ်မီးရရှိလာခြင်း၊ ယဉ်/ကား၊ စက်ကရိယာ စသည်တို့ ပိုမိုခေတ်မီကောင်းမွန်လာခြင်း၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊ စာသင်ကျောင်း၊ ဆေးခန်းများ ပိုမို ကောင်းမွန်လာခြင်း၊ ခေတ်မီလာခြင်း စသည်တို့ကိုဆိုလိုသည်။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးဆိုသည်မှာ အသိပညာ၊ အတတ် ပညာ၊ နည်းပညာများတိုးတက်လာခြင်းကို ဆိုလိုသည်။ ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုတွင် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးရေးသည် ပိုအရေးကြီးသည်။

ရေရှည်ဖွံ့ဖြိုးရေးဆိုသည်မှာ နောင်မျိုးဆက်တွေကို မထိခိုက်ဘဲ ဖွံ့ဖြိုးခြင်းနှင့် သဘာဝအရင်းအမြစ်များကို အလွန်အကျွံ ထုတ်ယူအသုံးမပြုဘဲ ဖွံ့ဖြိုးမှုသာ ရေရှည်ဖွံ့ဖြိုးရေးဖြစ်သည်။

တည်ငြိမ်သောဖွံ့ဖြိုးရေးဆိုသည်မှာ မမျှော်လင့်သော ဘေးအန္တရာယ် (SCHOCK) များကို ကြန့်ကြန့်ခံနိုင်ရည်ရှိပြီး ပြန်လည် ရုန်းထနိုင်သော အရည်အချင်း **(စီးပွါးရေးဆိုင်ရာအရင်းအနှီး၊ နည်းပညာ ဗဟုသုတ၊ လူမှုရေးအရင်းအနှီး၊ အဆောက်အဦးနှင့် ရုပ်ပိုင်းဆိုင်ရာအရင်းအနှီး၊ လူ့စွမ်းအားအရင်း အမြစ်၊ သဘာဝအရင်းအမြစ်)** ရှိနေခြင်းကို ဆိုလိုသည်။

ယခင်ကလည်း ကျေးရွာသူ/သားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းနိုးရာရာ လုပ်ခဲ့ကြဖူးပါသည်။ ထိုအချိန်က ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်လုပ်ကိုင်ခဲ့ကြသောအခါ ရပ်မိ/ ရပ်ဖ၊ အုပ်ချုပ်ရေးမှ တာဝန်ရှိသူ၊ တခါတရံ ဘာသာရေးခေါင်းဆောင်များစသည် လူနည်းစုတို့၏ ဆုံး ဖြတ်ချက်နှင့် ဦးဆောင်မှုအရ ၎င်းတို့လုပ်ကိုင်လိုသော လုပ်ငန်းကိုသာ ရွေးချယ်ခဲ့ကြသည်။ ရပ်ရွာမှ ပါဝင်ရမည့်/ ထည့်ဝင်ကြရမည့် ငွေ (သို့မဟုတ်) ပစ္စည်း၊ လူအားစသည်တို့ကိုလည်း ၎င်းတို့ ကသာ ဦးဆောင်ဆုံးဖြတ်ခဲ့ကြသည်။ တစ်ရွာလုံးပါဝင်ဆွေးနွေးခွင့်၊ ဆုံးဖြတ်ပိုင်ခွင့် မရခဲ့ကြပါ။ လုပ်ငန်းတခု ဆောင်ရွက်ပြီးစီးပါကလည်း ရပ်တန့်နေတတ်ပြီး ဆက်တိုက် လုပ်ဆောင်နိုင်ခြင်းမရှိကြပါ။ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်လည်းမရှိတတ်ကြပါ။ ၂-၃ နှစ်ကြာမှ (သို့မဟုတ်) စိတ်ကူးပေါ် မှသာ နောက်လုပ်ငန်းတခုကို ပြန်လည် လုပ်ဖြစ်တတ်ကြသည်။ ထိုသို့ အကောင်အထည်ဖေါ် လုပ်ခဲ့ကြသည့် လုပ်ငန်း များသည် **ကျေးရွာလုပ်ငန်းစီမံကိန်း (Village Project Plan)** ဖြစ်သည်။

ယခု ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင်လည်း ရပ်မိ/ဖ၊ အုပ်ချုပ်ရေး၊ တောင်သူ၊ စိုက်/မွေးမဟုတ်သော ဝင်ငွေတိုးလုပ်ငန်းလုပ်ကိုင်သူများ၊ အမျိုး သမီးများ၊ လူငယ်များ စသဖြင့် လူတန်းစားပေါင်းစုံ၊ အသက်အရွယ်မျိုးစုံ၊ ကျား၊မ အချိုးညီ ဖွဲ့စည်းသွား မည်ဖြစ်သည်။ ၎င်းအဖွဲ့တို့၏ အကြံဉာဏ်နှင့် ဆွေးနွေးမှုမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များကို မူတည်၍ လုပ်ငန်းများကို ဦးစားပေးရွေးချယ် သွားမည်။ လုပ်ငန်းများကိုလည်း အနည်းဆုံး ၅ နှစ် ဆက်တိုက်လုပ်ဆောင်မည့် လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ်လုပ်ဆောင်ရန် ရေးဆွဲမှတ်တမ်းတင် ထား ရှိသည်။ ဆင်းရဲသားနှင့် အဆင်းရဲဆုံးတို့၏ ထိခိုက်လွယ်မှုများ၊ အမျိုးသမီးများနှင့် လူငယ်များ ၏အခွင့်အရေးနှင့် စွမ်းဆောင်နိုင်မှု၊ ကျေးရွာ၏ အခွင့်အ လမ်းကောင်းများ၊ အလားအလာကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ၊ သဘာဝအရင်းအမြစ်များ၊ လက်ရှိအခြေအနေများ၊ လက်ရှိလူ့စွမ်းအား အရင်းအမြစ်များနှင့်

SAMPLE

လူသားစွမ်းရည်များ တည်ဆောက်ခြင်း စသည်တို့ကို ထည့်သွင်းစဉ်းစားထားပြီး တစ်ရွာလုံးသဘောတူ ရေးဆွဲထားသော စီမံကိန်းသည် **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (Village Development Plan)** ဖြစ်သည်။

## ၁.၂ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲ ရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အ လက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရ သောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြ ထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရခြင်း၏ **ရည်ရွယ်ချက်မှာ-**

**(၁) ကျေးရွာသူရွာသားများကိုယ်တိုင် မိမိတို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို မိမိတို့ကိုယ်တိုင် ရေးဆွဲ နိုင်စေရန်နှင့် ၎င်းတစ်ရွာလုံးသဘောတူ ပါဝင်ရေးဆွဲထားသော ကျေးရွာစီမံကိန်းကို စာအုပ်ဖြင့် စနစ် တကျ မှတ်တမ်းတင်ထားရှိရန်။**

**(၂) ကျေးရွာလူထုအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအား စနစ်တကျ စဉ်ဆက်မပြတ် ဆောက် ရွက်နိုင်ရန် စီမံကိန်းမှတ်တမ်းက လမ်းညွှန်လက်စွဲအဖြစ် အသုံးပြုရန်။**

**(၃) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်းအား အခြေခံပြီး မြို့နယ်အဆင့် အစိုးရဌာနဆိုင်ရာ အဖွဲ့အ စည်းများက ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်နှင့်စီမံကိန်းရေးဆွဲရာတွင် ကျေးရွာ၏ လိုအပ်ချက်များ အတိုင်း ထင်ဟပ်စေမည့် ဦးစားပေး အစီအစဉ်များကို ထည့်သွင်းရေးဆွဲရန်။**

## ၁.၃ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း၏ အသုံးဝင်မှု

### ကျေးရွာအတွက်အသုံးဝင်မှု

ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်ရေးဆွဲထားသော စီမံကိန်းများကို စနစ်တကျ မှတ်တမ်း တင်ထားခြင်းဖြင့် အစိုးရဌာနဆိုင်ရာများ၊ အလှူရှင်များ၊ အစိုးရမဟုတ်သော ဖွံ့ဖြိုးရေးအဖွဲ့များ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ၊ ဘဏ်များ၊ ကုမ္ပဏီများနှင့် အလွယ်တကူ ချိတ်ဆက်နိုင်မည်။

### အစိုးရဌာနများအတွက် အသုံးဝင်မှု

SAMPLE

အစိုးရဌာနများအနေဖြင့် ၎င်းတို့၏ ဌာနအသီးသီးအနေဖြင့် နှစ်စဉ် စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲရာတွင် ကျေးရွာ၏လိုအပ်ချက်များကို ထင်ဟပ်စေမည့် လုပ်ငန်းများကို အခြေခံ၍ ဦးစားပေးစီမံ ကိန်းများ ရေးဆွဲနိုင်မည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆော င်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည် ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒ များ၊ စီမံကိန်းအသစ်များ ရေးဆွဲချမှတ်ရာတွင် မိမိတို့နိုင်ငံအတွင်းရှိ ကျေးရွာများ၏ လိုအပ်ချက်နှင့် အခြေအနေမှန်များကို ထင်ဟပ်စေမည့် မူဝါဒများကို ချမှတ်ရေးဆွဲရာတွင် များစွာ အထောက် အကူဖြစ် စေမည်။

**ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီများအတွက်** အသုံးဝင်မှုများအနေဖြင့် ကျေးရွာ လူထု၏လိုလားချက်နှင့် ၎င်းတို့ ၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူ ဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

**အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူ ရှင် အဖွဲ့အစည်းများသည်** ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ စိတ်ဝင်စားသောလုပ်ငန်းများအတွက် လိုအပ်သော မှန်ကန်သည့် ကိန်း၊ ဂဏန်းအချက်အလက်များကို အဆင်သင့်ရရှိနိုင်ပြီး အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်။

**ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့်** ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

**နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့်** ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

**မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး** ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

**နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များ**ဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး ဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း များနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန် စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင် ပါမည်။

**၁.၄ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် မိမိတို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် တိုင်းနှင့်ပြည်နယ် **၁၇** ခုသတ်မှတ်ခဲ့ပြီး တိုင်းနှင့် ပြည်နယ် တစ်ခုစီတွင် မြို့နယ် ၂ ခုစီ အတွင်းရှိ ကျေးရွာ ၅ ရွာစီ၊ စုစုပေါင်း ကျေးရွာပေါင်း **၁၇၀** တွင် စမ်းသပ်ရေးဆွဲခဲ့ကြပါသည်။ ယခု ၂၀၁၆ ခုနှစ်တွင် မြို့နယ်ပေါင်း **၂၉** မြို့နယ်ကို မြို့နယ်လုံးကျွတ်၊ ကျေးရွာပေါင်း **၅၈၀၀** ကျော်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများကို ရေးဆွဲလျက်ရှိပါသည်။ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် မြန်မာတစ်နိုင်ငံလုံးရှိ ကျေးလက်မြို့နယ်ပေါင်း ၃၀၅ မြို့နယ်ရှိ၊ နိုင်ငံတော် ပြည်ထဲရေးစာရင်းဝင် ကျေးရွာပေါင်း **၆၄၈၉၉** အား တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ကျေးရွာစီမံကိန်းများ ရေးဆွဲပြီးစီးရန် လျာထားဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် သပိတ်ကျင်းမြို့နယ်အနေဖြင့်လည်း ၂၀၁၅ ခုနှစ်တွင် ကျေးရွာပေါင်း **၅** ရွာကို ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲခဲ့ကြပြီး ကျန် **၆၅** ရွာအား ယခု ၂၀၁၆ ခုနှစ် ဒီဇင်ဘာအပြီး ရေးဆွဲလျက်ရှိပါသည်။

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်း လင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ် ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်း များကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်း အနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ ဆယ်ဇင်းကုန်းကျေးရွာသည် သပိတ်ကျင်းမြို့၏ အရှေ့တောင်ဘက် ၁၀ မိုင်ခန့် အကွာအဝေး၊ ဝါးဖြူတောင်ကျေးရွာ၏ တောင်ဘက် တစ်မိုင်ခန့်အကွာဝေး၊ ဝါးဖြူတောင်ကျေးရွာ အုပ်စု၊ အရှေ့လောင်ဂျီတွဒ် ၉၆.၀၇၊ မြောက်လတ်တီတွဒ် ၂၂.၈၅ တွင် တည်ရှိပြီး ဆယ်ဇင်းကုန်း ကျေး ရွာတွင် နွေ၊ မိုး၊ ဆောင်းဟူ၍ ရာသီဥတု သုံးမျိုးရှိပါသည်။ ၂၃ ၁/၂ ဒီဂရီ ဥတ္တရယဉ်စွန်းတန်းနှင့် နီးသောကြောင့် နွေနှင့်ဆောင်း အပူအအေး ကွာဟမှုများသည်။ တစ်နှစ်ပါတ်လုံး ၆၈ ရက်ခန့် မိုးရွာ သွန်းလေ့ရှိပြီး မိုးရေချိန် ၄၆ လက်မမှ ၅၀ လက်မအတွင်းရွာသွန်းလေ့ရှိသည်။ မြေမျက်သွင်ပြင် အနေဖြင့် ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ ခန့်အမြင့်၊ မြေပြန့်နေရာတွင် တည်ရှိပါသည်။ မြေအမျိုးအစားမှာလည်း သဲ၊ ကျောက်မှုံ့နှင့် မြေစေးရောနှောလျက်ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင် သဘာဝ အရင်းအမြစ်များတွင် သဘာဝပေါက်ပင်အနေဖြင့် အင်၊ ထောက်ကြန့်၊ ဝါး၊ တယော်ပင်၊ သစ်ယာ၊ အင်ကြင်း၊ ရှား စသည်တို့ရှိသော်လည်း တဖြည်းဖြည်းရှားပါးလာသဖြင့် လက်လှမ်းမီမှု နည်းပါသည်။ ရရှိနိုင်မှု ခက်ခဲသည်။ သစ်၊ ဝါးအခြေခံကုန်ချော ထုတ်လုပ်ရန် ကျွမ်းကျင်မှုအားနည်းသည်။ အခြားအရင်းအမြစ်များအနေဖြင့် ဆောက်လုပ်ရေး အတွက် အသုံးဝင်သော သဲ၊ ကျောက် ကို အလုံအလောက်ရရှိနိုင်ပြီး ရွှေနှင့်ခဲ အနည်းငယ်ထွက်ရှိသော် လည်း ကျေးရွာလူထုအနေဖြင့် အရင်းအ နှီးနှင့် နည်းပညာအားနည်းသောကြောင့် ထိရောက်သော အကျိုးအမြတ်ကို မရရှိနိုင်ကြပါ။ ၎င်းအပြင် ရွှေထွက်သည့် နေရာများကိုလည်း ပြင်ပကုမ္ပဏီများမှ သိမ်းယူထားသောကြောင့် ကျေးရွာသူ၊ ကျေးရွာ သားများအနေဖြင့် ၎င်းရွှေတွင်းများတွင် နေ့စားအနေ ဖြင့် လုပ်အားခနည်းနည်းဖြင့် ပင်ပန်းစွာ သွားရောက် အလုပ်လုပ်ကိုင်ကြရသည်။ ဒေသခံများအနေဖြင့် ကိုယ်ပိုင်လုပ်ကိုင်လိုသော်လည်း အရင်းအနှီးနည်းပါးခြင်းနှင့် အဆက်အသွယ်မရှိခြင်းကြောင့် လုပ်ကိုင် နိုင်ခြင်းမရှိပါ။ သဘာဝတောရိုင်းတိရစ္ဆာန်များအနေဖြင့် မျောက်၊ ယုန်၊ ဂျီ၊ တော ဝက်၊ ငါးနှင့် ငှက်မျိုးစုံ တွေ့ရှိနိုင်သော်လည်း ရရှိနိုင်မှု၊ လက်လှမ်းမီမှု နည်းသည်။ သဘာဝ ဆေးဖက်ဝင် အပင်အနေဖြင့် ဝံအူမြစ်၊ သရင်းကြီးမြစ်၊ ဆင်တုံးမနွယ်၊ ရှဉ့်မတက် စသည်တို့ အလုံအလောက် ထွက်ရှိ သော်လည်း ၎င်းသဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ဗဟုသုတနှင့်နည်းပညာ အားနည်း နေကြပါသည်။ ရွာ၏အရှေ့မြောက်ဖက် ၁ ဖာလုံခန့်အကွာအဝေးတွင် ရှေးဟောင်းဘုရားရှိသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

SAMPLE

ကျွန်တော်တို့ ဆယ်ဇင်းကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၈၁) မှ လူဦးရေပေါင်း (၂၃၅၂) ( က ၁၂၀၂ + မ ၁၁၅၀) ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၄.၉) ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ် အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွါးမှု ၅ ယောက်နှုန်းထက် အနည်းငယ်သာလျော့နည်း လျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ်လူဦးရေမှာ ၁၄၃၉ ဦး (၆၁.၂ %) ရှိပြီး၊ မှီခိုသူဦးရေမှာ ၉၁၃ ဦး (၃၈.၈ %) သာရှိသောကြောင့် ကျေးရွာ၏ အလုပ်လုပ်နိုင်သောအရွယ် လူဦးရေမှာ အသင့်အတင့်ရှိသည်ကို တွေ့ရပါသည်။ ၎င်းအလုပ်လုပ်နိုင်သော သူများကို အသက်မွေးဝမ်း ကြောင်း ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ်တွင် အမျိုး သား အလုပ်လုပ်နိုင်သော လူဦးရေမှာ အမျိုးသမီးဦးရေထက် ၄၉ ဦး၊ ၃.၄ ရာခိုင်နှုန်း ပိုများသည် ကို လည်း တွေ့ရပါသည်။ တစ်နှစ်အောက်လူဦးရေမှာ ၂၁ ဦး (၂ ရာခိုင်နှုံး) သာ ရှိသဖြင့် လူဦးရေ မွေးဖွါးနှုံး နည်းသည်ကိုတွေ့ရသည်။ တစ်နှစ်နှင့် ၅ နှစ်အောက် လူဦးရေ ၁၆၃ ယောက် (၇ ရာခိုင်နှုန်း) ရှိသဖြင့် ၅ နှစ်အောက် ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို အတိအကျ သိရှိနိုင်သည်။ မူလတန်း နှင့် အလယ် တန်းကျောင်းနေအရွယ်လူဦးရေကိုလည်း သိရှိရသောကြောင့် ကျောင်းနေအရွယ်ကလေး တိုင်း ကျောင်း နေနိုင်ခြင်း ရှိမရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ်ပါသည်။ ၆၀ နှစ်နှင့်အထက် သက်ကြီး ရွယ် ကြီး ၁၂၃ ယောက် (၅.၂ ရာခိုင်နှုံး) ရှိသဖြင့် ကျန်းမာ ရေးအခြေအနေ အသင့်အတင့်ရှိကြောင်း ခန့်မှန်း သိရှိနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာ၏ အဓိက အသက်မွေးဝမ်းလုပ်ငန်းမှာ ရွှေလုပ်ငန်းဖြစ်သော်လည်း ကျေးရွာရှိ အိမ်ခြေ စုစုပေါင်း (၄၈၁) အနက် အများစုဖြစ်သောအိမ်ခြေ (၄၀၀) မှာ ရွှေတွင်းများတွင် နေ့စားအလုပ်သမား အနေဖြင့် သွားရောက်လုပ်ကိုင်ကြရပြီး ရွှေအရောင်းအဝယ်လုပ်ကိုင်နိုင်သူမှာ ၃ ဦးသာရှိသည်။ စိုက် ပျိုးရေးကို အဓိကလုပ်ကိုင်သူ (၄၀) အိမ်ထောင်စု၊ ကျွမ်းကျင်လုပ်ငန်းအဓိက လုပ်ကိုင်သူ အပ်ချုပ် (၂) ဦး၊ ဆံပင်ညှပ် ၁ ဦး၊ နတ်ကတော် ၁ ဦး၊ အင်ဂျင်နီယာလခစား ၁ ဦး၊ ဈေးအရောင်းအဝယ် ၂၀ ဦး၊ ကဖေး နှင့် အရက်ဆိုင် ၈ အိမ်ထောင်စု၊ ရဲနှင့် အုပ်ချုပ်ရေး ၂ ဦး၊ အရပ်လက်သည် ၁ ဦး၊ ဆောင်း ဘောက်နှင့် စတူဒီယို အငှါးလိုက်သူ ၁ ဦးရှိသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသား စုဝင် လုပ်အားမှာ ၁၀၀၃ ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေဖြင့် ၂ ယောက်နှုံး အလုပ်လုပ်နေ ကြရသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောအရွယ် ၁၄၃၉ ရှိသော်လည်း အလုပ်လုပ်နေသူ ၁၀၀၃ ဦး၊ အထက်တန်းကျောင်းနေ ၅၁ ဦး၊ တက္ကသိုလ် ကျောင်းတက်နေသူ ၂၁ ဦး၊ စုစုပေါင်း ၁၀၇၅ သာ ရှိသေး သဖြင့် ကျန် အလုပ်လုပ်နိုင်သောအရွယ် ၃၆၄ မှာ အလုပ်လက်မဲ့/ အလုပ်မရှိကြောင်းတွေ့ရသည်။ တွဲဖက်လုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး တွဲဖက် လုပ်ကိုင်သူ ၅ ဦး၊ မွေးမြူရေးတွဲဖက်လုပ်ကိုင်သူ ၃၉ ဦး၊ ရွှေတွင်းများတွင် အလုပ်သမားအနေဖြင့် နေ့စားသွားရောက် လုပ်ကိုင်သူ ဆင်းရဲသားတောင်သူ ၂၄ ဦး၊ ယက္ကန်းယက်လုပ်သူ ၂ ဦး၊ ပန်းဘဲ ၂ ဦး၊ ကျွမ်းကျင်လုပ်ငန်း လုပ်ကိုင်သူ ၆ ဦး၊ ဈေးဆိုင် ၂ ဦး၊ ကားမောင်းတွဲဖက်လုပ်ကိုင်သူ ၂ ဦး၊ ကျောင်းဆရာမ တွဲဖက် လုပ်ကိုင်သူ ၄ ဦး၊ သူနာပြု ၁ ဦး၊ စတူဒီယို အငှါးလိုက်တွဲဖက်လုပ်ကိုင်သူ ၁ ဦး၊ စုစုပေါင်း တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ အရေအတွက် ၈၈ ခုတွေ့ရသဖြင့် ဆင်းရဲသားမိသားစုများနှင့် အဆင်ပြေမိသားစု ၈၈ အိမ်ထောင်မှာ လုပ်ငန်းတစ်မျိုးထက်ပို၍ (သို့မဟုတ်) လူတစ်ဦးတည်းက ဝင်ငွေရလုပ်ငန်းများကို လုပ်ငန်းတစ်မျိုးထက်ပို၍ တွဲဖက်လုပ်ငန်းအနေဖြင့် အလုပ်လုပ်နေကြရ သည်ကိုလည်း တွေ့ရသည်။

ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၅ မျိုးရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏အများဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၅၀၀ ကျပ် ဖြစ်ပါသည်။

ရွှေတူးလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၆၀၀၀ ကျပ် နှင့် အနည်းဆုံးလုပ်ခ မှာ ၅၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏ အများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံး လုပ်ခမှာ ၃၅၀၀ ကျပ် ဖြစ်ပါသည်။

SAMPLE

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၇ဝဝဝ ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ ၆ဝဝဝ ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ ၄ဝဝဝ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၅ဝဝ ကျပ် ဖြစ်ပါသည်။

လက်လီလက်ကား ရောင်းဝယ်ရေးလုပ်ငန်းများတွင် အမျိုးသားများ၏ အများဆုံးလုပ်ခမှာ ၃၅ဝဝ ကျပ်နှင့် အနည်းဆုံးလုပ်ခမှာ ၂၇ဝဝ ကျပ်ဖြစ်သည်။ အမျိုးသမီးများ၏ အများဆုံးလုပ်ခမှာ ၄ဝဝဝ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၅ဝဝ ကျပ် ဖြစ်ပါသည်။

ကျွမ်းကျင်ပညာရှင် လုပ်ငန်းများတွင် လခစားအနေဖြင့် လုပ်ကိုင်ကြရပြီး စားရိတ်ငြိမ်း နေ့စား အနေဖြငင့် တွက်ကြည့်ပါက ၂၂ဝဝဝ ကျပ် (လခ ၅ဝဝဝဝဝ ကျပ်) ရရှိသည်။

ဤလုပ်ငန်းအားလုံးတွင် အလုပ်ချိန်နှင့် လုပ်အားစိုက်ထုတ်မှု၊ ပင်ပန်းမှုချင်းတူသော်လည်း လုပ်အားခအနေဖြင့် ကျား/မ ခွဲခြားမှု၊ မမျှတမှုရှိသည်ကို တွေ့ရသည်။

ကျေးရွာတွင် မြေယာမဲ့ ၃၈၈ အိမ်ထောင်စု (၈ဝ.၇%) ၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ ၁၈ အိမ်ထောင်စု (၃.၇ %)၊ ၂.၅ ဧကနှင့် ၅ ဧကအကြားပိုင်ဆိုင်သူ တောင်သူငယ် ၂၈ အိမ်ထောင်စု (၅.၈%)၊ ၅ ဧကနှင့် ၁၂.၅ ဧကအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၂၈ အိမ်ထောင် (၅.၈%) နှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၁၉ အိမ် (၄%) ရှိသည်ကို တွေ့ရသည်။ တောင်သူကြီး အရေအတွက်မှာ ၁၉ အိမ် (၄%) သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို ၄င်းလူနည်း စုမှ ပိုင်ဆိုင်နေကြောင်းတွေ့ရသည်။ ကျန်မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် မိသား စုများမှ ၄င်းတောင်သူကြီးများ၏ စိုက်ပျိုးမြေများတွင် နေ့စား အငှါးလုပ်ကိုင်ကြရသည်။

ကျေးရွာတွင် ပုဂ္ဂလိကပိုင် လက်တွန်းထွန်စက် ၂ စင်းသာရှိပြီး အငှားလိုက်ခြင်းမရှိပါ။ ရေစုပ်စက် ၆၄ ခုကိုလည်း ကိုယ်ပိုင် စိုက်ခင်းနငင့် တစ်ပိုင်တစ်နိုင်ရှေလုပ်ငန်းအတွက် အသုံးပြုကြသည်။ အငှါးသုံးလေ့ မရှိကြပါ။ မြက်ရိတ်စက် ၅ ခုသာ ရှိပြီး ၄င်း လယ်ယာသုံးစက်ကရိယာများကိုလည်း တောင်သူကြီးများမှသာ ပိုင်ဆိုင်ကြသည်။ ကျန် ဆင်းရဲသား တောင်သူနှင့် တောင်သူငယ်များမှ ငှါးရမ်း အသုံးပြုကြရသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာ၏ ဥစ္စာဓနအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကရိယာ ပိုင် ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာ၏ ဥစ္စာဓနအဆင့်ကို အဆင့် ၄ ဆင့် သတ်မှတ်ထားသော်လည်း ကျေးရွာ၏ စီးပွါး ရေးအခြေအနေအရ အဆင့် ၃ ဆင့်သာ ရှိသည်ကို တွေ့ရသည်။ အလယ်အလတ်အဆင့် အိမ်ထောင်စု ၃၂ အိမ် (၆.၇ %)၊ ဆင်းရဲသော အိမ်ထောင်စု ၃၉၈ အိမ် (၈၂.၇ %)နှင့် အဆင်းရဲဆုံး အိမ် ထောင်စု ၅၁ အိမ် (၁ဝ.၆ %) ရှိသည်။ ထို့ကြောင့် အလယ်အလတ်အဆင့် ၃၂ အိမ် (၆.၇ %) သာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန် ဆင်းရဲသားအိမ်ထောင်စု ၃၉၈ အိမ် (၈၂.၇ %) နှင့် အဆင်းရဲဆုံးအိမ်ထောင်စု ၅၁ အိမ် (၁ဝ.၆ %) သည် တစ်နှစ်ပါတ်လုံး ဝမ်းစာ ဖူလုံမှု မရှိကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှု မရှိသော အိမ်ထောင်စုပေါင်း ၄၄၉ အိမ် (၉၃.၃ %) မှာ အလယ်အလတ်အိမ်ထောင်စုများတွင် နေ့စား အငှါးလုပ်ကိုင်ကြရသော်လည်း အလုပ်ပုံမှန်မရကြဘဲ နေ့စားခမှာလည်း နည်းကြသည်။ ပိုင်ဆိုင်ပစ္စည်း အနေဖြင့်လည်း မျှတမှု မရှိကြောင်းတွေ့ရသည်။ အလယ်အလတ်လူတန်းစားမှာ ၃၂ အိမ်ရှိပြီး အိမ် ထောင်စု အရေအတွက်အားဖြင့် နည်းသော်လည်း ပိုင်ဆိုင်မှုတွင် များစွာပိုင်ဆိုင်သည်ကို တွေ့ရသည်။ ကျန်ဆင်းရဲနှင့် အဆင်းရဲဆုံးအိမ်ထောင်စုများမှာ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှု အလွန်နည်း ပြီး မြေယာမဲ့ ကျပမ်းများ၊ ဆင်းရဲသားတောင်သူ များနှင့် တောင်သူငယ်များဖြစ်သည်ကို တွေ့ကြရ သည်။

ကျေးရွာတွင် အဆင့် ၃ မိသားစု၏ ၃ဝ % (၁၁၉) အိမ်နှင့် အဆငင့် ၄ မိသားစု ၏ ၃ဝ % (၁၅) အိမ်၊ စုစုပေါင်း ၁၃၄ အိမ်ထောင်စုအား စီစစ်ကြည့ငင့်ရာတွင် ကျေးရွာတွင် ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများမှာ ၃ လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၁၁ အိမ် (၈%) ရှိပြီး လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီး ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ၄င်းမိသားစုများမှာ ငွေနှင့် ရိက္ခာတို့ကို အတိုးနှုံးကြီးစွာဖြင့် ချေးယူကြရပြီး လုပ်အားဖြင့် ပြန်လည်ပေးဆပ်ကြရသည်။ ၃ လနှင့် ၆ လအကြား ဝမ်းစာဖူလုံသူ ၁၆ အိမ်ထောင် (၁၂%) ရှိပြီး ငွေနှင့် ရိက္ခာကို

SAMPLE

အပေါင်ခံ ပစ္စည်းအဖြစ် အိမ်ခြံမြေ (သို့မဟုတ်) ရေစုပ်စက် (သို့မဟုတ်) ဆိုင်ကယ်/ရွှေထည် စသဖြင့် ပေးထားရပြီး အတိုးနှုန်း အနေဖြင့် အနည်းဆုံး ၇% မှ ၂၀% အထိပေးရပြီး မူလရွှေထည် ဝယ်ယူသောဆိုင်မှ ချေးယူပါက ၃% ဖြင့် ချေးယူကြရပြီး အမြန်ပြန်ဆပ်ကြရသည်။ ၆ လမှ ၁၂ လအကြားဝမ်းစာဖူလုံသူ ၁၀၇ အိမ်ထောင်မှာ ဆွေမျိုး၊ မိတ်ဆွေထံမှ ချေးယူကြရပြီး အတိုးမပေးရပါ။ လိုသလောက်ချေးငှါးနိုင်ခြင်းမရှိကြပါ။

ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်အထက် ၂၉ ဦး (က ၁၃ + မ ၁၆) ဦးရှိသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် ၂ ဦး (က ၁ + မ ၁) ရှိသည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီးဦးဆောင်အိမ်ထောင်စု ၃၈ အိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို ဦးဆောင်အိမ်ထောင်စု ၁၂ အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု ၁၂ ရှိကြပြီး ၎င်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။ ၎င်းတို့ တခါတရံ ကျန်းမာရေးမကောင်းပါက အုပ်ချုပ်ရေးမှူးထံအကြောင်း ကြားပြီး ရပ်ရွာအတွင်း အလှူငွေကောက်ခံ ထောက်ပံ့ပြုစုကြရသည်။ ရိက္ခာပြတ်လပ်ပါက ရပ်ဆွေ ရပ်မျိုးနှင့် အိမ်နီးချင်းများမှ ကူညီပေးကြရသည်။

ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် သဘာဝအရင်းအမြစ်ရှားပါးမှု၊ မြေပြို ခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲ စသည်တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ စိုက်ပျိုးရေ ရရှိနိုင်ခြင်း မရှိကြပါ။ ရွှေတွင်းလုပ်ငန်းများ လုပ်ကိုင်နေကြသဖြင့်လည်း မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းခြင်းများ ရှိပါသည်။ သစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် မီးသွေးထုတ်လုပ်ခြင်းကြောင့်လည်း သစ်တောပြုန်းတီးမှု ရှိသည်။ တီဘီရောဂါသည်လည်း အသက်ရှူလမ်းကြောင်းနှင့် လူ့အသုံးအဆောင် များကို အတူတကွကိုင်တွယ်သုံးစွဲခြင်းမှတဆင့် ကူးစက်တတ်သောကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသည့်ဒေသများသို့ သွားရောက်ရွှေ့ပြောင်း လုပ် ကိုင်ကြသည့် ဆင်းရဲသားများအနေဖြင့်လည်း အစား၊ အနေအထိုင်အခက်အခဲရှိခြင်း၊ အနိုင်ကျင့်ခံရ ခြင်း၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ မတော်တ ဆ ထိခိုက်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်နိုင်မှုမြင့်သည်။ စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ပုံမှန် မရှိခြင်းနှင့် လုပ်အားခ နည်းသောကြောင့် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။ ငလျင်နှင့် ငှက်ဖျားဖုံအတွင်း တည်ရှိသောကြောင့်လည်း ငလျင်နှင့်ငှက်ဖျားရောဂါသည် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ မီးဘေးမှာ လည်း အချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ ကျန် ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ဆားငန် ရေဝင်ရောက်မှု၊ ပြည်တွင် ပဋိပက္ခ၊ တိရစ္ဆာကူး စက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှုတို့တွင် ထိခိုက်လွယ်မှု နိမ့်သည်။

ထိခိုက်သက်ရာက်လွယ်မှု ခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင် သည့် အိမ်ထောင်စု၊ လက်လုပ်လက်စား ကျပန်းများ၊ ရွှေတွင်းလုပ်သားများ၊ ဆေးစွဲသူများ၊ လှည့်လည် သွားလာ၍ ဈေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကားသမားများသည် ထိခိုက်လွယ်မှု မြင့်သည်။ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင် ရှာဖွေရသူများဖြစ်သဖြင့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ မိသားစုနှင့် အဝေးတွင် သွားရောက် အလုပ်လုပ်ကိုင်ကြရသောကြောင့် ကူးစက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ အနိုင်ကျင့်ခံရနိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ ဆိုင်ကယ် အသုံးပြုများသဖြင့် ယဉ်တိုက်မှု မတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စား ကျပန်းအိမ်ထောင်စု များမှာလည်း အမျိုးသမီးများ၏ လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရှိခြင်း၊ မိသား စုများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ရွှေတွင်းလုပ်သားများအနေဖြင့်လည်း ခြင်ပေါသော ဒေသများတွင် သွားရောက်လုပ်ကိုင်ရခြင်းကြောင့် ငှက်ဖျားနှင့် အခြားရောဂါများ ဖြစ်ပွါးနိုင်ခြေများ ခြင်း၊ လုပ်ငန်းခွင်အန္တရာယ်များခြင်းတို့ကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ဆေးစွဲသူများအနေဖြင့်လည်း ဝင်ငွေနည်းပါးခြင်း၊ ဆေးဖိုးကုန်ကျစရိတ်များခြင်း၊ ဆေးထိုးအပ်မှတဆင့် ကူးစက်ရောဂါများ အလွယ် တကူ ကူးစက်နိုင်ခြင်း၊ ဆေးဝါးသုံးစွဲသူများ ရာဇဝတ်မှုကို အလွယ်တကူ ချိုးဖေါက်မှု ဖြစ်ပေါ် နိုင်ခြင်း တို့ကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ လှည့်လည်သွားလာ၍ ဈေးရောင်းသူများနှင့် ကားသမားများမှာ လည်း

SAMPLE

ယဉ်အန္တာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊ မနိုင်ဝန်များဖြင့် နေ့စဉ်သွားလာနေရခြင်းတို့ ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ကျန်လူအုပ်စုများအနေဖြင့် ထိခိုက်လွယ်မှု နိမ့်သည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အစားအစာ ကို အနည်းဆုံး အကြွေးဝယ်ယူစားသောက်နိုင်ကြသော်လည်း အာဟာရပြည့်ဝအောင် မစားတတ်ကြပါ။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ်ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်းတွေ့ရသည်။ ကျေးရွာတွင် အဖြစ်များသော ရောဂါများမှာ သွေးလွန်တုတ်ကွေး၊ ဝမ်းပျက် ဝမ်းလျှော၊ ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ အသည်းရော ဂါ (ဘီပိုး၊ စီပိုး) တို့သည် ပျံ့နှံ့မှုနှင့် ဖြစ်ပွါး မှုမြင့်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ သောက်ရေ မသန့်ရှင်းမှုနှင့် တကိုယ်ရေ သန့်ရှင်းမှု နည်းသော ကြောင့်ဖြစ်သည်။ သွေးလွန်တုတ်ကွေးနှင့် ငှက်ဖျားရောဂါမှာ ခြင်များ ပေါက်ပွါးမှု အဆမတန်များသော ကြောင့် ဖြစ်သည်။ နေ့စဉ်စားသုံးနေရသော အစားအစာများ သန့်ရှင်းမှု နည်းပါးခြင်း၊ စားသုံးဆီများ မသန့်ခြင်း၊ ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲထားသော ဟင်းသီး ဟင်းရွက်များကို နေ့စဉ်ဝယ်ယူစားသုံးရခြင်း၊ ကြာရှည်ခံဆေးများအသုံးပြုထားသော အသားငါး၊ အစို အခြောက်များကို စားသုံးနေကြရခြင်း၊ သဘာဝမဟုတ်သော ကြီးထွားမြန် အသားငါးများကို နေ့စဉ် မဖြစ်မနေ ဝယ်ယူ စားသုံးနေကြရခြင်း၊ ဈေးကွက်အတွင်း ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အသီးမှည့်ဆေး၊ ပော်မုန်း အ လွန်အကျွံ သုံးစွဲထားသော သစ်သီးဝလံများကို ရောင်းချနေခြင်း၊ နေ့စဉ်ဝယ်ယူစားသုံးနေရခြင်း၊ ၄င်းအ စားအစာ များကိုလည်း အစိုးရမှ စနစ်တကျကြီးကြပ်၊ စီစစ်မှုမရှိခြင်း၊ ဟင်းချိုမှုံ၊ ကြက်သားမှုံ့ များကို အလွန်အကျွံသုံးစွဲခြင်း၊ ဆိုးဆေး၊ ချွတ်ဆေး၊ ပွဆေးပါသော မုံနှင့် သရည်စာများကို ရောင်းချခြင်း၊ မဖြစ်မနေ ဝယ်ယူစားသုံးနေရခြင်း၊ ဆင်းရဲသားများ ကျန်းမာရေး ဗဟုသုတနည်းခြင်း၊ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်သည့် အလေ့အထမရှိခြင်း၊ လေ့ကျင့်ခန်းလုပ်ရန် ကျန်းမာရေးပစ္စည်းကရိယာ မရှိခြင်း တို့ကြောင့် ဆီးချို၊ သွေးတိုးရောဂါမှာ ဖြစ်ပွါးမှု မြင့်သည်။ တီဘီ၊ အသည်းရောဂါ (ဘီပိုး၊ စီပိုး) မှာလည်း ဖြစ်ပွါးမှုမြင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းရောဂါများသည် အသက်ရှုလမ်းကြောင်းမှ တဆင့် ကူးစက်ခြင်း၊ နေ့စဉ်လူ့အသုံးအဆောင်များနှင့် ထိတွေ့ရာမှတဆင့် ကူးစက်ခြင်းကြောင့် ဖြစ်သည်။ လိင်မှတဆင့် ကူးစက်သော ရောဂါများမှာ ဖြစ်ပွါးနိုင်မှု နိမ့်သည်။ ၄င်းရောဂါများမှာ အခြား ဒေသသို့ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကြရသောကြောင့် ကူးစက်ခံရနိုင်သည်။ အများစုမှာ ဆင်းရဲ သားများ ဖြစ်သောကြောင့် အာဟာရချို့တဲ့မှုမှာလည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့သော်နိမ့်သည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာတွင် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုအနေဖြင့် ရွှေတွင်းအလုပ်သမား လုပ်ကိုင်သူ အိမ်ထောင်စု ၄၀၀၊ စက်ချုပ် ၂ ဦး၊ အလှပြင် ၁ ဦး၊ နတ်ကတော် ၁ ဦး၊ ဈေးရောင်း ၂၂ ဦး၊ ကဖေးနှင့် အရက်ဆိုင် ၈ ဆိုင်၊ ကားမောင်း ၂ ဦး၊ ကျောင်းဆရာမ ၄ ဦး၊ သူနာပြု ၁ ဦး၊ အရပ်လက်သည် ၁ ဦး၊ စတူဒီယိုလုပ်ကိုင်သူ ၁ ဦး ရှိသော်လည်း စက်ချုပ်၊ အလှပြင်စသည့် လုပ်ငန်းများတွင် လက်ရှိ ကျွမ်းကျင်မှုနည်းပါးခြင်း၊ ခေတ်မီပစ္စည်းကရိယာ မပြည့်စုံခြင်း၊ ဝင်ငွေနှင့် အလုပ်အကိုင် ပုံမှန်မရှိခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ အလုပ်အားခနည်းခြင်းနှင့် အရင်းအနှီးနည်းပါးခြင်း တို့ ကြောင့် အသက်မွေးဝမ်းလုပ်ငန်းများမှ ဝင်ငွေနည်းသည်။

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် အသင့်အတင့်အနေအထာတွင် ရှိနေသေးကြောင်း တွေ့ရှိရပါသည်။ ၉ နှစ်အထက် ရွာသူ/သား (၁၈၈၉) ဦးအနက် စာမတတ်သူ ၁၃၀ ဦး (၇%)၊ ဘုန်းကြီးကျောင်းသင် ပညာရေးတတ်မြောက်သူ ၁၉၆ ဦး (၁၀%) နှင့် မူလတန်းပညာရေး မပြီးဆုံးသူ ၅၆၉ ဦး (၃၀%) ရှိနေသည်ကို တွေ့ရသည်။ အများစု (၉၉၀ ဦး) (၅၂.၅%) သည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်အနေဖြင့် အလွန်နည်းသေးပြီး ၂၁ ဦး ( ၁%) သာ ရှိသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအရ ကျားမ ခွဲခြားဆက်ဆံမှုအနေဖြင့် ကြီး မားသော ပြဿနာများ၊ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံ ခြင်းကိစ္စများ

SAMPLE

မတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် အခွင့်အရေးတူညီစွာ ရရှိ သည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာအတွင်း လူမှုအဖွဲ့အစည်းများဖွဲ့စည်းရာတွင် အမျိုးသမီးများ ထည့်သွင်းဖွဲ့စည်းလေ့မရှိခြင်း၊ အနည်းအကျဉ်းပါသောအခါလည်း အရေးပါသော ဆုံး ဖြတ်ချက်ချနိုင်သော ရာထူး၊ နေရာပေးလေ့မရှိခြင်း၊ အမျိုးသားနှင့် အမျိုးသမီးများမှာ လုပ်ငန်းအမျိုးအ စား၊ အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်ရမှု တူသော်လည်း လုပ်အားခတွင် တန်းတူမရရှိခြင်း၊ ယဉ် ကျေးမှု၊ ဓလေ့ ထုံးစံများအရ သားယော□ကျ်ားလေးကိုသာ ပညာရေးတွင် ဦးစားပေးခြင်း၊ အများစုမှာ အမျိုးသမီးများကို အလယ်တန်းအဆင့်အထိ၊ အခြေခံအရေး၊အဖတ်၊အတွက် တတ်မြောက်ရုံသာ ပညာသင်ကြားပေးလေ့ ရှိခြင်းတို့ ရှိနေသေးသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း ၁၉ ဖွဲ့ရှိသည်။ ၄င်းတို့အနက် စီးပွါးရေးကို အခြေခံသောအဖွဲ့ ၂ ဖွဲ့၊ လူမှုရေးကို အခြေခံသောအဖွဲ့ ၁၃ ဖွဲ့ရှိပြီး ဘာသာရေးကို အခြေခံသောအဖွဲ့ ၄ ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့ဝင် အရေအတွက်ကို လေ့လာကြည့်ရာတွင် ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် မူဝါဒအရဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့မှလွဲ၍ ကျန်အဖွဲ့များ ဖွဲ့စည်းရာ တွင် အမျိုးသမီးများ ပါဝင်ခွင့် အလွန်နည်း (သို့မဟုတ်) လုံးဝမပါသည်ကို တွေ့ရသည်။

၄င်းအဖွဲ့ ၁၉ ဖွဲ့အနက် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့မှာ ၁၀ ဖွဲ့ရှိပြီး ကျန်၉ ဖွဲ့မှာ ပြင်ပမှ မူအရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။ ၄င်းအဖွဲ့များကို လေ့လာရာ တွင်လည်း ကျေးရွာလူထုမှ ကျေးရွာ၏လိုအပ်ချက်အရ လူထုကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့များသာ ရည်ရှည်/ ကြာရှည် ရပ်တည်လေ့ရှိပြီး အဖွဲ့သားအချင်းချင်းအကြား အပြန်အလှန် ယုံကြည်မှု အပြည့် အဝရှိကြသည်။ တာဝန်ယူမှု တာဝန်ခံမှု အပြည့်အဝရှိကြသည်။ အထူးလုံ့ဆော်ရန်မလိုအပ်ဘဲ စည်းလုံး မှု၊ တက်ကြွမှု အပြည့်အဝရှိသည်ကို တွေ့ကြရသည်။ ပြင်ပမှ ဦးဆောင်လာရောက်ဖွဲ့စည်းသော အဖွဲ့များမှာ ရေရှည်ခံလေ့မရှိဘဲ လုပ်ငန်းပြီးပါက ပျောက်ကွယ်သွားလေ့ရှိသည်။ အပြန်အလှန်ယုံကြည် မှု အားနည်း/ မရှိ။ အမြင်ကြည်လင်မှု၊ ပွင့်လင်းမြင်သာမှု မရှိကြ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်း၊ စည်းလုံးမှု တက်ကြွမှု အားနည်းသည်တို့ကိုလည်း တွေ့ရသည်။

၄င်းအဖွဲ့အစည်း ၁၉ ဖွဲ့စလုံးသည်လည်း အစဉ်အလာအရ ဖွဲ့စည်းပြီး ဆောင်ရွက်နေကြသော် လည်း အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည် အားနည်းနေသေးသည်ကိုတွေ့ကြရသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အ စည်းများသော်လည်း အဖွဲ့အစည်း အချင်းချင်းလည်း ချိတ်ဆက်မှု လုံးဝမရှိကြပါ။ ဦးဆောင်မှု စွမ်းရည်လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံနေ့ခွဲမှု၊ မှတ်တမ်းနှင့် စာရင်း ဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု စသည့် စွမ်းဆောင်ရည်မြှင့်ရေး သင်တန်းများ ရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ် ချုပ်မှုများ တိုးတက် ကောင်းမွန်လာမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ ၄၅ ဧက၊ တောင်ယာမြေ ၇၀၈.၅၆ ဧက၊ ဥယျာဉ်ခြံ မြေ ၆၇ ဧကနှင့် နှစ်ရှည်သီးနှံစိုက်ခင်း ၅ ဧက၊ စုစုပေါင်းစိုက်ပျိုးမြေ ၈၂၅.၅၆ ဧကရှိသည်။ စိုက်ပျိုးမြေ အားလုံး၏ မြေအရည်အသွေးမှာညံ့ပြီး ဆည်မရှိသောကြောင့်လည်း စိုက်ပျိုးမြေအားလုံးမှာ နှစ်စဉ်မိုး ရေကိုသာ အားကိုးစိုက်ပျိုးကြရသည်။ ထို့ကြောင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံအောင်ရေမရ၊ လိုအပ်သလို ရေသွင်းစိုက်ပျိုးနိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံ အထွက်နှုန်းနည်း သည်။ ဆည်ကြီးရိုးချောင်းနှင့် နီးသော ယာမြေများတွင် စက်ဖြင့် ရေတင်စိုက်ပျိုးကြသော်လည်း ချောင်း နှင့် ဝေးသောယာမြေများတွင် စက်အငှားစီစီတွင်း/ ဆိုလာဖြင့် ရေတင်စိုက်ပျိုးနိုင်ပါက သီးနှံ အထွက်တိုးလာမည်။ ဆည်ကြီးရိုးချောင်းကို ဆည်မြောင်းဆောက်လုပ်နိုင်ပါက စိုက်ပျိုးရေး အတွက် အလားအလာအထူးကောင်းမွန်လာမည်။ နှစ်ရှည်ဥယျာဉ်စိုက်ပျိုးရန် ရေမြေရာသီဥတု သင့်လျော် သော်လည်း

အရင်းအနှီးနှင့် နည်းပညာအတွေ့အကြုံနည်းသည်။ စိုက်ပျိုးမြေ ၈၂၅ ဧကအနက် ဧက ၂၀၀ ကျော်သာ စိုက်ပျိုးမြေ ပုံစံ ၇ ရှိပြီး ကျန် ဧက ၆၀၀ ကျော်မှာ တောင်သူများမှ လျှောက်ထား သောလည်း မြေစရင်းဌာနမှ အချိန်မီ ကွင်းဆင်းဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့် ပုံစံ ၇ ရရှိနိုင် ခြင်း မရှိသေးပါ။ ဧက ၁၀၀ ကျော်မှာ ရွှေပြည်သာကုမ္ပဏီမှ လျော်ကြေးငွေမရဘဲ အသိမ်းခံခဲ့ကြရသည်။

ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ ပဲစဉ်းငုံ၊ မြေပဲ၊ စပါးနှင့် ပဲတီစိမ်းဖြစ်သည်။ ပဲစဉ်းငုံကို သီးသန့်စိုက်ပျိုးခြင်းမရှိဘဲ မြေပဲနှင့် သီးညှပ်စိုက်ပျိုးကြသည်။ ပဲစဉ်းငုံ စိုက်ပျိုးမြေဧကစုစုပေါင်းမှ ၄၈၂ ဧကဖြစ်ပြီး ဇွန်လတွင် စတင်စိုက်ပျိုးကာ ဖေဖော်ဝါရီ၊ မတ်လ တွင် ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုံးမှာ အများဆုံး ၁၅ တင်းမှ အနည်းဆုံး ၁၀ တင်း၊ တဧက ပျမ်းမျှ ထွက်နှုံးမှာ ၁၂.၅ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့်အတင့်ဖြစ်သည်။ မိုးမြေပဲစိုက်ပျိုးမြေ စုစုပေါင်း ၁၃၀ ဧက ရှိပြီး ဇွန်လတွင် စတင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းသည်။ ဆောင်းမြေပဲကို ပြောင်းဖူးနှင့် သီးညှပ်စိုက်ပျိုးလေ့ ရှိပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးသည်။ ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြရသည်။ သီးနှံထွက်နှုံးမှာ အနည်းဆုံး ၁၅ တင်းမှ အများ ဆုံး ၂၀ တင်းထွက်သည်။ ပျမ်းမျှတစ်ဧကလျင် ၁၇.၅ တင်းနှုံထွက်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်နည်းသည်။ စပါးစိုက်လယ် ၄၅ ဧက ရှိပြီး ဇွန်၊ ဇူလိုင်လတွင် စတင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းသည်။ သီးနှံအထွက်နှုံးမှာ အနည်းဆုံး ၅၀ တင်းမှ အများဆုံး ၈၀ တင်းနှုံး၊ ပျမ်းမျှ ၆၅ တင်းနှုံးသာထွက်သောကြောင့် အထွက်နှုံးနည်းသည်။ အကျိုး အမြတ်နည်းသည်။ ပဲတီစိမ်း စိုက်ပျိုးမြေ စုစုပေါင်း ၃၅ ဧက ရှိပြီး ဇွန်၊ တွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းသည်။ သီးနှံထွက်နှုံးမှာ အနည်းဆုံး ၁၅ တင်းမှ အများဆုံး ၂၀ တင်းထွက်သည်။ ပျမ်းမျှတစ်ဧကလျင် ၁၇.၅ တင်းနှုံထွက်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သော ကြောင့် အကျိုးအမြတ်နည်းသည်။ ၄င်းစိုက်ပျိုးမြေအများစုမှာ ပုံစံ ၇ မရှိသောကြောင့် စိုက်ဘဏ်မှ ချေးငွေမရနိုင်ကြပါ။ သွင်းရေမရရှိကြပါ။ မြန်မာစိုက်ပျိုးရေးမှ လိုအပ်သော မျိုးကောင်း မျိုးသန့်များကို လိုသလောက်၊ အချိန်မီ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နည်းပညာ ဝန်ဆောင်မှုများလည်း ရရှိသည်။ ရရှိနိုင်သော မျိုးကောင်းမျိုးသန့်များကိုလည်း ရှင်းလင်းပြောကြားပေးသည်။

ကျေးရွာတွင် လက်တွန်းထွန်စက် ၂ စင်း။ ရေစုပ်စက် ၆၄ ခုနှင့် မြက်ရိတ်စက် ၅ ခုသာ ရှိပြီး ပုဂ္ဂလိကပိုင်များသာ ဖြစ်သည်။ လယ်ယာသုံးစက်ကရိယာများမှာလည်း အသေးစားများသာ ဖြစ်သော ကြောင့် တစ်ပိုင်တစ်နိုင်သာအသုံးပြုနိုင်ပြီး အငှါးလိုက်လေ့မရှိကြပါ။ ကျေးရွာအနေဖြင့် စက်ကရိယာ လုံလောက်မှု မရှိပါ။

ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၁၀၀ အိမ်ထောင်စု (၂၀.၈%) သာ တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ ခိုင်းနွား ၂၅၁ ကောင်၊ မြင်း ၃ ကောင်၊ ဝက် ၄ ကောင်နှင့် ကြက် ၂၆၅ ကောင်သာ မွေးမြူကြသည်။ တိရိစ္ဆာန်ဆေးကုသရေးပါက တိရိစ္ဆာန်ကုသဆေးရုံကို ဦးစီးဌာနသို့ အလွယ်တကူ ဆက်သွယ်နိုင်ပြီး ကုန်ကျစရိတ် ၁၅၀၀၀ ကျပ်ခန့် ရှိနိုင်ပါသည်။ မွေးမြူရေး၏ အဓိ ကအခက်အခဲမှာ နည်းပညာ ဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသနှင့် လက် လှမ်း မီမှု မရှိ၊ အမြတ်အစွန်း ရရှိမှု အခြေအနေ၊ သားငါးရောင်းချရာတွင် သားသတ်လိုင်စင်ရရှိသူ၏ ခေါင်း ပုံဖြတ်မှုခံရပြီး နှင့် လိုင်စင်ချထားရာတွင် ပွင့်လင်းမြင်သာမှု မရှိခြင်း။ လွတ်လပ်စွာ ရောင်းချခွင့် မရ ကြပါ။

**(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သက်၍ ယက္ကန်းယက်လုပ်သူ ၂ ဦးသာ ရှိပြီး ကျန်အိမ်တွင်းမှုလုပ်ငန်းမရှိကြပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ ရွှေတွင်းများတွင် နေ့စားအလုပ်သမားအနေဖြင့် ဝင်ရောက်လုပ်ကိုင်ခြင်း၊ စက်ချုပ်၊ အလှပြင်၊ ဈေးဆိုင်နှင့် ဈေးရောင်းခြင်း၊ လ္ဘက်ရည်ဆိုင်ရောင်းခြင်း၊ ဝန်ထမ်းအနည်းငယ်နှင့် ကားမောင်းသူ ၂ ဦးသာရှိသည်။ ၄င်းလုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်းပါးသည်။ ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှု လည်း နည်းပါးသည်။ အရင်းအနှီးလည်းနည်းပါးပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်း

ပညာသင်တန်းများတက်ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်း အနှီး မတတ်နိုင်ကြပါ။

**(ဃ) သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် ကျောက်ကုန်းနှင့် မြေသားမကောင်းသောကြောင့် မြေဆီသြဇာအနေဖြင့်ညံ့သည်။ ၄င်းအပြင် ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းနှင့် စိုက်နည်းစနစ် မှားယွင်းမှုကြောင့်လည်း မြေဆီသြဇာ အန္တရာယ်ရှိမှု မြင့်ပါသည်။

တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှု များပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဖူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

ရေအရင်းအမြစ်နေဖြင့်လည်း လုံလောက်မှု မရှိသည့်အပြင် ထုံးဓါတ်များနေသဖြင့် အန္တရာယ် ရှိမှု လတ်အနေအထားတွင်ရှိသည်။

အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှု အားနည်းပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီးသတ်ဖြတ်မှု များသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ် ရှိမှု မြင့်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါ ယမ ငွေချေးစနစ် တို့ရှိသည်။

စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူ (၁၁) ဦးအား ယာမြေအတွက် ချေးငွေစုစုပေါင်း () သိန်းထုတ်ချေး ထားပါသည်။ ၄င်းချေးငွေသည် ပုံစံ ၇ ရှိသောလယ်မြေ တစ်ဧကလျှင် ၂၀၀၀၀ ကျပ် နှုံးဖြင့် တောင်သူ တစ်ဦး လျှင် အများဆုံး ၁၀ ဧကအထိသာ မိုးသီးနှံနှင့် ဆောင်းသီးနှံအတွက် ၂ ကြိမ်ချေးယူခွင့် ရှိသည်။ ချေးငွေရရှိပြီ ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈ လ၊ ဆောင်းသီးနှံအတွက် ၆ လဖြစ်သည်။ အတိုးနှုံးမှာ (၀.၈၅%) ဖြစ်သည်။ သို့သော် စိုက် ဘဏ်ချေးငွေမှာ အချိန်မီထုတ်ချေးပေးခြင်းမရှိ၊ ကုန်ကျစရိတ် လုံလောက်မှုမရှိ၊ ကာလတို (၆ လ) ချေးငွေ၊ ပြန်ဆပ်ချိန်ကို အတိအကျသတ်မှတ်ထားသောကြောင့် သီးနှံအောင်ပါက ဈေးကောင်းမစောင့် နိုင်ဘဲ ရောင်းချပြန်ဆပ်ရခြင်း၊ ရာသီဥတုအခြေအနေကြောင့် သီးနှံမအောင်မြင်ပါကလည်း မိမိရှိရာ (ကျွဲ၊ နွား၊ လယ်၊ ယာ၊ ရွှေထည် စသည်) ရောင်း၊ပေါင်ပြီး မဖြစ်မနေ ပေးဆပ်ကြရသည်။ (သို့မဟုတ်ပါက ပွဲရုံများတွင် ဆောင်းသီးနှံကြိုတင်ရောင်းချစနစ်၊ အနည်းဆုံး ၁၀% အတိုးဖြင့် မဖြစ်မနေ ပြန်လည် ပေးဆပ်ကြရသဖြင့် တဖြည်းဖြည်း တောင်သူများ နွားပြုတ်၊ လယ်ပြုတ် ဖြစ်ကြရသည်။ လယ်အတွက် ငွေချေးသည် ကျေးရွာများတွင်ကြုံတွေ့ရသည်)

သမဝါ ယမ ချေးငွေမှာ အသင်းဝင် လူဦးရေ ၇၀ ခန့်ကို တစ်ဦးလျှင် ၁၀၀၀၀၀ ကျပ်နှင့် ၁.၅ ရာခိုင်နှုံးဖြစ်သည်။ ချေးငွေကာလမှာ ၆ လဖြစ်ပြီး အကြေဆပ်ပြီးပါက ပြန်လည်ချေးငှားနိုင်သည်။

ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှါးရာတွင် ယာမြေအပေါင်ထားပြီး အတိုးနှုံးမှာ ၁၀-၂၀% ဖြစ်သည့်အပြင် သီးနှံပေါ်ချိန် အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံပစ္စည်းမရှိပါက ချေးငွေရရန် အခက်အခဲရှိသည်။

**စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး မူလတန်းကျောင်းနေအရွယ် စုစုပေါင်း ၂၅၈ ယောက် ရှိသော်လည်း လက်ရှိရွာ စာသင်ကျောင်းတွင် တက်ရောက်နေသော ဦးရေမှာ ၃၁၉ ယောက်၊ ၁၂၃.၆% အထိရှိကြောင်းတွေ့ရသည်။ ဤသို့ ကျောင်းသားအရေအတွက် များနေရခြင်းမှာ KG တန်းတိုး လာခြင်းကြောင့် ဖြစ်သည်။ အလယ်တန်းကျောင်းနေအရွယ်မှာ ၃၂၃ ယောက်ရှိသော်လည်း လက်ရှိ စာသင် ကျောင်းတွင် ၁၃၇ ဦး (၄၂.၄%) သာ ရှိသည်။ ၇၇ ဦးမှာ ဇရပ်ကွင်းသို့ သွားရောက် ပညာ သင်ကြားနေကြသည်။ ကျန် ၁၀၉ ဦးမှာ

SAMPLE

မိဘများမှာ ဆင်းရဲသောကြောင့် ကျောင်းဆက်တက်နိုင်ခြင်း မရှိကြပါ။ လက်ရှိကျေးရွာ ရှိ အလယ်တန်းကျောင်းခွဲအရွယ်မှာ အလျား ၅၈ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၅ ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း အဆောင် ၄ ဆောင်ရှိသည်။ ကျောင်းဆောင်နှင့် ပရိဘောဂ လုံလောက် မှုရှိသော်လည်း ကျောင်းယင်လုံအိမ်သာ၊ ကျောင်းသောက်ရေ၊ သင်ထောက်ကူပစ္စည်းနှင့် အားကစား ပစ္စည်း လုံလောက်မှု မရှိကြပါ။ အားကစားကွင်းမှာလည်း နေရာကျဉ်းနေပါသည်။ ကျောင်းအာဟာရနှင့် ကျောင်းကျန်းမာရေး ပညာပေးအစီအစဉ်များလည်း မရှိကြပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုး ရခန့် ကျား ၂ ဦး၊ မ ၁၀ ဦးနှင့် ကျေးရွာခန့် ဆရာမ ၁ ဦး၊ စုစုပေါင်း ၁၃ ဦးရှိပါသည်။ တပည့်/ ဆရာအချိုးမှာ မူလတန်း တွင် ၅၃း ၁ ဖြစ်ပြီး အလယ်တန်းတွင် ၂၇ း ၁ အချိုးဖြစ်သောကြောင့် ဆရာလုံလောက်မှုလည်း မရှိပါ။ မိဘဆရာအသင်း၏ လှုပ်ရှားမှုနှင့် စိတ်ဝင်စားမှု ကောင်းမွန်သည်။ (မူကြိုကျောင်းသားအရေအတွက်ပါသလား။)

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ လက်ရှိ ကျေးရွာအုပ်စု (၅) ရွာ၊ အိမ်ထောင်စုပေါင်း ( ) အတွက် အုပ်စုကျေးရွာ သားဖွါးဆရာမ တစ်ဦးသာ ခန့်ထားပေးသောကြောင့် ကျန်းမာရေးစောင့် ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ လုံလောက်မှုမရှိပါ။ သားဖွါးဆရာမ တစ်ရွာ တစ်ဦးခန့်ထားပေးရန် (သို့မဟုတ်) အရံသားဖွါးသင်တန်းပေးရန်လိုအပ်သည်။ ကျေးရွာအတွင်း ဆေး ဝါးဆိုင်ရှိသော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ်ဖြစ်ပါက ၁၁ မိုင်ဝေးသော သပိတ်ကျင်းဆေးရုံနှင့် ၁၄ မိုင်ဝေးသော ကြာအင်းစစ်ဆေးရုံသို့ ကျေးရွာရှိ လူမှု ကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

ကျေးရွာတွင် သောက်ရေတွင်း ၁၃၆ တွင်းရှိသည်။ ရေတွင်းများမှာ တစ်နှစ်ပါတ်လုံး ရေလုံ လောက်သော်လည်း ထုံးခါတ်များသောကြောင့် အရည်အသွေးကောင်းသော သောက်ရေသန့်ရရှိရန် လိုအပ်သည်။ ချောင်းရေကိုလည်း အသုံးပြုကြသော်လည်း ခြောက်သွေ့ရာသီတွင် ချောင်းရေ ခမ်းသည်။

ကျေးရွာတွင် အိမ်ထောင်စု ၄၈၁ အိမ်ရှိသော်လည်း ယင်လုံအိမ်သာ ၂၇၇ လုံးသာရှိပြီး စနစ် တကျ သုံးစွဲခြင်းလည်းမရှိ၊ အမှန်တကယ်လည်း ယင်လုံမှုမရှိကြပါ။ သန့်ရှင်းမှုလည်းမရှိကြပါ။ ကျန် ၂၀၄ အိမ်မှာ တောထိုင်အသုံးပြုလေ့ရှိကြသည်။

**(ဆ)လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ အပျင်းပြေ အီးဗွီဒီကိုသာ ကြည့်ကြရပြီး လျှပ်စစ်မီးမရသောကြောင့် ရုပ်မြင်သံကြားကို လက်ဖက်ရည်များတွင်သာ သွားရောက်ကြည့်ကြရသည်။ ရေဒီယို၊ အက်ဖ်အမ်နားထောင်ချင်ကြသော်လည်း ဆက်သွယ်ရေးလိုင်း မကောင်းသောကြောင့် နားမထောင်နိုင်ကြပါ။ ကျေးရွာဘုရားပွဲနှင့် ဆွမ်းလောင်းပွဲများတွင် လူငယ်များ ဒိုးပတ်ဝိုင်းရှိသော်လည်း ဟောင်းနွမ်းပျက်စီးနေပါသည်။ မိသားစုဝမ်းစာအတွက် အခြားဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသောကြောင့် ကျေးရွာ လူမှုရေးလုပ်ငန်း၊ ဘာသာရေး ပွဲတော်များ တွင်လည်း ကောင်းစွာပါဝင်နိုင်ခြင်းအားနည်းသည်။ အားကစားနှင့် အားကစား ပစ္စည်းများတွင်လည်း လက်လှမ်းမီမှု အားနည်းပြီး ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော အနည်းအကျဉ်း ကစားကြသည်။ အားကစားပစ္စည်း ပြည့်စုံမှုမရှိကြပါ။ နှစ်စဉ်ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပလေ့မရှိကြပါ။ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ရိုးရာပွဲများ ထိန်းသိမ်းမှုလည်း အားနည်းနေကြပြီဖြစ်သည်။ ကျေးရွာ တွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှု မရှိကြပါ။ လူငယ်များမှာလည်း စာဖတ်အားနည်း သည်ကို တွေ့ရသည်။ လူငယ်တိုင်းလိုလို အင်တာနက် အသုံးပြု ကြသော်လည်း ဆက်သွယ်ရေလိုင်း မကောင်းပါ။ ဖေ့စ်ဘုတ်၊ ဗိုက်ဘာ တို့ကိုသာ အများဆုံးအသုံးပြုကြပြီး အရေးကြီးသော စီးပွါးရေး၊ ပညာရေး၊ နိုင်ငံရေး၊ သတင်းတို့တွင် လေ့လာမှု အားနည်းနေသေးသည်။ အင်တာနက် ဝက်ဆိုက်များ ဝင်ရောက်လေ့လာရန်လည်း ဗဟုသုတ နည်းနေသေးသည်။

**(ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာဈေးရှိသော်လည်း ကုန်စိမ်းနှင့် သားငါးလောက်သာ ဝယ်ယူရရှိနိုင်သည်။ ကျန်လူသုံး ကုန် ပစ္စည်းများကို ၂ မိုင်ခန့်ဝေးသော ဇရပ်ကွင်းဈေးသို့ သွားရောက်ဝယ်ယူကြရသည်။

ကျေးရွာချင်းဆက်လမ်းမှာ (၂) မိုင် အကွာအဝေး / အရှည်ရှိပြီး ၁၉၈၅ ခုနှစ်တွင် ကျောက်ချော လမ်း ပြုပြင်ထားပါသည်။ ၄င်းလမ်းပေါ်ရှိ အရှည် (၅၂) ပေ၊ အကျယ် (၁၂) ပေ၊ အမြင့် (၁၂) ပေ အရွယ်အစားရှိ

SAMPLE

သံဘောင်တံတားမှာ ချောင်းရေကြောင့် ပျက်စီးသွားခဲ့သည်။ လမ်းအခြေအနေနှင့် မမျှ တသောယဉ်များ ဝင်ထွက်သွားလာမှုကြောင့် လက်ရှိလမ်းအခြေအနေမှာလည်း ဆိုးရွားနေပါသည်။ ကျေးရွာတွင်းလမ်းများမှာ စုစုပေါင်း (၁၀) မိုင်ခန့် ရှည်လျားပြီး မြေသားလမ်းများဖြစ်ခြင်းကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲသည်။

ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၂၅ စီး၊ ဆိုင်ကယ် ၃၀၀ စင်း၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီ ၈ စင်း၊ ကား ၅ စီး၊ မြင်းလှည်း ၂ စင်းနှင့် နွားလှည်း ၂၆ စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။ ဆိုလာမီးအသုံးပြုသူ ၂၉ အိမ်၊ ဒီဇယ် အင်ဂျင်မီး အသုံးပြုသူ ၁ အိမ်နှင့် ကျန် ၄၅၁ အိမ်မှာ အင်ဂျင်မီးဖြင့် မီးသွယ်ရန် မီးတစ်ပွင့် တစ်လ ၂၀၀၀ နှုန်း၊ တီဗွီအသုံးပြုခ တစ်လ ၄၀၀၀ ကျပ်ပေးဆောင် အသုံးပြုကြရသည်။ ဆင်းရဲသားများမှာ အခကြေးငွေ မပေးနိုင်ကြသောကြောင့် ဓါတ်ခဲ၊ ဘက္ကထရီအိုးနှင့် ဖယောင်းတိုင်မီးကို အသုံးပြုကြ သည်။ စစ်တပ်သို့ သွယ်တန်းထားသော ပင်မလျှပ်စစ်ဓါတ်အားလိုင်းမှာ ကျေးရွာအတွင်း ဖြတ်သန်း သွားသော်လည်း ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်း၊ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှု အားနည်းနေသေး ခြင်းကြောင့် ကျေးရွာတွင် လျှပ်စစ်မီး မရနိုင်သေးပါ။

ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်းနီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း (၄၀၈) လုံး၊ ရေဒီယို ၄၇ လုံး၊ တီဗွီ ၈၂ လုံးနှင့် စလောင်း ၁၁ ခုရှိသော်လည်း ဒီဇယ်မီးစက် အချိန်သာ ကြည့်ရှုနိုင်သည်။ လျှပ်စစ်မီး လက်လှမ်းမမီသော ကြောင့် ဆိုလာအကြီး အသုံးပြုနိုင်သူများသာ ဂြိုလ်တုစလောင်းကို အချိန်မရွေးကြည့်နိုင်ကြသော်လည်း ဒီဇယ်အင်ဂျင်ဖြင့် အခကြေငွေပေး ကြည့်သူများမှာ တစ်ရက်လျှင် ၃ နာရီသာ ကြည့်ရှု နိုင်ကြသည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ လူကုန်ကူးမှုနှင့် ခိုးမှုများမရှိသော်လည်း ယခုနှစ်တွင် ဆိုင်ကယ် လုယက်မှု ဖြစ်ပေါ်ခဲ့ပါ သည်။ ထို့အပြင် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင် သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ရွာသူ/သားများမှ အာမခံလုပ်ငန်းအပေါ် ယုံကြည်မှုနှင့် စိတ်ဝင်စားမှုနည်းသောကြောင့် ချိတ်ဆက်ဆောင်ရွက်ထား သူမရှိသလောက်ပင်ဖြစ် သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့် ရေးဆွဲထားခြင်းမရှိပါ။ ဗဟုသုတလည်း နည်းပါးကြသည်။ ရွာသားများသည် လိုအပ် ပါ က ၅ မိုင်၊ ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သော်လည်း ရဲဝန်ထမ်းအင်အားနည်းသည်။ ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွါးခြင်း လည်း နည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ကျေးရွာနှင့်အနီးတဝိုက် ရွှေနှင့် ခဲ ထွက်သည်။ သဘာဝ တောရိုင်းတိရစ္ဆာန်များ၊ ဆေးဖက်ဝင် အပင်များ၊ သဲ၊ ကျောက်နှင့် အဖိုးတန် သစ်၊ (ကျွန်း၊ ပျဉ်းကတိုး၊ သစ်ယာ၊ ပိတောက်၊) ဝါးများထွက်ရှိ သည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် ၁၄၃၉ ဦး (၆၁.၂%) ရှိသဖြင့် ၄င်းလူရွယ်များကို အသက်မွေးဝမ်းနည်းပညာများ သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တည်ဆောက်ပေးနိုင်ပါ က ကျေးရွာဖွံ့ဖြိုးရေးအတွက်များစွာ အလားအလာကောင်းပါသည်။ ကျေးရွာလူထု၏ကျန်းမာရေး အခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့ လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက်လည်း သင့်တော်သော ရေ၊ မြေ၊ ရာသီဥတု၊ မြေနေရာ အကျယ်အဝန်းနှင့် စိုက်ပျိုးမြေများလည်းရှိသည်။

SAMPLE

စိုက်ပျိုး၊ မွေးမြူရေးမှ ထွက်သော ထုတ်လုပ်ကုန်များအတွက်လည်း ဈေးကွက် အလုံအလောက် ရှိသည်။ မွေးမြူရေးအတွက်လည်း စားကျက်နယ်မြေသီးသန့်မရှိသော်လည်း သီးနှံများရိတ်သိမ်း ပြီးချိန်တွင် လွတ်ကျောင်းနိုင်သည်။ သတ္တုနယ်မြေကို စားကျက်မြေသတ်မှတ်ပေးပါက စားကျက်မြေ လုံလောက်မှုရှိမည်။ လမ်းပန်းဆက်သွယ်ရေး အသင့် အတင့်ကောင်းမွန်ပြီး တနှစ်ပါတ်လုံး၊ အချိန်မရွေး၊ ယဉ်မျိုးစုံ သွားလာနိုင်သည်။ ဧရာဝတီ ရေကြောင်း သွားလာမှုနှင့်လည်း မနီးမဝေးတွင် တည်ရှိသည်။ တယ်လီဖုန်းဆက်သွယ်ရေးအနေဖြင့်လည်း အမ်ပီတီ၊ အော်ရီဒူး၊ အမ်အီစီနှင့် တယ်လီနော ၄ မျိုးစလုံး ဆက်သွယ်နိုင်ပြီး ဈေးကွက်နှင့် သတင်းအချက်အ လက်များ အချိန်နှင့် တပြည်းညီ ရယူနိုင်သည်။

သဘာဝ အရင်းအမြစ်များဖြစ်သော ရေပူစမ်း၊ လင်းနို့ဂူ၊ ရေတံခွန်နှင့် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေဖြစ်သော တကောင်း၊ ကြာညှပ်၊ စသည့်တို့နှင့် နီးသောကြောင့် ပြည်တွင်းပြည်ပ ခရီးသွား လုပ်ငန်းတိုးတက်မှုရှိရန် အလားအလာရှိသည်။

လုံခြုံရေးအရလည်း နယ်မြေဒေသ အေးချမ်းသာယာပြီး လွတ်လပ်စွာ၊ လုံခြုံစွာ သွားလာနိုင် သည်။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို လုံခြုံချောမွေ့စေသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာရှိ စိုက်ပျိုးမြေများမှာ မြေဆီသြဇာ ညံ့သည်။ စိုက်ပျိုးမြေ တိုးချဲ့ရန် နေရာမရှိ။ လယ် ယာသုံးစက်ကရိယာ လုံလောက်မှုမရှိ။ စိုက်ပျိုးစရိတ်နှင့် သွင်းအားစုစရိတ် ကုန်ကျမှုမြင့်သည်။ ပုံစံ ၇ ရရန် အခက်အခဲရှိသည်။ လယ်ယာမြေ သိမ်းဆည်းခံရသည်။ စိုက်ပျိုးရေအတွက် ဆည်မြောင်းများမရှိ၊ သွင်းရေမရရှိကြပါ။ မြေအောက်ရေရှိသော်လည်း စက်အဝီစိတွင်းတူးဖေါ်ရန် အရင်းအနှီးမရှိ။ သွင်းအား စုနှင့် ကုန်ကျစရိတ်မြင့်မားသောကြောင့် အကျိုးအမြတ်နည်းသည်။ အတိုးနှုံးသက်သာပြီး နှစ်ရှည်သင့် တော်သော စိုက်ပျိုးရေးချေးငွေ မရရှိ။ လက်ရှိ စိုက်ဘဏ်ငွေချေးစနစ်မှာ တောင်သူများအတွက် ထိရောက်မှု နည်းသည်။ စိုက်ပျိုးထုတ်လုပ်ရောင်းချသော သီးနှံများ ဈေးနှုံးတည်ငြိမ်မှုမရှိ၊ ကုန်သည်ပွဲစားများ၏ ခေါင်းပုံဖြတ်ခံကြရသည်။ ဈေးကွက်သို့ သွားရောက် ရောင်းချရန် ပုံမှန်ပြေး ဆွဲသည့် အများပြည်သူသုံး ဘတ်စ်ကားများမရှိ။ သီးခြားယဉ်ငှါးရမ်း သယ်ယူ ပို့ဆောင်ရသောကြောင့် ကုန်ကျမှုစရိတ်များသည်။ ပွဲရုံများသို့ သွားရောက်ရောင်းချရာတွင်လည်း အလေးတင်းတောင်းမှန်ကန်မှု မရှိ။ ရွေးချယ်ရန် နည်းလမ်းနှင့် နေရာမရှိသောကြောင့် မဖြစ်မနေ ရောင်း ချကြရသည်။ အစိုးရအနေ ဖြင့်လည်း အရေးယူကြီးကြပ်ဆောင်ရွက်ပေးခြင်းမရှိ။

မွေးမြူရေးတွင် ရာသီအလိုက်ရောဂါများ ဆိုးရွားစွာ ကျရောက်လေ့ရှိသဖြင့် မွေးမြူသူများ နှစ် စဉ် ဆုံးရှုံးမှုများသည်။ ၎င်းအတွက် ထိရောက်သော ကာကွယ်ဆေးထိုးခြင်း၊ နည်းပညာဝန်ဆောင်မှု များလည်း မရကြပါ။ ကျေးရွာတွင်လည်း နည်းပညာကျွမ်းကျင်သူမရှိ။ မွေးမြူရေးကုသစရိတ်မြင့် မားသည်။ အရင်းအနှီးများပြီး မွေးမြူရေးချေးငွေလည်း မရကြပါ။ မိမိအိမ်မွေးတိရစ္ဆာများ၏ အသား ကိုလည်း လွတ်လပ်စွာ ရောင်းချခွင့်မရှိ။ သားသတ်လိုင်စင်ရှိသူကိုသာ ရောင်းချရသောအခါ မတရား ခေါင်းပုံဖြတ်ခံကြရသည်။ သားသတ်လိုင်စင်ချထားရာတွင်လည်း ပွင့်လင်းမြင်သာမှုမရှိ။ နီးစပ်ရာ လက်သိပ်ထိုး ချထားပေးလေ့ရှိသည်။ အရှင်လိုက်သယ်ယူရောင်းချခွင့်ကိုလည်း ကန့်သတ်မှုများ၊ ဖမ်း ဆီးမှုများရှိသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းလည်းမရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေပုံမှန်ရရှိ ရေးအတွက် အကန့်အသတ်ရှိနေပါသည်။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည်။ ရွှေတွင်းလုပ်ငန်းရှိ သော်လည်း ဒေသခံများမှာ အရင်းအနှီးနှင့် နည်းပညာ အားနည်းသောကြောင့် ကိုယ်ပိုင်လုပ်ငန်း ထူ ထောင်နိုင်ခြင်းမရှိဘဲ အလုပ်အမား၊ နေ့စားဖြင့်သာ သွားရောက်လုပ်ကိုင်ကြရသည်။ ဓါတ်သတ္တု တူး ဖေါ်ခြင်းနှင့် ပါတ်သက်သော ဥပဒေအားနည်းမှုရှိသည်။ အခြားအသက်မွေးဝမ်းလုပ် ငန်းများတွင်လည်း ကျွမ်းကျင်မှု အားနည်းသည်။ အရင်းအနှီးလည်း နည်းသည့်အပြင် ချေးငွေစနစ် လည်းမရှိပါ။

ကျေးရွာတွင် ၁၉၉၇ ခုနှစ်တွင် မီးလောင်ပြီး သပိတ်ကျင်းမြို့မီးလောင်ပြီး စာရင်းဇယား များပျောက်ဆုံးမှုရှိသည်။ အိမ်ထောင်စုဇယားများ ဆုံးရှုံးမှုရှိသည်။ အသစ်ပြန်လုပ်ရန် ကုန်ကျစရိတ်မ

တတ်နိုင်ကြသောကြောင့် အိမ်ထောင်စု ၁၀ဝ ကျော် ၂၀ဝ နီးပါးမှာ အိမ်ထောင်စုဇယား ပုံစံ ၁ဝ မရှိကြ ပါ ။ ၄င်း မိသားစုများ ၁ဝ တန်းစာမေးပွဲဖြေဆိုရန် အခက်အခဲရှိသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(၁) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာရှိ ဆင်းရဲသော အိမ်ထောင်စု (၄၈၁) သည် ဝမ်းစာဖူလုံပြီး မိသားစုဝင်ငွေ ၂၅% တိုးတက်ပြီးဖြစ်ရမည်။

(၂) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာအတွက် အခြေခံ လူမှုအဆောက်အဦး များ ပြည့်စုံပြီး လူနေမှုအဆင့်အတန်း မြင့်မားနေပြီ ဖြစ်ရမည်။

(၃) နောင် ၅ နှစ်ကြာသောအခါ ၂၀၂၁ ခုနှစ်ကုန်တွင် ကျေးရွာကို ကောင်းစွာ ဦးဆောင်နိုင်သော စီမံ အုပ်ချုပ်မှု စွမ်းဆောင်ရည်ကောင်းသော လူမှု အဖွဲ့အစည်း အနည်းဆုံးတစ်ဖွဲ့မှ ဦးဆောင်နေနိုင်သည့်အ ပြင် ကျွမ်းကျင်သူ အနည်းဆုံး (၁၀) ဦးလည်း မွေးထုတ်ပြီး ဖြစ်ရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက် ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေး လုပ် ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ၊ ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေး မည်။ အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာများထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာ ဌာနများနှင့် ချိတ်ဆက် ဆောင်ရွက်သွားမည်။ သင်တန်းတက်ထားသူများကတဖန် ကျေးရွာတွင် ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။

ခ.၂) ကျေးရွာတွင် စာသင်ကျောင်း၏ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း ဖြင့် ကလေးငယ်များ၏အရည်အချင်းတိုးမြင့်လာရေးအတွက် ဆောင်ရွက်မည်။၊ ပညာရေးဌာနနှင့် ချိတ် ဆက်ပြီး အထက်တန်းကျောင်းခွဲတွင် ဘာသာရပ်အလိုက် ကျွမ်းကျင်မှု ပြည့်ဝသော ဆရာ/မ ခန့်ထား ရရှိနိုင် ရေး တို့အတွက် ဆောင်ရွက်သွားမည်။

ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံ အဆောက်အဦ များ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တချိန်တည်းတွင် ကျေးရွာအဆောက်အအုံ များကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင် ရွက်သွားကြမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြု လုပ်ငန်းများကို အကောင် အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအား ပေးဆောင်ရွက်မည်။

ခ.၃) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ဇာထိုးပန်းထိုး၊ ယိုနှင့် မုန့်လုပ်နည်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော် ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင်စသော သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်း သားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာန ဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော်တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များ နှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စိုက်ပျိုးမြေများ ထိရောက်စွာ အသုံးချနိုင်ရေး၊**

ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ တောင်သူများ အတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးကို ထိရောက်စွာ နှိမ်နင်းရေး အတွက် နည်းစနစ်ရရှိရေးလိုအပ်သည်။ ဖျက်ပိုးနှိမ်နင်းရေးအတွက် သက်ဆိုင်ရာ ဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေး ထွက်ကုန်ပစ္စည်းများရောင်းချသည့် ပုဂ္ဂလိကအရောင်းဆိုင် များကို မှီခိုအားထားမှုပိုများသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှု ဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများ အပါအဝင် ပိုးမွှားနှိမ်နင်းရေးနည်းပညာ အသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဦး ရွက်ပြုသင့်ပါသည်။ ကျေးရွာတွင် မြေယာပိုင်ဆိုင်မှုနှင့် ပါတ်သက်၍ အရှုပ်အရှင်းများ ရှိသည်။ ကျေး ရွာနယ်နမိတ်အတိအကျမရှိခြင်း၊ ကုမ္ပဏီများနှင့် စစ်တပ်များမှ မြေသိမ်းယာသိမ်းမှုများ၊ မူလပိုင် ရှင်များမှ မြေယာပိုင်ဆိုင်မှု ပုံစံ ၇ လျှောက်ထားရာတွင် ကြံ့ကြာမှုများနှင့် အဆင့်ဆင့် တင်ပြလျှောက် ထားရခြင်း စသည်အခက်အခဲများ ရှိပါသည်။ မြေယာဥပဒေနှင့်ပါတ်သက်၍လည်း အားနည်းမှုများစွာ ရှိပါသည်။ စားကျက်မြေများကိုလည်း သိမ်းယူမှုအချို့ရှိပါသည်။ ပြန်လည်သတ်မှတ်ပေးရန် လိုအပ် သည်။

**(ဂ) ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ**

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီး များအတွက် လိုအပ်သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ အထူးသဖြင့် လယ်သမား နှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ အလားတူ နှစ်ရှည်ပင်စိုက်ပျိုးရေး အတွက်လည်းစိုက်ပျိုးမည့် အပင်အမျိုးအစားနှင့် အရင်းအနှီးလိုအပ်ချက်အပေါ်မူတည်၍ မြစိမ်းရောင်ချေး ငွေနှင့် နှစ်ရှည်ချေးငွေများ လိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်းဖွဲ့စည်းထားခြင်း မရှိသေး သဖြင့် မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသားများအတွက် ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်သည်။

**(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာအထောက်အပံ့**

ကျေးရွာတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အ လမ်းရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာ စီမံအုပ်ချုပ်မှုနည်းပညာ၊ ဈေးကွက်၊ သတင်း အချက်အလက်များ လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေ သော လုပ်ငန်းများ (ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်း) အတွက် လုပ်ငန်းစီမံခန့်ခွဲရေး ထောက်ပံ့ ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ ရသေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု

အဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာ ပေးရေးဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေး လုပ်ငန်း၊ စီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

**(င) ကျေးလက်ဈေးဆောက်လုပ်ရေးနှင့် သားငါးလိုင်စင်၊ အင်းလေလံများချထားမှု**

ရွာသူ/သားများ မိမိတို့ အိမ်မွေးတိရိစ္ဆာန်များ ရောင်းချရာတွင် သား သတ်လိုင်စင် ရှိသူ၏ မတရား ဖမ်းဆီးခံ၊ မတရားဈေးနှိမ်ခြင်း၊ ခေါင်းပုံဖြတ်အနိုင် ကျင့်ခြင်းတို့ကို ခံနေကြရသည်။ သားသတ်လိုင်စင်ချ ထားရာတွင် ပွင့်လင်း မြင်သာမှုမရှိ။ နီးစပ်ရာလက်သိပ်ထိုး ချထားပေးခြင်း။ ရွာသူ/သားများမှ မိမိတို့မွေးမြူထားသော အိမ်မွေးတိရိစ္ဆာန်များကို အသားရောင်းချရာတွင် ဖမ်းဆီး ခံရခြင်း၊ အရှင်သယ်ယူရောင်းချခွင့် ကန့်သတ်ထားခံရခြင်းနှင့် သားသတ်လိုင်စင်သို့ ရောင်းချရာတွင် လည်း ပေါက်ဈေးမပေးဘဲ မတရား ဈေးနှိမ်ခံရသည်။ လိုင်စင်ရှိသူမှ ဖမ်းဆီးခြင်းနှင့် မတရား ခေါင်းပုံ ဖြတ်ခံနေရသည်။ မွေးမြူထုတ်လုပ်မှု အလုံအလောက်ရှိသည်။ ဈေးကွက်နှင့် ဝယ်လိုအားလည်း အလုံ အလောက်ရှိသည်။ သို့သော်ဒေသခံ ရွာသူ/သားများ မွေးမြူရေးမှ အကျိုးအမြတ် နည်းသည်။ အကယ်၍ လွတ်လပ်စွာ အခွန်လွတ် ရောင်းချနိုင်မည်ဆိုပါက မွေးမြူသူ တောင်သူများအနေဖြင့်လည်း ဝင်ငွေ တိုးလာမည်ဖြစ်ပြီး ဝယ်ယူစားသုံးသူများအနေဖြင့်လည်း သန့်ရှင်းလတ်ဆတ်သော အသားငါးတို့ကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ကျေးရွာအတွင်း ကိုယ်တိုင်မွေးမြူ ထုတ်လုပ်ကြသည့် တောင်သူများအား ကျေးရွာတွင်း အခွန်လွတ် သားငါးဈေးတည်ဆောက်ပေးရန်။ သားသတ်နှင့် မွေးမြူရေးလိုင်စင်ကို တောင်သူများနှင့် သင့်လျော် အောင် ဥပဒေပြင်ဆင်ရေးဆွဲပေးရန်။ ဒေသခံများ အကျိုးရှိစေမည့် အစီအစဉ်များဖြင့် စည်သွပ်စက်ရုံ/ သားရေစက်ရုံ တည်ထောင်ပေးရန်။

ကျေးရွာတွင် မိမိတို့ လယ်၊ ယာ၊ သားငါးများကို လွတ်လပ်စွာ ရောင်းချနိုင်သော ဆိုင်ခန်း ၃၀ - ၄၀ ပါရှိသည့် အခွန်လွတ်ဈေးတစ်ခုရှိသင့်ပါသည်။ မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများက ရေ၊ သန့်ရှင်း ရေးစနစ်နှင့် လမ်းတို့စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦ တစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင် ရွက်ပေးသင့်ပါသည်။ မိမိတို့ကျေးရွာအပြင် အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့ အတွက်လည်း အကျိုးခံစားမှု ရရှိစေနိုင်ပါမည်။

ငါးအင်းလိုင်စင်ချထားမှု ပွင့်လင်းမြင်သာမှု မရှိ။ ငါးအင်းလိုင်စင် လေလံတင် ရောင်းချမှုစနစ် ပွင့်လင်းမြင်သာမှု ရှိစေရန်နှင့် ဒေသခံများအား ဦးစားပေးချထားပေးပါက ဒေသဖွံ့ဖြိုးရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်လာစေပါသည်။

**(စ) မြေနုကျွန်းနှင့် အင်မြေများကို ဆင်းရဲသားတောင်သူများအား မျှမျှတတ ခွဲဝေချထားပေးခြင်း**

မြေနုကျွန်း၊အင်းနေရာကျေးရွာအများပိုင်မြေကိုရေခမ်းချိန်တွင် ဆင်းရဲသားများ ခံစားခွင့် ဆုံးရှုံး လျက်ရှိသည်။ အင်းမြေကိုငါးအင်း လေလံဆွဲသူများမှ ရေခမ်းချိန်တွင် ဆက်လက် အပိုင်စီးယူထား ကြ သည်။ ပွင်းလင်းမြင်သာမှုမရှိ။ သက်ဆိုင်ရာအဖွဲ့အစည်း များမှဦးဆောင်၍ ပွင့် လင်းမြင်သာ စွာခွဲဝေချ ထားပေးရန်။ အင်းပိုင်မြေများကို ရေခမ်း ချိန်တွင်ဒေသခံများအား စနစ်တကျ ခွဲဝေချထား ပေးရန်။ မြေနုကျွန်းများကိုလည်း စနစ်တကျ မျှမျှတတ ခွဲဝေ ချထားပေးရန်။

**(ဆ) စိုက်/မွေးထုတ်ကုန်များ ဈေးကွက်မတည်ငြိမ်ခြင်းနှင့် အလေးတင်းတောင်းမှန်ကန်မှုမရှိခြင်း**

စိုက်/မွေးထုတ်ကုန်ကြမ်းအလုံလောက် ထွက်ရှိသော်လည်း ဈေးကွက်မတည်ငြိမ်ခြင်းနှင့် ပွဲရုံများ မှ အလေးတင်းတောင်းမ မှန်ခြင်းကြောင့် စိုက်/မွေးထုတ်ကုန်များ ရောင်းချရာတွင် တောင်သူများ အရှုံး ပေါ်/အမြတ်နည်း/ ဝင်ငွေနည်းနေကြသည်။ အရေးယူမှု၊ ကြီးကြပ်မှုအားနည်းသည်။ ဈေးကွက်တည် ငြိမ်ရေးနှင့် အလေးတင်းတောင်းမှန် ကန်ရေး အစိုးရမှ ကြီးကြပ် ဆောင်ရွက်ပေးရန်/ အရေး ယူဆောင် ရွက်ပေးရန်။

**(ဇ) ဒေသခံများအတွက် တစ်ပိုင်တစ်နိုင်ရွှေ၊ ကျောက်လုပ်ငန်း/လုပ်ကွက်ကို ဥပဒေအရတရားဝင် လုပ်ငန်းလိုင်စင်များ ချထား ပေးရန်။**

ရွှေနှင့်ကျောက်မျက်များ ထွက်ရှိသော်လည်း ဒေသခံ ရွာသူ/ သား များအနေဖြင့် အကျိုးခံစားခွင့် မရရှိ ကြပါ။ ပြင်ပ နိုင်ငံသား/ နိုင်ငံခြားသားကုမ္ပဏီများမှ ရွှေလုပ်ကွက်များကို ပိုင်ဆိုင်နေကြပြီး ဒေ သခံများမှာ ၄င်းလုပ်ကွက်များတွင် နေ့စားလုပ်ကိုင်နေကြရသည်။ သတ္တုတူးဖော်ရေး ဥပဒေနှင့် ပါတ် သက်၍လည်း ဒေသခံများ

SAMPLE

ဗဟုသုတနည်းပါးသည်။ ရွှေလုပ်ကွက်ချထားပေးမှုနှင့် ပါတ်သက်၍လည်း ပွင့်လင်းမြင်သာမှုမရှိ။ အကယ်၍ ဒေသခံများကို တရားဝင် တစ်ပိုင်တစ်နိုင် ရွှေနှင့် ကျောက်မျက် လုပ် ကွက်များကို ချထားပေးပါက ဒေသခံများ စိတ်ချလက်ချလုပ်ကိုင်ခြင်းဖြင့် ဝင်ငွေတိုးလာမည်။ နိုင်ငံ တော်အနေဖြင့်လည်း အခွန်တိုးရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် သတ္တုတူးဖော်ရေး ဥပဒေကို ပြင် ဆင် ရေးဆွဲပေးရန်နှင့် ဒေသခံများအတွက် တစ်ပိုင်တစ်နိုင်ရွှေ၊ ကျောက်လုပ်ငန်းကို ဥပဒေအရတရားဝင် လုပ်ခွင့်လိုင်စင်များ ချထား ပေးရန်။

**(ဈ) ကျောင်းမြေပုံစံ ၁၀၅ အမြန် ဆုံးချထားပေးရန်။**

မြစ်ကမ်းဘေးရွာများ မြစ်ရေတိုက်စားမှုကြောင့် ကျေးရွာနှင့် စာသင်ကျောင်းများ မဖြစ်မနေ ရွှေ့ပြောင်းရာတွင် စာသင်ကျောင်းမြေ ပုံစံ ၁၀၅ လျှောက်ထားရာတွင် ကြန့်ကြာမှုများရှိသဖြင့် ရွာသူ/သား များ အခက်အခဲများစွာရှိသည်။ ကုန်ကျစရိတ်နှင့် အလုပ်ပျက်ကွက်မှုများစွာရှိသည်။ ခွင့်ပြုချက် လျှောက် ထားရာတွင်သက်ဆိုင် ရာဌာနများအနေဖြင့် အရေးယူ ဆောင်ရွက်ပေးမှု၊ ဝန်ဆောင်မှု အား နည်းသည်။ ရွာသူ/သားများအနေဖြင့် ဗဟုသုတနည်းပါးသည်။ ရွာသူ/သားများအနေဖြင့် အစိုးရ ဌာန ဆိုင်ရာနှင့် ချိတ်ဆက်မှုအားနည်းသည်။ အစိုးရဌာနများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဝန် ဆောင်မှု၊ တာ ဝန်ယူမှု၊ တာဝန်ခံမှုအား နည်းသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတဆင့် လွှတ်တော်သို့ တင်ပြ၍ ကျောင်းမြေပုံစံ ၁၀၅ အမြန် ဆုံးချထားပေးရန်။

**(ည) အစိုးရဌာနလစ်လပ်နေရာများတွင် ဒေသခံဘွဲ့ရ ပညာတတ်များအား ဦးစားပေးခန့်ထားပေးရန်**

ကျေးရွာစာသင်ကျောင်းတွင်ပညာရေးဝန်ထမ်း ပြည့်စုံလုံလောက်မှုမရှိ။ ပညာရေးဌာနမှ လစ် လပ်နေရာများအချိန်မီ ဖြည့်စွက်ခန့် ထားမှုမရှိ။ ဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားရှိသည်။ ကျောင်းသား အရေအတွက်များသည်။ အချိန်မီ ခန့်ထားခြင်းမရှိ။ အချို့ဝန်ထမ်းများ မိမိတာဝန် ကျနေရာသို့ သွား ရောက်တာ ဝန်ထမ်းဆောင်လိုခြင်းမရှိ။ ဝန်ထမ်းများကို ဖွဲ့စည်းပုံအင်အားအရ အချိန်မီ အမြန်ဆုံး ဖြည့်စွက် ခန့် ထားပေးရာတွင် ဒေသခံ ဘွဲ့ရပညာတတ်များအား ဦးစားပေးခန့်ထားပေးရန်။

**(ဋ) ကျား/မ လုပ်အားခတန်းတူ ရရှိရေး၊ အမျိုးသမီးကာကွယ်သည့် ဥပဒေ ပြဋ္ဌာန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။**

အလုပ်အမျိုးအစား၊ အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်မှုနှင့် ပင်ပန်းမှုတူသော်လည်း ကျား/မ နေ့စား လုပ်အားခတန်းတူမရရှိကြပါ။ ကျား/မ ခွဲခြားမှု အနည်းငယ်ရှိသည်။ ၄င်းအပြင် အမျိုးသမီး များ လုံခြုံမှုနည်းနေသည်။ လက်ရှိအမျိုးသမီးကာကွယ်သည့် ဥပဒေသည်ထိရောက်မှု အားနည်းနေသေး သည်။ အမျိုးသမီးများအနေဖြင့် အတွေ့အကြုံဗဟုသုတနည်းသည်။ ပညာတတ်နည်းပါးသည်။ အဖွဲ့အ စည်းများနှင့်လည်း ချိတ်ဆက်မှုမရှိ။ ထို့ကြောင့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတဆင့် လွှတ်တော်သို့ တင်ပြ၍ ကျား/မ လုပ်အားခတန်းတူရရှိရေး၊ အမျိုးသမီးကာကွယ်သည့် ဥပဒေပြဋ္ဌာန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။

**(ဌ) ရေးဟောင်းယဉ်ကျေးမှုနယ်မြေအား ယူနက်စကိုအဖွဲ့ ဖြင့်ချိတ်ဆက်ပြီး ထိန်းသိမ်းရန်။ ယဉ်ကျေး မှု မြှင့်တင်ပေးရန်။**

ကျေးရွာသည် ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း ပါဝင်သည်။ ဟိုတယ်ခရီးသွားလုပ်ငန်း အတွက် သဘာဝအရင်းအမြစ်နှင့် ရှေးဟောင်းအမွေအနှစ်များ ကြွယ်ဝသည်။ ရှေးဟောင်းအမွေ အနှစ် နှင့် ရှေးဟောင်းအဆောက်အဦးများ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ သဘာဝအရင်းအမြစ်များ (ရေပူစမ်း/ ရှားပါး လင်းနို့ဂူ) စသည်တို့ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် ဖွံ့ဖြိုးမှုအားနည်းပြီး ပျက်စီးယိုယွင်း မှုများရှိနေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ငွေအင်အားနည်း သောကြောင့် ထိန်းသိမ်းနိုင်မှု အားနည်း သည်။ ငွေအင်အားနည်းသည်။ ယူနက်စကို အဖွဲ့အစည်း ရှိသည်။ ယူနက်စကိုအဖွဲ့၊ ဟိုတယ်ခရီးသွား ဌာနများနှင့် ချိတ်ဆက်နိုင်မှုအားနည်းသည်။ ယူနက်စကိုအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်၍ ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအား ထိန်းသိမ်းရန်။ ယဉ်ကျေးမှုမြှင့်တင် ပေးရန်။

**(ဍ) ကူးတို့နှင့် အများသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးရန်**

အချို့ကျေးရွာများမှာ ဧရာဝတီမြစ်တဖက်ကမ်းတွင် တည်ရှိပြီး အများစုမှာ မန္တလေး၊ သပိတ် ကျင်း၊ မိုးကုတ်၊ တကောင်းကားလမ်းဘေးနှင့် အတွင်းဘက်တို့တွင် တည်ရှိသည်။ ဒေသထွက်ကုန်များ

SAMPLE

အလုံအလောက်နှင့် ဈေးကွက်အလုံအလောက်ရှိသည်။ သွားလာရန် ရေကြောင်းနှင့် ကုန်လမ်းများလည်း ရှိသော်လည်း ပုံမှန်ပြေးဆွဲသည့် ယဉ်လိုင်းများ မရှိသောကြောင့် စင်းလုံးငှါး၊ သို့ မဟုတ် ကိုယ်ပိုင်ကား၊ ဆိုင်ကယ်ရှိသူများသာ အဆင်ပြေသွားလာနိုင်သော်လည်း ဆင်းရဲနှင့် အဆင်းရဲဆုံးများအတွက် ပုံမှန်နှင့် အရေးပေါ်သွားလာရန် အဆင်မပြေကြပါ။ ထို့ကြောင့် ပုံမှန်ပြေးဆွဲသည့် **ကူးတို့နှင့် အများသုံး ဘတ်စ်ကားလိုင်းပြေးဆွဲပေးရန်။**

## ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲ ထားနိုင်ကြသော်လည်း ငါးနှစ်တာကာလ တစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါ မည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ် ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ဆောင်ရွက် သွားကြပါမည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း(Functional classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင် ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက် အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Functional classification)*– ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း *(Economic classification)* တွင် သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအ သုံးစရိတ်၊ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထု သည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

SAMPLE

## ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **စီမံအုပ်ချုပ်မှုစနစ်ကဏ္ဍ** | | | | | |
| | **၁။ ကျေးရွာအဖွဲ့အစည်း များ စွမ်း ရည်မြှင့်တင်ရေး** | | | 1. ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့်အခြားအထောက်အကူပြုကော်မတီများစနစ်တကျဖွဲ့စည်းခြင်း။<br>2. အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲ မှုသင်တန်း<br>3. စာရင်းနှင့် မှတ်တမ်းရေး သွင်း နည်းသင်တန်း<br>4. ခေါင်းဆောင်မှု သင်တန်း၊<br>5. လေ့လာရေးခရီး။ | ကျေးလက် ဦးစီး |
| **စိုက်ပျိုးရေးကဏ္ဍ** | | | | | |
| | **၂။ စိုက်ပျိုးရေ ရရှိရေး** | | | ၆. စက်အဝီစိတွင်း တူးဖေါ် ခြင်း။<br>7. ရေစုပ်စက်ဖြင့် တစ်ပိုင်တစ်နိုင် ရေတင်စိုက်ပျိုးခြင်း/ ရေစုပ်စက်အရစ်ကျရောင်း ချခြင်း။ | ကုမ္ပဏီများ |
| | **၃။ သီးနှံအထွက်တိုး** | | | ၈. မျိုးကောင်းမျိုးသန့်ရရှိရေး<br>၉. လယ်ယာသုံးစက်ကရိယာများ အရစ်ကျရောင်းချပေးခြင်း<br>၁၀. နှစ်ရှည်ပင် စိုက်ပျိုးခြင်း | စိုက်ပျိုးရေးဦးစီးဌာန |
| | **၄။ စိုက်ပျိုးရေးနည်းပညာ** | | | ၁၁. မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၁၂. သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း (တီမြေဆွေး။ အီအမ် ဘိုကာရှီ စသည်)<br>၁၃. သစ်စိမ်းမြေသြဇာပြုလုပ်နည်း<br>၁၄. ကိုင်းကူးကိုင်းဆက်သင်တန်း<br>၁၅. ဘက်စုံပိုးမွှားကာကွယ်နည်းသင်တန်း<br>၁၆. သီးလှည့်စိုက်ပျိုးနည်းသင်တန်း<br>၁၇. ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်းသင်တန်း<br>၁၈. စံပြစိုက်ကွက် ထူထောင်ခြင်း<br>၁၉. တောင်သူပညာပေးစခန်းဖွင့်လှစ်ခြင်း<br>၂၀. လေ့လာရေးခရီး<br>၂၁. အခြေခံ လယ်ယာမြေ ဥပဒေ ပညာ သင်တန်း | စိုက်ပျိုးရေးဦးစီးဌာန |
| **မွေးမြူရေးကဏ္ဍ** | | | | | |
| | **၅။ မွေးမြူရေးတိုးမြှင့်ခြင်း** | | | ၂၂. ဆင်းရဲဆုံးမိသားစုများ တစ်ပိုင် တစ်နိုင် မွေးမြူရေး<br>၂၃. တစ်ပိုင်တစ်နိုင်မွေးမြူရေးတိုးချဲ့ခြင်း<br>၂၄. အာဟာရတန်ဖိုးမြှင့်မြက်စိုက်ခင်းထူထောင်ပေးခြင်း<br>၂၅. မွေးမြူရေးချေးငွေထူထောင်ပေးခြင်း | တိမွေးကု ဦးစီးဌာန |
| | **၆။ မွေးမြူရေးနည်းပညာ** | | | ၂၆. တိမွေးကုသင်တန်း<br>၂၇. ပျားမွေးမြူရေသင်တန်း | တိမွေးကု ဦး စီး ဌာန |
| **စိုက်ပျိုး မွေးမြူရေးမဟုတ် သော ဝင်ငွေရ လုပ်ငန်း များကဏ္ဍ** | | | | | |
| | **၇။ အသက်မွေးဝမ်းလုပ်ငန်းများ တိုးမြှင့်ခြင်း** | | | ၂၈. သုံးဘီးတက္ကစီထူထောင်ခြင်း<br>၂၉. ခေတ်မီလက်သမား၊ ပန်းရံပစ္စည်းများထူထောင်ခြင်း<br>၃၀. ခေတ်မီစက်ချုပ်/အလှပြင်ပစ္စည်းများထူထောင်ခြင်း | |

SAMPLE

| | | |
|---|---|---|
| | ၃၁. သစ်၊ဝါးအခြေခံ ကုန်ချောထုတ်လုပ်ခြင်း<br>၃၂. ဌာနဆိုင်ရာဝန်ထမ်းများ လစ်လပ်နေရာ တွင် ဒေသခံ ဘွဲ့ရပညာတတ်များအား ဦးစား ပေး ခန့်ထားပေးရန်နှင့် မြို့နယ်ဦးစီးမှူးများ အား ဒေသနှင့်ကိုက်ညီသော စီမံခန့်ခွဲခွင့် ပြု ပေးရန် | |
| **၈။ အသက်မွေးဝမ်းနည်း ပညာ** | ၃၃. သစ်သီးယိုစုံလုပ်ငန်းသင်တန်း<br>၃၄. စက်ချုပ်နှင့်အိမ်တွင်းမှု အဆင့်မြင့်သင် တန်း<br>၃၅. မုန့်မျိုးစုံသင်တန်း<br>၃၆. ရေခဲမုံ့နှင့် ဂျယ်လီသင်တန်း<br>၃၇. လက်သမား၊ ပန်းရံအဆင့်မြင့် သင်တန်း<br>၃၈. အိမ်သုံးလျှပ်စစ်ပြုပြင်နည်းသင်တန်း<br>၃၉. စက်ပြင်သင်တန်း<br>၄၀. ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>၄၁. စီးပွါးဖြစ် မှိုစိုက်ပျိုးနည်းသင်တန်း<br>၄၂. ဆံပင်ညှပ်၊ အလှပြင်သင်တန်း<br>၄၃. ဖန်စီထိုးသင်တန်း<br>၄၄. လက်ယက္ကန်း၊ စက်ယက္ကန်းသင်တန်း<br>၄၅. မှျစ်ချဉ်/မှျစ်ခြောက်ပြုလုပ်နည်းသင်တန်း<br>၄၆. သစ်၊ဝါး၊ ကြိမ် ကုန်ချောသင်တန်း<br>၄၇. တယ်လီဖုန်းပြုပြင်သင်တန်း<br>၄၈. ရွှေ၊ကျောက် ကုန်ချောထုတ်သင်တန်း<br>၄၉. စွပ်ကျယ်တံဆိပ်ရိုက်သင်တန်း<br>၅၀. ပန်းဘဲသင်တန်း | ကျေးလက်နှင့်အသက်မွေးဦးစီး ဌာန |
| **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | |
| **၉။ ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှု** | ၅၁. မြစိမ်းရောင်စီမံကိန်း<br>၅၂. နှစ်ရှည်ချေးငွေစနစ်<br>၅၃. ဆင်းရဲသားများအတွက် ရံပုံငွေထူထောင်ခြင်း (ငွေစု/ ငွေချေးစနစ်ထူထောင်ခြင်း) | ကျေးလက် |
| **ပညာရေးကဏ္ဍ**<br>**၁၀။ ပညာရေးမြှင့်တင်ခြင်း** | ၅၄. ကျောင်းဆောင်အဟောင်းပြုပြင်ခြင်း<br>၅၅. ကျောင်းယင်လုံအိမ်သာ ဆောက်လုပ်ခြင်း။<br>၅၆. ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း<br>၅၇. ကျောင်းသောက်ရေသန့် ရရှိရေး<br>၅၈. ကျောင်းခြံစည်းရိုးဆောက်လုပ် ခြင်း<br>၅၉. ကျောင်းပရိဘောဂ<br>၆၀. ကျောင်းသင်ထောက်ကူပစ္စည်း<br>၆၁. ကျောင်းအားကစားပစ္စည်း<br>၆၂. ကျောင်းစာကြည့်တိုက်ထူထောင်ခြင်း<br>၆၃. နှစ်စဉ် ကျောင်းပြေးခုန်ပစ်ပြိုင် ပွဲများ၊<br>၆၄. စာပေပြိုင်ပွဲများ ကျင်းပပေးခြင်း<br>၆၅. ဆရာဖြစ်သင်တန်းပေးခြင်း<br>၆၆. ကလေးငယ်များအာဟာရပြည့်ဝရေးဆောင် ရွက်ခြင်းနှင့် ကျောင်း ကျန်းမာရေးပညာပေး အစီအစဉ် | ပညာရေးဦးစီးဌာန |
| **ကျန်းမာရေးကဏ္ဍ**<br>**၁၁။ ကျန်းမာရေးအ ဆောက်အဦးများ မြှင့်တင်ခြင်း** | ၆၇. ဆေးခန်းဆောက်လုပ်ခြင်း<br>၆၈. တိုင်းရင်းဘယဆေးခြံထူ ထောင်ခြင်း<br>၆၉. အခြေခံမရှိမဖြစ်အိမ်သုံးဆေးဆိုင် ထူထောင် ခြင်း | အားကစားနှင့် ကျန်းမာရေး |

SAMPLE

| | | |
|---|---|---|
| | | ဦးစီးဌာန |
| <u>၁၂။ ကျန်းမာရေးနည်း ပညာ</u> | ၇၀. အရံသားဖွါးသင်တန်း<br>၇၁. အခြေခံကျန်းမာရေးသင်တန်း<br>၇၂. တိုင်းရင်းဆေးသင်တန်း<br>၇၃. ကျန်းမာရေးပညာပေးသင်တန်း | အားကစားနှင့် ကျန်းမာရေး ဦးစီးဌာန |
| **ရေနှင့်ဝ‌ဝ် သန့်ရှင်းရေးကဏ္ဍ** | | |
| <u>၁၃။ သောက်ရေသန့် ရှင်းရေး</u> | ၇၄. ကျေးရွာသောက်ရေသန့်ရရှိရေး<br>၇၅. ဆင်းရဲသားများ ယင်လုံအိမ်သာ ဆောက်လုပ်ခြင်း | |
| **လူငယ်၊ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍ** | | |
| <u>၁၄။ လူငယ်ဖွံ့ဖြိုးရေး</u> | **အသက်မွေးဝမ်း ကျောင်းသင် တန်းများ ဖွင့်လှစ်ခြင်း၊**<br>၇၆. အင်္ဂလိပ်စာသင်တန်း<br>၇၇. ကွန်ပျူတာသင်တန်း<br>၇၈. တယ်လီဖုန်းပြင်သင်တန်း<br>၇၉. ဆို၊က၊ရေး၊တီး သင်တန်း<br>၈၀. တိုင်းဒေသကြီးလူငယ်ဖိုရမ်များ နှင့် ချိတ်ဆက် လှုပ်ရှားခြင်း | |
| | **လူငယ်များ လုံခြုံမှု**<br>၈၁. ယဉ်စည်းကမ်း၊ လမ်းစည်း ကမ်းသင်တန်း<br>၈၂. လူကုန်ကူးကာကွယ်တား ဆီးရေး သင်တန်း<br>၈၃. အမျိုးသမီး ကာကွယ်စောင့် ရှောက်မှု သင်တန်း<br>၈၄. လူငယ်များကိုယ်ခံပညာသင် တန်း<br>၈၅. မူးယစ်ဆေးအသိပညာပေး သင်တန်း | |
| | **လူငယ်များလေ့လာသင်ယူမှု မြှင့်တင်ရေး**<br>၈၆. နှစ်စဉ် စာပေဟောပြောပွဲ ကျင်းပခြင်း<br>၈၇. ခေတ်မီအင်တာနက်စာ ကြည့်တိုက်ထူ ထောင်ခြင်း<br>၈၈. အင်တာနက်လေ့လာသင်ယူမှု သင်ကြား ပေးခြင်း | |
| | **ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် မြှင့်တင်ရေး**<br>၈၉. ရိုးရာ/ခေတ်ပေါ်တီးဝိုင်းထူ ထောင်ပေး ခြင်း<br>၉၀. ဆို၊က၊ရေး၊တီး ပြိုင်ပွဲများ ကျင်းပပေး ခြင်း/ပါဝင်ယှဉ် ပြိုင်နိုင်မှုအခြေအနေဖန်တီး ခြင်း<br>၉၁. ရိုးရာဘုရားပွဲများတွင် လူငယ်များ ဆန်းသစ်တီထွင်မှုနှင့် ပြိုင်ပွဲများကျင်းပပေး ခြင်း | |
| | **လူငယ်များ ဖွံ့ဖြိုးရေးအဖွဲ့များတွင်မျှတ၊ တက်ကြွစွာ ပါဝင်လာစေရေး**<br>၉၂. ကော်မတီဖွဲ့စည်းရာတွင် လူငယ်များ အချိုးကျ ပါဝင် ဖွဲ့စည်းပေးခြင်း | |
| | **လူငယ်များအားကစားမြှင့်တင်ခြင်း**<br>၉၃. အားကစားကွင်းနှင့်အားကစားပစ္စည်းများ နှင့် ကိုယ်ကာ ယအလှလေ့ကျင့်ပစ္စည်းများ<br>၉၄. နှစ်စဉ်ပြေးခုန်ပစ်နှင့် အား ကစားပြိုင်ပွဲ များကျင်းပခြင်း (ကျေးရွာအဆင့်၊ကျေး ရွာအုပ် စုအဆင့်၊ မြို့နယ်အ ဆင့်၊ တိုင်းအဆင့် စသည်) | အားကစားနှင့် ကျန်းမာ ရေးဦးစီး |

SAMPLE

| | | | |
|---|---|---|---|
| | | | ဌာန |
| **<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u>** | | | |
| | **<u>၁၅။ ကျေးရွာလမ်းတံတား</u>** | ၉၅. ရွာတွင်းကျောက်ချောလမ်းခင်းခြင်း၊<br>၉၆. ရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း<br>၉၇. တံတားဆောက်လုပ်ခြင်း | ကျေးလက် ဦးစီး |
| | **<u>၁၆။ ကျေးရွာမီးလင်းရေး</u>** | ၉၈. ကျေးရွာမီးလင်းရေး | ကျေးလက် |
| **သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဘေးအန္တရာယ်လျှော့ချခြင်းကဏ္ဍ** | | | |
| | **<u>၁၇။ သဘာဝဘေးလျှော့ချ ရေး</u>** | ၉၉. မီးသတ်ကားထူထောင်ခြင်း<br>၁၀၀. အရံမီးသတ်စနစ်တကျဖွဲ့ စည်းခြင်း<br>၁၀၁. သဘာဝဘေးအန္တရာယ် လျှော့ချရေး သင်တန်း<br>၁၀၂. ပုဂ္ဂလိက ကျွန်းစိုက်ခင်း ထူ ထောင်ခြင်း<br>၁၀၃. ဘေးမဲ့တော ထူထောင်ခြင်း | |
| | | | |
| **မူဝါဒများ** | | | |
| | **၁၈။ ဒေသ၏လိုအပ်ချက် မူဝါဒများကို လွှတ်တော်သို့ တင်ပြခြင်း** | ၁၀၄. မြေယာကော်မတီစနစ်တကျ ဖွဲ့စည်းပေး ရန်<br>၁၀၅. ပုံစံ ၇ ကို စနစ်တကျ ကွင်းဆင်းဆောင် ရွက်ပေးရန်<br>၁၀၆. လယ်ယာမြေ ဥပဒေပြင်ဆင်ပေးရန်<br>၁၀၇. ကျေးရွာပိုင် စားကျက်မြေ ပြန်လည်ချ ထားပေးရန်<br>၁၀၈. ကျေးရွာတွင်း အခွန်လွတ် သားငါးဈေး တည်ဆောက် ပေးရန်။<br>၁၀၉. သားသတ်နှင့် မွေးမြူရေး လိုင်စင်ကို တောင်သူများနှင့် သင့်လျော်အောင် ဥပဒေ ပြင် ဆင် ရေးဆွဲပေးရန်။<br>၁၁၀. ဈေးကွက်တည်ငြိမ်ရေးနှင့် အလေးတင်း တောင်း မှန်ကန်ရေး အစိုးရမှ ကြီးကြပ် ဆောင် ရွက်ပေးရန်/ အရေး ယူဆောင်ရွက်ပေးရန်။<br>၁၁၁. ဒေသခံများအတွက် တစ်ပိုင်တစ်နိုင်ရွှေ၊ ကျောက်လုပ်ငန်းကို ဥပဒေအရတရားဝင်လုပ် ကိုင်ခွင့် လိုင်စင်များ ချထားပေးရန်။<br>၁၁၂. အစိုးရဌာနလစ်လပ်နေရာများအား ဒေသ ခံ ဘွဲ့ရပညာတတ်များအား ဦးစားပေးခန့်ထား ပေး ရန်။<br>၁၁၃. ကျား/မ လုပ်အားခတန်းတူရရှိရေး အမျိုး သမီးကာကွယ်သည့်ဥပဒေ ပြဋ္ဌာန်းပေးရန်နှင့် ပညာပေးဆောင်ရွက်ပေးရန်။<br>၁၁၄. ရှေးဟောင်းယဉ်ကျေးမှုနယ် မြေအား ယူနက်စကိုအဖွဲ့ ဖြင့်ချိတ်ဆက်ပြီး ထိန်းသိမ်း ရန်။ ယဉ်ကျေးမှုမြှင့်တင်ပေးရန်။<br>၁၁၅. ဟိုတယ်နှင့်ခရီးသွားလုပ် ငန်း မြှင့်တင်ပေးရန်။<br>၁၁၆. ပုံမှန်ဘတ်စ်ကားလိုင်းပြေးဆွဲပေးရန်။ | လွှတ်တော် သို့ တင် ပြရန်။ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

SAMPLE

| စီမံချက် | အဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာအဖွဲ့အစည်း များ စွမ်း ရည်မြှင့်တင်ရေး | ၁၇ | Â | | | | |
| ၂။ စိုက်ပျိုးရေ ရရှိရေး | ၁၄ | Â | Â | Â | | |
| ၃။ သီးနှံအထွက်တိုး | ၁၀ | Â | | | | |
| ၄။ စိုက်ပျိုးရေးနည်းပညာ | ၁၁ | Â | Â | Â | Â | Â |
| ၅။ မွေးမြူရေးတိုးမြှင့်ခြင်း | ၁၃ | Â | | | | |
| ၆။ မွေးမြူရေးနည်းပညာ | ၁၅ | Â | Â | Â | | |
| ၇။ အသက်မွေးဝမ်းလုပ်ငန်းများတိုးမြှင့်ခြင်း | ၄ | Â | Â | | | |
| ၈။ အသက်မွေးဝမ်းနည်းပညာ | ၅ | Â | Â | Â | Â | Â |
| ၉။ ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှု | ၃ | Â | | | | |
| ၁၀။ ပညာရေးမြှင့်တင်ခြင်း | ၆ | Â | Â | Â | | |
| ၁၁။ ကျန်းမာရေးအဆောက်အဦးများ မြှင့်တင်ခြင်း | ၉ | | Â | Â | | |
| ၁၂။ ကျန်းမာရေးနည်းပညာ | ၈ | Â | Â | Â | Â | Â |
| ၁၃။ သောက်ရေသန့် | ၇ | | Â | Â | | |
| ၁၄။ လူငယ်ဖွံ့ဖြိုးရေး | ၁၂ | Â | Â | Â | Â | Â |
| ၁၅။ ကျေးရွာလမ်းတံတား | ၁ | Â | Â | | | |
| ၁၆။ ကျေးရွာမီးလင်းရေး | ၂ | Â | | | | |
| ၁၇။ သဘာဝဘေးလျှော့ချရေး | ၁၆ | Â | Â | Â | Â | Â |
| ၁၈။ ဒေသ၏လိုအပ်ချက် မူဝါဒများကို လွှတ်တော်သို့ တင်ပြခြင်း | ၁၈ | Â | Â | Â | Â | Â |

SAMPLE

### ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီ သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန် ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျတ်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း ငွေလုံး ငွေရင်းအ သုံးစရိတ် | အသုံးစရိတ် စွမ်းဆောင်ရ ည်မြင့်တင်ရေး | လူသားချင်းစ တနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| ၁ | ကျေးရွာအဖွဲ့အစည်းများစွမ်းရည်မြှင့်တင်ရေး | | | | √ | |
| ၂ | စိုက်ပျိုးရေ ရရှိရေး | | | √ | | |
| ၃ | သီးနှံအထွက်တိုး | | | √ | | |
| ၄ | စိုက်ပျိုးရေးနည်းပညာ | | | | √ | |
| ၅ | မွေးမြူရေးတိုးမြှင့်ခြင်း | | | √ | | |
| ၆ | မွေးမြူရေးနည်းပညာ | | | | √ | |
| ၇ | အသက်မွေးဝမ်းလုပ်ငန်းများတိုးမြှင့်ခြင်း | | | √ | | |
| ၈ | အသက်မွေးဝမ်းနည်း ပညာ | | | | √ | |

| | | | | | |
|---|---|---|---|---|---|
| ၉ | ဘဏ်နှင့်ငွေကြေးဝန် ဆောင်မှု | | √ | | |
| ၁၀ | ပညာရေးမြှင့်တင်ခြင်း | | √ | | |
| ၁၁ | ကျန်းမာရေးအဆောက်အဦးများမြှင့်တင်ခြင်း | | √ | | |
| ၁၂ | ကျန်းမာရေးနည်းပညာ | | | √ | |
| ၁၃ | သောက်ရေသန့် | | √ | | |
| ၁၄ | လူငယ်ဖွံ့ဖြိုးရေး | | √ | √ | |
| ၁၅ | ကျေးရွာလမ်းတံတား | | √ | | |
| ၁၆ | ကျေးရွာမီးလင်းရေး | | √ | | |
| ၁၇ | သဘာဝဘေးလျှော့ချရေး | | | | √ |
| ၁၈ | ဒေသ၏လိုအပ်ချက် မူဝါဒများကို လွှတ်တော် သို့ တင်ပြခြင်း | √ | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မ တီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင် ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်း မွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ် လမ်းအ ဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံကိန်းများအကောင် အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြား သော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

### (၁၀-၃) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင် ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း / ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။ ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများ အတွက် ကန်ထရိုက်များစိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်း များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စ မျိုးတွင်

SAMPLE

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**၁၀.၄ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အ စည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်း ကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

**၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေ များအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ် ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော် သောနည်းလမ်းကိုလက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်း စနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်; ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကိုစနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက် ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီး တို့က မိမိ တို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက် အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံး ချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report)ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင် ရွက်ရမည့် ကိစ္စများကိုကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ် စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာအကောင်အထည် ဖော် ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊ ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

SAMPLE

ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊ (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊ ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊ ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက် အပံ့များ စသည် တို့ ပါဝင်ပါမည်။

**(၁၁-၂ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက် မှာ ကျွန်ုပ်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီး နိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြု ချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**နောက်ဆက်တွဲ (၁)**

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

ဇယား ( ၁) လူဦးရေနှငင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| **အသက်အုပ်စု** | | **ကျား** | **မ** | **စုစုပေါင်း** | **စုစုပေါင်း၏ %** |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၃၂ | ၄၈ | ၈၀ | ၃.၄ |
| ၁ နှစ်မှ ၅နှစ်အောက် | ၅နှစ်အောက်ကလေးငယ် | ၁၃၃ | ၁၉၄ | ၃၂၇ | ၁၃.၈ |
| ၅ နှစ်မှ ၉နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၅၅ | ၁၅၃ | ၃၀၈ | ၁၃ |
| ၉ နှစ်အထက်မှ ၁၄နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၅၂ | ၁၇၈ | ၃၃၀ | ၁၃.၉ |
| ၁၄ နှစ်အထက်မှ ၆၀နှစ်အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၆၁၆ | ၆၁၃ | ၁၂၂၉ | ၅၁.၉ |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၁ | ၅၄ | ၉၅ | ၄ |
| **စုစုပေါင်း လူဦးရေ** | | **၁၁၂၉** | **၁၂၄၀** | **၂၃၆၉** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု - ၄၂၉** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၅.၅** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ ဆယ်ဇင်းကုန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၄၂၉) မှ လူဦးရေပေါင်း (၂၃၆၉) ( က ၁၁၂၉ + မ ၁၂၄၀) ရှိသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ (၅.၅) ရှိသဖြင့် မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော တစ် အိမ်ထောင်ပျမ်းမျှလူဦးရေတိုးပွါးမှု ၅ ယောက်နှုန်းနှငင့် ကိုက်ညီလျက်ရှိသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော အရွယ် လူဦးရေမှာ ၁၂၂၉ ဦး (၅၁.၉%) ရှိပြီး၊ မှီခိုသူဦးရေမှာ

SAMPLE

၁၁၄၀ ဦး (၄၈.၁%) ရှိသောကြောင့် ကျေးရွာ၏ အလုပ် လုပ်နိုင်သော အရွယ် လူဦးရေ အသငင့်အတငင့်ရှိသည်ကို တွေ့ရပါသည်။ ၄င်းအလုပ်လုပ်နိုင်သောသူများကို အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများ ထောက်ပံ့ပေးခြင်း၊ တစ်ပိုင်တစ်နိုင်လုပ်ငန်း များ ထူထောင် နိုင်မည်ဆိုပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် အလားအလာ ကောင်းများရှိပါသည်။ အလုပ် လုပ်နိုင်သော အရွယ်တွင် အမျိုးသား အလုပ်လုပ်နိုင်သော လူဦးရေနှငင့် အမျိုးသမီးဦးရေ ညီမျှနေသည်ကိုလည်း တွေ့ရပါသည်။ တစ်နှစ်အောက်လူဦးရေမှာ ၈၀ ဦး (၃.၄%) သာ ရှိသဖြင့် လူဦးရေမွေးဖွါးနှုံး နည်းသည်ကိုတွေ့ရ သည်။ တစ်နှစ်နှငင့် ၅ နှစ်အောက် လူဦးရေ ၃၂၇ ယောက် (၁၃.၈%) ရှိသဖြင့် ၅ နှစ်အောက် ကာကွယ်ဆေးထိုးရမည့် အရေအတွက်ကို အတိအကျ သိရှိနိုင်သည်။ မူလ တန်းနှင့် အလယ်တန်း ကျောင်းနေအရွယ်လူဦးရေကိုလည်း သိရှိရသောကြောင့် ကျောင်းနေအရွယ်က လေးတိုင်း ကျောင်းနေနိုင် ခြင်း ရှိမရှိကို အလွယ်တကူ နှိုင်းယှဉ်သိရှိနိုင်မည်ဖြစ် ပါသည်။ ၆၀ နှစ် နှငင့်အထက် သက်ကြီးရွယ်ကြီး ၉၅ ယောက် (၄%) ရှိသဖြင့် ကျန်းမာရေးအ ခြေအနေ အသင့်အတင့် ရှိကြောင်း ခန့်မှန်းသိရှိနိုင်ပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| ၁ | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄၂၇ | | ၈၉၆ | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၇၄၄ | ၇၄၄ | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၆ | ၆ | ငါးဖမ်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | ၁၃ | ၁၁ | ပန်းရံ၊လက်သမား |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |



SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက်<br>လုပ်ကိုင်သူ<br>ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်<br>ထောင်စု | % | မိသားစုဝင်<br>လုပ်အား | | |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | ၂ | ပန်းပဲ၊ကားမောင်း |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၂ | ၂ | လဘက်ရည်ဆိုင် |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၂ | **ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၃ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၄ | **အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၅ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ( အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့ဝ့်စ် ဘေးကင်းလုံခြုံရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၃ | ၃ | ရဲ၊စာရေး၊ဥက္ကဌ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၆ | **ပညာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၇ | **ကျန်းမာရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်<br>အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် | | | | | |

SAMPLE

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူ ဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ် ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၂၀ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| | **စုစုပေါင်း** | ၄၂၉ | | ၁၆၆၆ | ၇၆၈ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကအသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး စိုက်ပျိုးရေးကို မှီခိုအားထားသူ (၄၂၇) အိမ်ထောင်စုနှင့် ပန်းရံ ၂ဦး ရှိသည်။ ၎င်းလုပ်ငန်းများတွင် လုပ်ကိုင်နေကြသော မိသားစုဝင် လုပ်အားမှာ ၁၆၆၆ ဦးရှိသည်ကို လေ့လာတွေ့ရှိရသောကြောင့် တစ်အိမ်ထောင် ပျမ်းမျှမိသားစုဝင် လုပ်အားအနေ ဖြင့် ၃ ယောက်နှုန်း အလုပ်လုပ်နေကြရသည်ကို တွေ့ရသည်။ အလုပ်လုပ်နိုင်သောအရွယ် ၁၂၂၉ ရှိပြီး အလုပ်လုပ်နေသူ ၁၆၆၆ ဦးရှိနေသဖြင့် အလုပ်လက်မဲ့/ အလုပ်မရှိကြောင်းတွေ့ရသည်။ တွဲဖက်လုပ်ငန်းအနေဖြင့် မွေးမြူရေးတွဲဖက်လုပ်ကိုင်သူ ၇၄၄ ဦး၊ ငါးဖမ်း ၆ဦး၊ ပန်းရံလက်သမား ၁၁ဦး၊ ပန်းဘဲ ၁ ဦး၊ ဈေးဆိုင် ၂ ဦး၊ ကားမောင်းတွဲဖက်လုပ်ကိုင်သူ ၁ ဦး၊ ကျောင်းဆရာမ တွဲဖက်လုပ် ကိုင်သူ ၂ ဦး၊ စုစုပေါင်း တွဲဖက်လုပ်ငန်းလုပ်ကိုင်သူ အရေအတွက် ၇၆၈ ခုတွေ့ရသဖြင့် ဆင်းရဲသားမိသားစု ၇၆၈ အိမ်ထောင်မှာ လုပ်ငန်း တစ်မျိုးထက်ပို၍၊ သို့မဟုတ် လူတစ်ဦးတည်းက ဝင်ငွေရလုပ်ငန်းများကို လုပ်ငန်း တစ်မျိုးထက်ပို၍ တွဲဖက်လုပ်ငန်းအနေ ဖြင့် အလုပ်လုပ်နေကြရ သည်ကိုလည်း တွေ့ရသည်။

### (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၃၀၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | | |

SAMPLE

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပ်ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် နေ့စားလုပ်ကိုင်ရသောလုပ်ငန်းအမျိုးအစား ၂ မျိုးရှိသည်ကို တွေ့ရသည်။ လယ်ယာလုပ်ငန်းတွင် အမျိုးသား အများဆုံးလုပ်ခမှာ ၄၀၀၀ ကျပ် နှင့် အနည်းဆုံးလုပ် ခမှာ ၃၄၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ ၃၅၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၀၀၀ ကျပ် ဖြစ်ပါသည်။

ဆောက်လုပ်ရေးပန်းရံ၊ လက်သမားလုပ်ငန်းတွင် အမျိုးသား အများဆုံးလုပ်ခမှာ ၇၀၀၀ ကျပ် နှင့် အနည်းဆုံးလုပ်ခမှာ ၄၀၀၀ ကျပ်ဖြစ်သည်။ အမျိုးသမီးအများဆုံးလုပ်ခမှာ ၅၀၀၀ ကျပ်ဖြစ်ပြီး အနည်းဆုံးလုပ်ခမှာ ၃၀၀၀ ကျပ် ဖြစ်ပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၅၄၇ | သင့်တင့် | မရ | မိုးရေ၊တွင်းရေ၊စိမ့်စမ်းရေသွယ် |
| ယာမြေ /တောင်ယာ | ၂၀၀၁ | သင့်တင့် | မရ | မိုးရေ၊တွင်းရေ၊စိမ့်စမ်းရေသွယ် |
| ဥယျာဉ်ခြံမြေ | | | | |
| အိမ်ခြံဝင်း စိုက်ခင်း | ၂၆၃ | သင့်တင့် | မရ | မိုးရေ၊တွင်းရေ၊စိမ့်စမ်းရေသွယ် |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာမြေ | | | | |
| ကိုင်း/ကျွန်းမြေ | ၅၃ | ကောင်း | မရ | မြစ်ရေ |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၂၈၆၄** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့်သည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမှာ လယ်မြေ ၅၄၇ ဧက၊ တောင်ယာမြေ ၂၀၀၁ ဧက၊ အိမ်ခြံဝင်းစိုက်ခင်း ၂၆၃ ဧကနှင့် ကိုင်းကျွန်း ၅၃ ဧက၊ စုစုပေါင်း စိုက်ပျိုးမြေ ၂၈၆၄ ဧကရှိသည်။ စိုက်ပျိုးမြေ အားလုံး၏ မြေအရည်အသွေးမှာအသင့်အတင့်ရှိပြီး ဆည်မရှိသော ကြောင့်လည်း စိုက်ပျိုးမြေအားလုံးမှာ

နှစ်စဉ်မိုး ရေ၊ တွင်းရေနှင့် စိမ့်စမ်းရေကိုသာ အားကိုးစိုက်ပျိုးကြရသည်။ ထို့ကြောင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်းမရှိ၊ မိုးရေလုံလောက်မှုမရှိ၊ သီးနှံအောင်ရေမရ၊ လိုအပ်သလို ရေသွင်းစိုက်ပျိုး နိုင်ခြင်းလည်း မရှိသောကြောင့် သီးနှံ အထွက်နှုန်းနည်းသည်။ ရွှေပန်းချောင်းအား တစ်ဖက်ပိတ်ဆည် ပြုလုပ်မည်ဆိုပါက စိုက်ပျိုးရေလုံလောက်စွာ ရရှိနိုင်မှာဖြစ်သည်။ နှစ်ရှည်ဥယျာဉ်စိုက်ပျိုးရန် ရေမြေရာသီဥတု သင့်လျော် သော်လည်း အရင်းအနှီးနှင့် နည်းပညာအတွေ့ အကြုံနည်းသည်။ စိုက်ပျိုးမြေ ၈၂၅ ဧကအနက် ဧက ၂၀၀ ကျော်သာ စိုက်ပျိုးမြေ ပုံစံ ၇ ရှိပြီး ကျန် ဧက ၆၀၀ ကျော်မှာ တောင်သူများမှ လျှောက်ထား သောလည်း မြေစရင်းဌာနမှ အချိန်မီ ကွင်းဆင်းဆောင် ရွက်နိုင်ခြင်းမရှိသောကြောင့် ပုံစံ ၇ ရရှိနိုင် ခြင်း မရှိသေးပါ။ ဧက ၁၀၀ ကျော်မှာ ရွှေပြည်သာ ကုမ္ပဏီမှ လျော်ကြေးငွေမရဘဲ အသိမ်းခံခဲ့ကြရသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ)** |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) (ထင်း၊ မီးသွေး) | များ | လွယ် |
| အခြား ရင်းမြစ်များ (ရွှေ) | သင့် | ခက် |
| **အခြားသဘာဝရင်းမြစ်**<br>သဲ၊ ကျောက်၊ ခဲ၊ ရွှေ | သင့် | ခက် |
| **အခြားသဘာဝရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ (မျောက်၊ ယုန်၊ ဂျီ၊ တောဝက်) | နည်း | လက်လှမ်းမမီ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) **(ဝံအူမြစ်၊ သရင်းကြီးမြစ်၊ ဆင်တုန်းမနွယ်၊ ရှဉ့်ဝဉ်မတက်)** | သင့် | လက်လှမ်းမီ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သဘာဝ အရင်းအမြစ်အနေဖြင့် ထင်း၊ မီးသွေးရရှိနိုင်မှု နည်း ပြီး လက်လှမ်းမီှမှု နည်းပါသည်။ သဘာဝပေါက်ပင်အနေဖြင့် အင်၊ ထောက်ကြန့်၊ ဝါး၊ တယော်ပင်၊ သစ်ယာ၊ အင်ကြင်း၊ ရှား စသည်တို့ရှိသော်လည်း တဖြည်းဖြည်းရှားပါးလာသဖြင့် လက်လှမ်းမီှမှု နည်း ပါးသည်။ ရရှိနိုင်မှု ခက်ခဲသည်။ သစ်၊ ဝါးအခြေခံကုန်ချော ထုတ်လုပ်ရန် ကျွမ်းကျင်မှုအားနည်းသည်။ အခြားအရင်းအမြစ်များအနေဖြင့် ဆောက်လုပ်ရေးအတွက် အသုံးဝင် သော သဲ၊ ကျောက်ကို အလုံအ လောက် ရရှိနိုင်ပြီး ရွှေနှင့် ခဲ အနည်းငယ်ထွက်ရှိသော်လည်း ကျေးရွာလူထု အနေဖြင့် အရင်းအနှီးနှင့် နည်းပညာအားနည်းသောကြောင့် ထိရောက်သော အကျိုးအမြတ်ကို မရရှိနိုင်ကြပါ။ ၎င်းအပြင် ရွှေထွက် သည့် နေရာများကိုလည်း ပြင်ပကုမ္ပဏီများမှ သိမ်းယူထားသောကြောင့် ကျေးရွာသူ၊ ကျေးရွာသား များအနေဖြင့် ၎င်းရွှေတွင်းများတွင် နေ့စားအနေဖြင့် လုပ်အားခ နည်းနည်း ဖြင့် ပင်ပန်းစွာသွားရောက် အလုပ်လုပ်ကိုင်ကြရသည်။ သဘာဝတောရိုင်းတိရစ္ဆာများအနေဖြင့် မျောက်၊ ယုန်၊ ဂျီ၊ တောဝက်၊ ငါးနှင့် ငှက်မျိုးစုံ တွေ့ရှိနိုင်သော်လည်း ရရှိနိုင်မှု၊ လက်လှမ်းမီှမှု နည်းသည်။ သဘာဝ ဆေးဖက်ဝင်အပင် အနေ ဖြင့် ဝံအူမြစ်၊ သရင်းကြီးမြစ်၊ ဆင်တုံးမနွယ်၊ ရှဉ့်မတက် စသည်တို့ အလုံအလောက်ထွက်ရှိ သော်လည်း ၎င်းသဘာဝအရင်းအမြစ်များကို ဖွံ့ဖြိုးရေးအတွက် အသုံးပြုနိုင်ရန် ဗဟုသုတနှင့် နည်း ပညာ အားနည်းနေကြပါသည်။ ရွာ၏အရှေ့မြောက်ဖက် ၁ ဖာလုံခန့်အကွာအဝေးတွင် ရှေးဟောင်း ဘုရားရှိသည်။

### (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| **အကြောင်း အရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |

| အကြောင်း အရာ | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိ သောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | | ၅ ဧကနှင့် အထက် | ၅ ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | | တိုက်၊ သွပ်မိုး၊ အုတ်နံရံ၊ အင်္ဂတေခင်း | သက္ကယ်မိုး၊ ဝါးထရံကာ၊ ပျဉ်ခင်း | သက္ကယ်မိုး၊ အင်ဖက်ကာ၊ ဝါးကြမ်းခင်း |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | | လက်တွန်းထွန်စက်ဖော ကား-၁၊ ထော် လာဂျီ-၁၊ မီးစက်ဒိုင်နမို-၁၊ ရေစုပ်စက်-၂၊ ကြိတ်ခုံ-၁။ | ခိုင်းနွားရှဉ်း ပေါက်တူး၊ ဂေါ်ပြား၊ စို့၊ တူ၊ အင်ဝိုင်း၊ သံတူရွင်း၊ ခြင်းတောင်း။ | ပေါက်တူး၊ ဂေါ်ပြား၊ စို့၊ တူ၊ အင်ဝိုင်း၊ သံတူရွင်း၊ ခြင်းတောင်း။ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | | ကား-၁ စင်း၊ ဆိုင်ကယ်-၂ စီး၊ ဖုန်း-၃ လုံး၊ ရေခဲသေတ္တာ-၁၊ တီဗွီ-၁၊ စလောင်း ၁၊ ပန်ကာ-၁၊ ဒီဇယ် အင်ဂျင်-၁၊ ဆိုလာ-၁။ | ဆိုင်ကယ်-၁ စီး၊ ဖုန်း-၁ လုံး၊ လက်တော့ပ်-၁၊ | စက်ဘီး-၁ စီး၊ ဖုန်း-၁လုံး။ |
| အဓိကစီးပွားရေး လုပ်ငန်း | | အရောင်းအဝယ်၊ ဈေးဆိုင်၊ စားသောက်ဆိုင်။ | ကျပန်း၊ စက်ချုပ် | ကျပန်း၊ မြေယာမဲ့။ |
| အခြားပိုင်ဆိုင်မှု | | | | |
| အိမ်ထောင်စု - | ၀ (၀ %) | ၃၂ (၆.၇%) | ၃၉၈ (၈၂.၇%) | ၅၁ (၁၀.၆%) |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ ဥစ္စာနေအဆင့် သတ်မှတ်ရာတွင် စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ လုပ်ငန်းသုံးကရိယာပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုနှင့် အိမ်အခြေအနေသည် အရေးပါ သည်ကို တွေ့ရသည်။ ကျေးရွာ၏ ဥစ္စာနေအဆင့်ကို အဆင့် ၄ ဆင့် သတ်မှတ်ထားသော်လည်း ကျေး ရွာ၏ စီးပွါးရေးအခြေအနေအရ အဆင့် ၃ ဆင့်သာ ရှိသည်ကို တွေ့ရသည်။ အလယ်အလတ်အဆင့် အိမ်ထောင်စု ၃၂ အိမ် (၆.၇%)၊ ဆင်းရဲသော အိမ်ထောင်စု ၃၉၈ အိမ် (၈၂.၇%)နှင့် အဆင်းရဲဆုံး အိမ် ထောင်စု ၅၁ အိမ် (၁၀.၆%) ရှိသည်။ ထို့ကြောင့် အလယ်အလတ်အဆင့် ၃၂ အိမ် (၆.၇%) သာ တစ်နှစ်ပါတ်လုံး ဝမ်းစာဖူလုံမှုရှိပြီး ကျန် ဆင်းရဲသားအိမ်ထောင်စု ၃၉၈ အိမ် (၈၂.၇%)နှင့် အဆင်းရဲ ဆုံးအိမ်ထောင်စု ၅၁ အိမ် (၁၀.၆%) သည် တစ်နှစ်ပါတ်လုံး ဝမ်းစာ ဖူလုံမှု မရှိကြောင်းတွေ့ရသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စုပေါင်း ၄၄၉ အိမ် (၉၃.၃%) မှာ အလယ်အလတ် အိမ်ထောင်စု များတွင် နေ့စား အငှါးလုပ်ကိုင်ကြရသော်လည်း အလုပ်ပုံမှန်မရကြဘဲ နေ့စားခမှာလည်း နည်းကြ သည်။ ပိုင်ဆိုင်ပစ္စည်းအနေဖြင့်လည်း မျှတမှု မရှိကြောင်း တွေ့ရသည်။ အလယ်အလတ်လူတန်းစားမှာ ၃၂ အိမ်ရှိပြီး အိမ်ထောင်စု အရေအတွက်အားဖြင့် နည်းသော်လည်း ပိုင်ဆိုင်မှုတွင် များစွာပိုင်ဆိုင် သည်ကို တွေ့ရသည်။ ကျန်ဆင်းရဲနှင့် အဆင်းရဲဆုံးအိမ် ထောင်စုများမှာ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှု အလွန်နည်းပြီး မြေယာမဲ့ ကျပမ်းများ၊ ဆင်းရဲသားတောင်သူများနှင့် တောင်သူငယ်များ ဖြစ်သည်ကို တွေ့ကြရသည်။

## (၁.၅) ထိခိုက်လွယ်မှု

### (၁.၅.၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာနေ အဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု%** | **ဖြေရှင်းသည့် နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၁၁ | ၈% | ငွေချေးခြင်း၊ ထောက်ပံ့လှူဒါန်းမှု ရရှိခြင်း။ |
| ၃ လနှင့် ၅ လ အထိ | ၁၆ | ၁၂% | ငွေချေးခြင်း |

SAMPLE

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု% | ဖြေရှင်းသည့် နည်းဗျူဟာ |
|---|---|---|---|
| ၆ လ မှ ၁၂ လ အထိ | ၁၀၇ | ၈၀% | ငွေချေးခြင်း |

ရင်းမြစ် .. ဥစ္စာခနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။ **(အဆင့် ၃ မှ ၁၁၉ အိမ်နှင့် အဆင့် ၄ မှ ၁၅ အိမ်၊ စုစုပေါင်း ၁၃၄ အိမ်)** ကျေးရွာတွင် အဆင့် ၃ မိသားစု၏ ၃၀ % (၁၁၉) အိမ်နှင့် အဆင့် ၄ မိသားစု ၏ ၃၀ % (၁၅) အိမ်၊ စုစုပေါင်း ၁၃၄ အိမ်ထောင်စုအား စီစစ်ကြည့်ရာတွင် ကျေးရွာတွင် ချေးငှါးခြင်းမရှိဘဲ တစ်နေ့လျင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများမှာ ၃ လအောက် ဝမ်းစာဖူလုံသော အိမ်ထောင်စု ၁၁ အိမ် (၈%) ရှိပြီး လုပ်အားခကြိုယူခြင်း၊ ဈေးဆိုင်များတွင် အကြွေးယူစားပြီး ပြန်လည်ဆပ်ခြင်းဖြင့် ဖြေရှင်းကြသည်။ ၎င်းမိသားစုများမှာ ငွေနှင့် ရိက္ခာတို့ကို အတိုးနှုံးကြီးစွာဖြင့် ချေးယူကြရပြီး လုပ်အား ဖြင့် ပြန်လည်ပေးဆပ်ကြရသည်။ ၃ လနှင့် ၆ လအကြား ဝမ်းစာဖူလုံသူ ၁၆ အိမ်ထောင် (၁၂%) ရှိပြီး ငွေနှင့် ရိက္ခာကို အပေါင်ခံ ပစ္စည်းအဖြစ် အိမ်ခြံမြေ (သို့မဟုတ်) ရေစုပ်စက် (သို့မဟုတ်) ဆိုင်ကယ်/ ရွှေထည် စသဖြင့် ပေးထားရပြီး အတိုးနှုံး အနေဖြင့် အနည်းဆုံး ၇% မှ ၂၀% အထိပေးရပြီး မူလရွှေ ထည် ဝယ်ယူသောဆိုင်မှ ချေးယူပါက ၃% ဖြင့် ချေးယူကြရပြီး အမြန်ပြန်ဆပ်ကြရသည်။ ၆ လမှ ၁၂ လအကြားဝမ်းစာဖူလုံသူ ၁၀၇ အိမ်ထောင်မှာ ဆွေမျိုး၊ မိတ်ဆွေထံမှ ချေးယူကြရပြီး အတိုးမပေးရပါ။ လိုသလောက်ချေးငှါးနိုင်ခြင်းမရှိကြပါ။

### (၁.၅.၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၁၃ | ၁၆ | ၂၉ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၁ | ၁ | ၂ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၈ (၈%) ဘာကြောင့်များနေသလဲ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၂ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၂ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်အထက် ၂၉ ဦး (က ၁၃ + မ ၁၆) ဦးရှိသည်။ မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှု မရှိသော မသန် စွမ်းသည့် ပုဂ္ဂိုလ် ၂ ဦး (က ၁ + မ ၁) ရှိသည်။ ဆင်းရဲ၍ မိသားစု ဦးရေများသည့် အမျိုးသမီး ဦးဆောင် အိမ်ထောင်စု ၃၈ အိမ်ထောင်စု၊ ဆင်းရဲ၍ မိသားစု ဦးရေများသည့် မုဆိုးဖို ဦးဆောင် အိမ်ထောင်စု ၁၂ အိမ်ထောင်စုနှင့် အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ် ထောင်စု ၁၂ ရှိကြပြီး ၄င်းတို့သည် ထိခိုက်လွယ်မှု မြင့်သည်။ ၄င်းတို့ တခါတရံ ကျန်းမားရေး မကောင်းပါက အုပ်ချုပ်ရေးမှူးထံအကြောင်း ကြားပြီး ရပ်ရွာအတွင်း အလှူငွေကောက်ခံ ထောက်ပံ့ပြု စုကြရသည်။ ရိက္ခာပြတ်လပ်ပါက ရပ်ဆွေရပ်မျိုးနှင့် အိမ်နီးချင်းများမှ ကူညီပေးကြရ သည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | မိသားစုအတွင်း အလုပ်လုပ်ကိုင်သူဦးရေ အသင့် အတင့်ရှိကြသည်။ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် | စိုက်ပျိုးရေမရ၊ စိုက်ပျိုးမြေတိုးချဲ့ရန်မရှိ။ |
| ၃ | ရေကြီးခြင်း | နိမ့် | တောင်ပေါ်ဒေသဖြစ်သောကြောင့် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | သေချာလား (မိုးရေချိန် ၅၀ လက်မနီးပါးရွာ |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | ဖြစ်လေ့ဖြစ်ထမရှိ။ |

SAMPLE

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၆ | မုန်တိုင်း | နိမ့် | ဆိုးဆိုးရွားရွား ဖြစ်ပေါ်လေ့မရှိ။ |
| ၇ | ငှေ့ကျင် | လတ် | သပိတ်ကျင်းနှင့် နီးပြီး ငှက်ဖျားဖုန်အတွင်း တည်ရှိ။ |
| ၈ | မီးဘေး | လတ် | အချိန်မရွေးကျရောက်နိုင်။ |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | ပင်လယ်နှင့် နီးစပ်မှုမရှိ။ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် | ရွှေလုပ်ငန်းနှင့် သစ်တောပြုန်းတီးမှုကြောင့် |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် | သစ်ထုတ်လုပ်မှုများသည်။ |
| ၁၂ | ငှက်ဖျားရောဂါ | လတ် | ငှက်ဖျားဇုန်အတွင်းတည်ရှိသည်။ |
| ၁၃ | တီဘီရောဂါ | မြင့် | အသက်ရှူလမ်းကြောင်းနှင့် လူ့အသုံးဆောင်များမှတဆင့် ကူးစက်သော ကြောင့် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မရှိ | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | မရှိ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် | ရာသီအလိုက် ရောဂါ ဆိုးရွား စွာကျရောက်လေ့ရှိသည်။) |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | မရှိသေးပါ။ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | လမ်းပန်းဆက်သွယ်ရေး ကောင်းပြီးတစ်နှစ်ပါတ်လုံး၊ အချိန်မရွေး သွားလာနိုင်သည်။ |
| ၁၉ | အခြား | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေတွင် သဘာဝအရင်းအမြစ် ရှားပါးမှု၊ မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှုနှင့် ဝေးလံခေါင်သီ၊ လမ်းပန်းဆက် သွယ်ရေးအခက်အခဲ စသည်တို့တွင် ထိခိုက်လွယ်မှု မြင့်သည်။ အဘယ်ကြောင့်ဆိုသော် စိုက်ပျိုးမြေတို့ချဲ့ရန်မရှိ၊ စိုက်ပျိုးရေ ရရှိနိုင်ခြင်း မရှိကြပါ။ ရွှေတွင်းလုပ်ငန်းများ လုပ်ကိုင်နေကြသဖြင့်လည်း မြေပြိုခြင်း၊ မြေဆီလွှာ ပျက် ယွင်းခြင်းများ ရှိပါသည်။ သစ်တောများ၊ ထင်းများ စည်းကမ်းမဲ့ ခုတ်လှဲခြင်းနှင့် မီးသွေးထုတ်လုပ်ခြင်း ကြောင့်လည်း သစ်တောပြုန်းတီးမှုရှိသည်။ တီဘီရောဂါသည်လည်း အသက်ရှူလမ်းကြောင်းနှင့် လူ့အသုံးအဆောင်များကိုင်တွယ်ခြင်း၊ အတူသုံးဆောင်ခြင်းမှတဆင့် ကူးစက်တတ်သောကြောင့် ထိခိုက်လွယ်မှုမြင့်သည်။ ဝေးလံခေါင်သီ၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိသည့်ဒေသများသို့ သွားရောက်ရွှေ့ပြောင်းလုပ်ကိုင်ကြသည့် ဆင်းရဲသားများအနေဖြင့်လည်း အစား၊ အနေအထိုင်အခက် အခဲရှိခြင်း၊ အနိုင်ကျင့်ခံရခြင်း၊ ငှက်ဖျားနှင့် အခြားကူးစက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ လူကုန်ကူးခံရနိုင်ခြင်း၊ မတော်တဆထိခိုက်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်နိုင်မှု မြင့်သည်။ စားနပ်ရိက္ခာမဖူလုံမှုတွင် အလုပ်ပုံမှန်မရှိခြင်းနှင့် လုပ်အားခ နည်းသောကြောင့် ထိခိုက်လွယ်မှု လတ်ဖြစ်သည်။ ငှေ့ကျင်နှင့် ငှက်ဖျား ဇုံအတွင်း တည်ရှိသောကြောင့်လည်း ငှေ့ကျင်နှင့် ငှက်ဖျားရောဂါသည် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ မီးဘေးမှာလည်း အချိန်မရွေးကျရောက်နိုင်သောကြောင့် ထိခိုက်လွယ်မှုလတ်ဖြစ်သည်။ ကျန် ရေကြီး ခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊ ဆားငန်ရေဝင်ရောက်မှု၊ ပြည်တွင်းပဋိပက္ခ၊ တိရစ္ဆာန် ကူးစက်ရောဂါကျရောက်မှု၊ လူကုန်ကူးမှုတို့တွင် ထိခိုက်လွယ်မှု နိမ့်သည်။

**(၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝစ္စသူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝစ္စသူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်ဝစ္စသူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | မြင့် | မိသားစုဝင်ငွေအတွက် အဓိကအလုပ်လုပ် ကိုင်ကြရသည်။ ယဉ်တိုက်မှု၊ လူကုန်ကူးခံရမှု ထိခိုက်နိုင်မှု များသည်။ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် | မိသားစုများပြီး ဝင်ငွေနည်းသည်။ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် | ပုံမှန်အလုပ်အကိုင်မရှိ။ ဝင်ငွေနည်းသည်။ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | မြင့် | လျှောင်ဖုံအတွင်း တည်ရှိသည်။ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | နိမ့် | |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် | အဝေးပြေးကားလမ်းနှင့် ဝေးသည်။ သို့သော်ရွှေတွင်းလုပ်ကိုင်ရာတွင် မတော်တဆ ဖြစ်နိုင်ခြေများသည်။ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မရှိ | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မရှိ | |
| ၉ | ငါးကန်ပိုင်ရှင် | မရှိ | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | မြင့် | ပုံမှန်အလုပ်အကိုင်မရှိ။ လုပ်အားခနည်း သည်။ ဝင်ငွေနည်းသည်။ |
| ၁၁ | လူနည်းစုလူမျိုးများ | မရှိ | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မရှိ | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မရှိ | |
| ၁၄ | ရွှေတွင်းလုပ်သား | မြင့် | ထိခိုက်နိုင်ခြေများသည်။ |
| ၁၅ | ဆေးစွဲသူများ | မြင့် | အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ကြသည်။ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | မြင့် | အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်မှု ဖြစ်နိုင်ခြေများသည်။ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် | ထိခိုက်နိုင်မှု အန္တရာယ်များသည်။ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မရှိ | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် | မိသားစုဝင်ငွေအတွက် အဝေးသို့ သွား ရောက် အလုပ်လုပ်ကိုင်ကြရသည်။ |
| ၂၀ | ကားသမား | မြင့် | အချိန်မရွေး ယဉ်အန္တရာယ်ရှိသည်။ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ထိခိုက်သက်ရောက်လွယ်မှု ခံရနိုင်သော လူအုပ်စုများတွင်လည်း လူငယ်၊ အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု၊ လက်လုပ်လက်စား ကျပန်းများ၊ ရွှေတွင်းလုပ်သားများ၊ ဆေးစွဲသူများ၊ လှည့်လည် သွားလာ၍ ဈေးရောင်းသူများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ကားသမားများသည် ထိခိုက်လွယ်မှု မြင့်သည်။ လူငယ်များသည် မိသားစုဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင် ရှာဖွေရသူများဖြစ်သဖြင့် လုပ်ငန်းခွင်တွင် ထိခိုက်နိုင်ခြင်း၊ မိသားစုနှင့် အဝေးတွင် သွား ရောက် အလုပ်လုပ်ကိုင်ကြရသောကြောင့် ကူးစက်ရောဂါများ ကူးစက်နိုင်ခြေများခြင်း၊ အနိုင်ကျင့် ခံရနိုင်ခြင်း၊ လူကုန်ကူး ခံရနိုင်ခြင်း၊ ဆိုင်ကယ်အသုံးပြုများသဖြင့် ယဉ်တိုက်မှု မတော်တဆဖြစ်နိုင်ခြေများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ အမျိုးသမီးဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက် စား ကျပန်းအိမ်ထောင်စုများမှာလည်း အမျိုးသမီး လုပ်အားခနည်းခြင်း၊ အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်မရှိခြင်း၊ မိသားစုများခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ရွှေတွင်းလုပ်သားများအနေဖြင့် လည်း ခြင်ပေါသော ဒေသများတွင် သွားရောက်လုပ်ကိုင်ရခြင်း ကြောင့် ငှက်ဖျားနှင့် အခြားရောဂါများ ဖြစ်ပွါးနိုင်ခြေများခြင်း၊ လုပ်ငန်းခွင် အန္တာရာယ်များခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ဆေးစွဲသူများအနေဖြင့်လည်း ဝင်ငွေနည်းပါးခြင်း၊ ဆေးဖိုးကုန်ကျစရိတ်များခြင်း၊ ဆေးထိုးအပ်မှတဆင့် ကူး

SAMPLE

စက်ရောဂါများ အလွယ်တကူ ကူးစက်နိုင်ခြင်း၊ ဆေးဝါးသုံးစွဲသူများ ရာဇဝတ်မှုကို အလွယ်တကူ ချိုးဖေါက်မှု ဖြစ်ပေါ်နိုင်ခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ လုညဝ့်လည်သွားလာ၍ ဈေးရောင်းသူများ နှင့် ကားသမားများမှာလည်း ယဉ်အန္တရာယ် အချိန်မရွေး ကျရောက်နိုင်ခြင်း၊ မနိုင်ဝန်များဖြင့် နေ့စဉ်သွားလာနေရခြင်းတို့ကြောင့် ထိခိုက်လွယ်မှု မြင့်သည်။ ကျန်လူအုပ်စုများအနေဖြင့် ထိခိုက်လွယ်မှု နိမ့်သည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင်ဖွဲ့စည်းသူများ (၄/၅) | စွမ်းဆောင်နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ပုညကြိယ | ၂ | ၂၀ | ၅ | ၂၅ | သာရေး၊ နာရေး | ၄ | ၇ |
| ၂ | သဗ္ဗသုခ | ၂ | | | | | ၄ | ၇ |
| ၃ | မိသားစုအပြန်အလှန်ကူညီရေးအဖွဲ့ | ၂ | ၆၅ | ၁၅ | ၈၀ | အဖွဲ့ဝင်များအတွက် သာရေး၊ နာရေး | ၄ | ၇ |
| ၄ | မီးလင်းရေး | ၂ | ၂၂ | | ၂၂ | ကျေးရွာမီးလင်းရေး | ၄ | ၈ |
| ၅ | ဓမ္မစကြာအ သင်း | ၃ | | ၁၄ | ၁၄ | ဘာသာရေး | ၄ | ၈ |
| ၆ | သမဈေးငွေကော်မတီ | ၁ | ၅၇ | ၁၃ | ၇၀ | ငွေချေးလုပ်ငန်း | ၅ | ၈ |
| ၇ | အမျိုးသမီးရေးရာ | ၂ | | ၂၀ | ၂၀ | အမျိုးသမီးများ လုံခြုံရေး | ၄ | ၈ |
| ၈ | မီးသတ် | ၂ | ၂၅ | | ၂၅ | မီးဘေးကာကွယ်ရေး | ၄ | ၇ |
| ၉ | မိခင်နှင့် ကလေး | ၂ | | ၂၀ | ၂၀ | မိခင်နှင့် ကလေး စောင့်ရှောက်မှု | ၄ | ၈ |
| ၁၀ | ကျောင်းအကျိုးတော်ဆောင် ကော်မတီ | ၂ | ၁၇ | | ၁၇ | ကျောင်းဖွံ့ဖြိုး ရေး | ၅ | ၈ |
| ၁၁ | ရပ်မိရပ်ဖ | ၂ | ၁၀ | | ၁၀ | လူမှုရေး | ၄ | ၇ |
| ၁၂ | အပျိုခေါင်း | ၂ | | ၆ | ၆ | လူမှုရေး | ၄ | ၇ |
| ၁၃ | လူပျိုခေါင်း | ၂ | ၃ | | ၃ | လူမှုရေး | ၄ | ၇ |
| ၁၄ | အားကာကော်မတီ | ၂ | ၇ | | ၇ | အားကစားဖွံ့ဖြိုးရေး | ၄ | |
| ၁၅ | ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ | ၂ | ၈ | ၇ | ၁၅ | ကျေးရွာဖွံ့ဖြိုး ရေး | ၅ | ၇ |
| ၁၆ | ကြက်ခြေနီ | ၂ | ၆ | ၅ | ၁၁ | ကျန်းမာရေး စောင့်ရှောက်မှု နှင့် လူမှုရေး | ၄ | |
| ၁၇ | စာကြည့်တိုက် ကော်မတီ | ၂ | ၈ | | ၈ | လူငယ်ဖွံ့ဖြိုးရေး | ၄ | |
| ၁၈ | ဂေါပက | ၃ | ၅ | | ၅ | ဘာသာရေး | ၄ | |
| ၁၉ | Community Support Group စီအက်စ်ဂျီ ( | ၂ | | ၂၀ | ၂၀ | ကိုယ်ဝန်ဆောင် ကျန်းမာရေး | ၅ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

SAMPLE

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု - လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည်ဖြင့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျ ထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှု ရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေး ကျင်းပခြင်းနှင့် အသင့်အတင့် တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျ ထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလို အစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအတွင်းတွင် လူမှုအခြေပြုအဖွဲ့အစည်း ၁၉ ဖွဲ့ရှိသည်။ ၄င်းတို့အနက် စီးပွါးရေးကို အခြေခံသောအဖွဲ့ ၂ ဖွဲ့၊ လူမှုရေးကို အခြေခံသောအဖွဲ့ ၁၃ ဖွဲ့ရှိပြီး ဘာသာရေးကို အခြေခံ သောအဖွဲ့ ၄ ဖွဲ့ရှိသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့ဝင် အရေအတွက်ကို လေ့လာကြည့်ရာတွင် ကျေးလက် ဖွံ့ဖြိုးရေးအဖွဲ့၊ ဘာသာရေးအဖွဲ့နှင့် မူဝါဒအရဖွဲ့စည်းထားသော အမျိုးသမီးရေးရာအဖွဲ့မှလွဲ၍ ကျန်အဖွဲ့ များ ဖွဲ့စည်းရာတွင် အမျိုးသမီးများ ပါဝင်ခွင့် အလွန်နည်း (သို့မဟုတ်) လုံးဝမပါသည်ကို တွေ့ရသည်။

၄င်းအဖွဲ့ ၁၉ ဖွဲ့အနက် ကျေးရွာ၏ လိုအပ်ချက်အရ ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းသောအဖွဲ့မှာ ၁၀ ဖွဲ့ရှိပြီး ကျန် ၉ ဖွဲ့မှာ ပြင်ပမှ မူအရ ဖွဲ့စည်းထားသော အဖွဲ့များဖြစ်သည်။ ၄င်းအဖွဲ့များကို လေ့လာ ရာတွင်လည်း ကျေးရွာလူထုမှ ကျေးရွာ၏လိုအပ်ချက်အရ ဖွဲ့စည်းသောအဖွဲ့များသာ ရည်ရှည်/ ကြာရှည် ရပ်တည်လေ့ရှိပြီး အဖွဲ့သားအချင်းချင်းအကြား အပြန်အလှန်ယုံကြည်မှု အပြည့်အဝရှိကြသည်။ တာဝန် ယူမှု တာဝန်ခံမှု အပြည့်အဝရှိကြသည်။ အထူးလုံ့ဆော်ရန် မလိုအပ်ဘဲ စည်းလုံးမှု၊ တက်ကြွမှု အပြည့် အဝရှိသည်ကို တွေ့ကြရသည်။ ပြင်ပမှ ဦးဆောင်လာရောက်ဖွဲ့စည်းသော အဖွဲ့များမှာ ရေရှည် ခံလေ့ မရှိဘဲ လုပ်ငန်းပြီးပါက ပျောက်ကွယ်သွားလေ့ရှိသည်။ အပြန်အလှန်ယုံကြည်မှု အားနည်း/ မရှိ။ အမြင် ကြည်လင်မှု၊ ပွင့်လင်းမြင်သာမှု မရှိကြ၊ တာဝန်ယူမှု၊ တာဝန်ခံမှု အားနည်း၊ စည်းလုံးမှု တက်ကြွမှု အား နည်းသည်တို့ကိုလည်း တွေ့ရသည်။

၄င်းအဖွဲ့အစည်း ၁၉ ဖွဲ့စလုံးသည်လည်း အစဉ်အလာအရ ဖွဲ့စည်းပြီး ဆောင်ရွက်နေကြသော် လည်း အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည် ညံ့သည်ကို တွေ့ကြရသည်။ ကျေးရွာအတွင်းရှိ အဖွဲ့အ စည်းများသော်လည်း အဖွဲ့အစည်း အချင်းချင်းလည်း ချိတ်ဆက်မှု လုံးဝမရှိကြပါ။ ဦးဆောင်မှု စွမ်းရည် လည်း အားနည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု၊ မှတ်တမ်းနှင့် စာရင်း ဇယားစနစ်တကျ ရေးသွင်းမှု၊ စနစ်တကျ ထိန်းသိမ်းမှု၊ အဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်မှု စသည့် စွမ်း ဆောင်ရည်မြှင့်ရေး သင်တန်းများ ရရှိနိုင်ပါက အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှုများ တိုးတက် ကောင်း မွန်လာမည်ဖြစ်ပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ယူနီဆက်ဖ် | ၄ | စာသင်ကျောင်းများတွင် စာအုပ် ပံ့ပိုးပေး သည်။ |
| ၂ | | | |
| ၃ | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

SAMPLE

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)
(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း
(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)
(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည်ဖြင့်)
(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)
(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ယူနီဆက် တစ်ဖွဲ့သာရှိပြီး စာသင်ကျောင်းများတွင် စာအုပ်များ ပံ့ပိုးပေး သည်။ ကျေးရွာသည် ကျန်ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့် ဆက်စပ်မှု အားနည်းနေသည်ကို တွေ့ရသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၃၈၈ | ၈၀.၇% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၈ | ၃.၇% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၂၈ | ၅.၈% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၈ | ၅.၈% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၁၉ | ၄% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၄၈၁** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မြေယာမဲ့ ၃၈၈ အိမ်ထောင်စု (၈၀.၇%) ၊ ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ ၁၈ အိမ်ထောင်စု (၃.၇ %)၊ ၂.၅ ဧကနှင့် ၅ ဧကအကြားပိုင်ဆိုင်သူ တောင်သူငယ် ၂၈ အိမ်ထောင်စု (၅.၈%)၊ ၅ ဧကနှင့် ၁၂.၅ ဧကအကြားပိုင်ဆိုင်သူ အလယ်အလတ်စားတောင်သူ ၂၈ အိမ်ထောင် (၅.၈%)နှင့် ၁၂.၅ ဧကအထက် ပိုင်ဆိုင်သူ တောင်သူကြီး ၁၉ အိမ် (၄%) ရှိသည်ကို တွေ့ရ သည်။ တောင်သူကြီးအရေ အတွက်မှာ ၁၉ အိမ် (၄%) သာရှိသော်လည်း စိုက်ပျိုးမြေအများစုကို ၄င်း လူနည်းစုမှ ပိုင်ဆိုင်နေ ကြောင်းတွေ့ရသည်။ ကျန်မြေယာမဲ့၊ ဆင်းရဲသားတောင်သူနှင့် တောင်သူငယ် မိသားစုများမှ ၄င်းတောင်သူကြီးများ၏ စိုက်ပျိုးမြေများတွင် နေ့စား အငှါးလုပ်ကိုင်ကြရ သည်။

#### (၂.၂.၁.၂)အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | | | | |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | | | | |
| ၅ | လက်ငင် ရေတွင်း | **ပုဂ္ဂလိက** | ၃ ဧက | တနှစ်ပါတ်လုံး | ရှိ |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | သဘာဝ | ၃ ဧက | ရာသီအလိုက် | မရှိ |
| ၈ | အခြား | | | | |

SAMPLE

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် စိုက်ပျိုးမြေစုစုပေါင်း ၈၂၅.၅၆ ဧက ရှိသော်လည်း ၄င်းတို့ အနက် ၃ ဧကကို ရေတွင်းမှ တနှစ်ပါတ်လုံးစိုက်ပျိုးရေး ရရှိပြီး၊ အခြား ၃ ဧကမှာ ချောင်းမှ မိုးရာသီသာ စိုက်ပျိုးရေ ရရှိသည်။ ကျန်စိုက်ပျိုးမြေများမှာ မိုးရေကိုသာ အားကိုး စိုက်ပျိုးကြရသောကြောင့် သီးနှံ အထွက်နည်းသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံ စိုက်ပျိုးသည့်ကာလ | | သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်) | အမြတ် ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ပဲစဉ်းငုံ | ၄၈၂ | တင်း | ၁၀ | ၁၅ | ၁၂.၅ | ဇွန် | ဖေဖေါ်ဝါရီ | မြင့် | လတ် | မြေပဲနှင့် |
| မိုးမြေပဲ | ၁၃၀ | တင်း | ၁၅ | ၂၀ | ၁၇.၅ | ဇွန် | အောက်တိုဘာ | မြင့်ပ | လတ် | သီးညှပ်စိုက်သည် |
| ဆောင်းမြေပဲ | ၁၃၀ | တင်း | ၁၅ | ၂၀ | ၁၇.၅ | အောက်တိုဘာ | ဖေဖေါ်ဝါရီ | မြင့်ပ | နိမ့်ပ | ပြောင်းနှင့် သီးညှပ်စိုက် |
| လယ်စပါး | ၄၅ | တင်း | ၅၀ | ၈၀ | ၆၅ | ဇွန်/ဇူလိုင် | ဒီဇင်ဘာ | မြင့်ပ | လတ် | |
| ပဲဒီစိမ်း | ၃၅ | တင်း | ၁၅ | ၂၀ | ၁၇.၅ | ဇွန် | စက်တင်ဘာ | မြင့်ပ | လတ် | |
| ပြောင်းဖူး | ၈၅ | တင်း | ၁၅ | ၂၀ | ၁၇.၅ | အောက်တိုဘာ | ဖေဖေါ်ဝါရီ | မြင့်ပ | လတ် | မြေပဲနှင့် သီးညှပ်စိုက်သည်။ |
| မတ်ပဲ | ၂၅ | တင်း | ၁၅ | ၂၀ | ၁၇.၅ | အောက်တိုဘာ | ဖေဖေါ်ဝါရီ | မြင့်ပ | လတ် | |
| နေကြာ | ၂၃ | တင်း | ၁၀ | ၁၅ | ၁၂.၅ | အောက်တိုဘာ | ဖေဖေါ်ဝါရီ | မြင့်ပ | လတ် | မြေပဲနှင့် သီးညှပ်စိုက်သည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ အဓိကစိုက်ပျိုးသော သီးနှံများမှာ ပဲစဉ်းငုံ၊ မြေပဲ၊ စပါးနှင့် ပဲတီစိမ်းဖြစ်သည်။ ပဲစဉ်းငုံကို သီးသန့်စိုက်ပျိုးခြင်းမရှိဘဲ မြေပဲနှင့် သီးညှပ်စိုက်ပျိုးကြသည်။ ပဲစဉ်းငုံ စိုက်ပျိုးမြေဧကစုစုပေါင်းမှ ၄၈၂ ဧကဖြစ်ပြီး ဇွန်လတွင် စတင်စိုက်ပျိုးကာ ဖေဖေါ်ဝါရီ၊ မတ်လ တွင် ရိတ်သိမ်းကြသည်။ သီးနှံထွက်နှုန်းမှာ အများဆုံး ၁၅ တင်းမှ အနည်းဆုံး ၁၀ တင်း၊ တဧက ပျမ်းမျှ ထွက်နှုန်းမှာ ၁၂.၅ တင်းဖြစ်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်ရရှိမှု အခြေ အနေမှာ အသင့်အတင့်ဖြစ်သည်။ မိုးမြေပဲစိုက်ပျိုးမြေ စုစုပေါင်း ၁၃၀ ဧက ရှိပြီး ဇွန်လတွင် စတင် စိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းသည်။ ဆောင်းမြေပဲကို ပြောင်းဖူးနှင့် သီးညှပ်စိုက်ပျိုးလေ့ ရှိပြီး အောက်တိုဘာလတွင် စတင်စိုက်ပျိုးသည်။ ဖေဖေါ်ဝါရီလတွင် ရိတ်သိမ်းကြရသည်။ သီးနှံထွက်နှုန်းမှာ အနည်းဆုံး ၁၅ တင်းမှ အများ ဆုံး ၂၀ တင်းထွက်သည်။ ပျမ်းမျှတစ်ဧကလျင် ၁၇.၅ တင်းနှုန်းထွက်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သောကြောင့် အကျိုးအမြတ်နည်းသည်။ စပါးစိုက်လယ် ၄၅ ဧက ရှိပြီး ဇွန်၊

SAMPLE

ဇူလိုင်လတွင် စတင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် ရိတ်သိမ်းသည်။ သီးနှံအထွက်နှုံးမှာ အနည်းဆုံး ၅၀ တင်းမှ အများဆုံး ၈၀ တင်းနှုံး၊ ပျမ်းမျှ ၆၅ တင်းနှုံးသာထွက်သောကြောင့် အထွက်နှုံးနည်းသည်။ အကျိုးအမြတ်နည်းသည်။ ပဲတီစိမ်း စိုက်ပျိုးမြေ စုစုပေါင်း ၃၅ ဧက ရှိပြီး ဖွန်၊ တွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းသည်။ သီးနှံထွက်နှုံးမှာ အနည်းဆုံး ၁၅ တင်းမှ အများဆုံး ၂၀ တင်းထွက်သည်။ ပျမ်းမျှတစ်ဧကလျှင် ၁၇.၅ တင်းနှုံထွက်သည်။ သွင်းအားစုလိုအပ်ချက် မြင့်သော ကြောင့် အကျိုးအမြတ်နည်းသည်။ ၄င်းစိုက်ပျိုးမြေအများစုမှာ ပုံစံ ၇ မရှိသောကြောင့် စိုက်ဘဏ်မှ ချေးငွေမရနိုင်ကြပါ။ သွင်းရေမရရှိကြပါ။ မြန်မာစိုက်ပျိုးရေးမှ လိုအပ်သော မျိုးကောင်း မျိုးသန့်များကို လိုသလောက်၊ အချိန်မီ အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ နည်းပညာ ဝန်ဆောင်မှုများ လည်း ရရှိသည်။ ရရှိနိုင်သော မျိုးကောင်းမျိုးသန့်များကိုလည်း ရှင်းလင်းပြောကြားပေးသည်။

**(၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ**

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေတော တောင်သူ အရေအတွက် | မှတ်ချက်/ အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်း ပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | | |
| လက်တွန်းထွန်စက် | ၂ | | | | | | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | | | | | | | |
| ရိတ်သိမ်းစက် | | | | | | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | ၆၄ | | | | | | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၅ | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်တွန်းထွန်စက် ၂ စင်း။ ရေစုပ်စက် ၆၄ ခုနှင့် မြက် ရိတ်စက် ၅ ခုသာ ရှိပြီး ပုဂ္ဂလိကပိုင်များသာ ဖြစ်သည်။ လယ်ယာသုံးစက်ကရိယာများမှာလည်း အသေး စားများသာ ဖြစ်သောကြောင့် တစ်ပိုင်တစ်နိုင်သာအသုံးပြုနိုင်ပြီး အငှါးလိုက်လေ့မရှိကြပါ။ ကျေးရွာအ နေဖြင့် စက်ကရိယာ လုံလောက်မှု မရှိပါ။

**(၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | မြေဆီသြဇာသင့်။ |
| ရေရင်းမြစ် | |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | နွားချေးအလုံအလောက်ရရှိနိုင်သည်။ |
| အော်ဂဲနစ်/ဓာတု ပိုးသတ် ဆေး | သုံးစွဲလေ့မရှိ။ ဗဟုသုတမရှိကြပါ။ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | စိုက်ဘဏ်မှ ပုံစံ ၇ ရှိပါက တစ်ဧက ၂၀၀၀၀ ကျပ်ချေးငွေရရှိသည်။ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မြန်မာ့စိုက်ပျိုးရေးမှ နည်းပညာအနည်းငယ်ရရှိသည်။ |

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| သွင်းအားစုဈေးကွက် | ၇ မိုင်ရပ်ကွက်နှင့် ဇရပ်ကွင်းတို့ရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင် လိုသလောက် ဝယ်ယူရရှိနိုင်ပါသည်။ |
| ထုတ်လုပ်မှုဈေးကွက် နှင့် ကုန်သွယ်မှု | ဈေးကွက်အလုံအလောက်ရှိသည်။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးရေးတိုးတက်မှု အခွင့်အလမ်းများမှာ ကျေးရွာရှိစိုက်ပျိုးမြေများမှာ မြေဆီ သြဇာ အသင့်အတင့်ကောင်းမွန်ပြီး သဘာဝမြေဆွေးအနေဖြင့် နွားချေးအလုံအလောက်ရရှိနိုင်ကြသည်။ အော်ဂဲ နစ်ပိုးသတ်ဆေးသုံးစွဲရန် နည်းပညာနှင့် ဗဟုသုတမရှိကြပါ။ စိုက်ပျိုးစရိတ်ချေးငွေအနေဖြင့် ပုံစံ ၇ ရှိသော ယာမြေများအတွက် တစ်ဧကလျှင် ၂၀၀၀၀ ကျပ်နှုန်းဖြင့် အများဆုံး ၁၀ ဧကအထိသာ ချေးငွေရရှိသည်။ နည်းပညာဝန်ဆောင်မှုအနေဖြင့် မြန်မာ့စိုက်ပျိုးရေးမှ အနည်းငယ်ရရှိသည်။ လိုအပ်သောသွင်းအားစုများကို ၇ မိုင်ကျေးရွာနှင့် ဇရပ်ကွင်းကျေးရွာများရှိ စိုက်ပျိုးရေးဆေးဆိုင်များတွင် လိုသလောက် ဝယ်ယူရရှိနိုင်ပါသည်။ စိုက်ပျိုးရေးထုတ်ကုန်များရောင်းချရန် ဈေးကွက်အလုံအလောက်ရှိသည်။

### (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | ကုမ္ပဏီများမှ သိမ်းဆည်းခံရသောကြောင့် တိုးချဲ့ရန် မရှိတော့ပါ။ |
| မြေဆီသြဇာ အခြေအနေ | ယာမြေများမှာ သဲမြေများ ဖြစ်သောကြောင့်လည်း မြေဆီသြဇာ ညံ့သည်။ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ပုံစံ ၇ မရှိသောစိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးစရိတ်ချေးငွေလည်း မရနိုင်ပါ။ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | အရင်းအနှီးမတတ်နိုင်သောကြောင့် သွင်းအားစုများကိုလည်း အချိန်မီနှင့် အလုံ အ လောက်သုံးစွဲနိုင်ခြင်းမရှိပါ။ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/ မကျွမ်းကျင်သူ) | အလုပ်လုပ်နိုင်သူများ ရှိသော်လည်း ကျွမ်းကျင်မှု နည်းသည်။ အလုပ်လုပ်နိုင်သူ အများစုမှာ မိသားစုဝင်ငွေအတွက် အဝေးသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရသော ကြောင့် စိုက်ပျိုးရေးတွင် လုပ်သားရှားပါးမှု ရှိသည်၊ |
| ရေရင်းမြစ်များ ရရှိနိုင်မှု | မိုးရေသာ ရရှိပြီး သွင်းရေမရနိုင်ပါ။ |
| စိုက်ပျိုးရေ မလုံလောက်မှု | လုံလောက်မှု မရှိပါ။ |
| ဖျက်ပိုးနှင့် ရောဂါ | ကျရောက်မှု များပြီး ထိရောက်စွာ ကာကွယ်နှိမ်နှင်းနိုင်ခြင်းမရှိပါ။ |
| ဈေးကွက် လက်လှမ်းမီမှု | ဈေးကွက် လက်လှမ်းမီသော်လည်း ဈေးကောင်းမရ၊ ဈေးနှုန်းတည်ငြိမ်မှု မရှိပါ။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | နည်းပညာဝန်ဆောင်မှု လုံလောက်စွာမရကြပါ။ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ စိုက်ပျိုးမြေများကို ကုမ္ပဏီများမှ သိမ်းဆည်းခံရသောကြောင့် တိုးချဲ့ရန် မရှိတော့ပါ။ ယာမြေများမှာ သဲမြေများ ဖြစ်သောကြောင့်လည်း မြေဆီသြဇာ ညံ့သည်။ စိုက်ပျိုးမြေအများစုမှာ ပုံစံ ၇ မရှိသော ကြောင့် စိုက်ပျိုးမြေများစွာရှိပြီး စိုက်ပျိုးစရိတ်ချေးငွေလည်း မရနိုင်ပါ။ သွင်းအားစုများကို အလွယ်တကူ လိုသလောက် ဝယ်ယူရရှိနိုင်သော်လည်း အရင်းအနှီးမတတ်နိုင်သောကြောင့် သွင်းအားစုများကိုလည်း အချိန်မီနှင့် အလုံအလောက်သုံးစွဲနိုင်ခြင်းမရှိပါ။ အလုပ်လုပ်နိုင်သူများရှိသော်လည်း ကျွမ်းကျင်မှုနည်းသည်။ အလုပ်လုပ်နိုင် သူ အများစုမှာလည်း မိသားစုဝင်ငွေအတွက် အဝေးသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြရသောကြောင့် စိုက်ပျိုးရေးတွင် လုပ်သားရှားပါးမှုရှိသည်၊ မိုးရေသာရရှိပြီး သွင်းရေမရသောကြောင့် စိုက်ပျိုးရေလုံလောက်မှုမရှိပါ။ ရောဂါပိုးမွှား ကျရောက်မှုများပြီး ထိရောက်စွာ ကာကွယ်နှိမ်နှင်းနိုင်ခြင်းမရှိပါ။ နည်းပညာနှင့် ဝန်ဆောင်မှု ရရှိသော်လည်း လုံလောက်မှုမရှိပါ ။ စိုက်ပျိုးထုတ်ကုန် ဈေးကွက် လက်လှမ်းမီသော် လည်း ဈေးကောင်းမရ၊ ဈေးနှုန်းတည်ငြိမ်မှု မရှိပါ။ ကုန်သည်ပွဲစားများ၏ အလေးတင်းတောင်းမှန်ကန်မှု မရှိကြပါ။ တောဆင်ရိုင်းများမှ စိုက်ခင်းများကို နှစ်စဉ်ဖျက်ဆီးခံရသည်။

### (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| **မွေးမြူရေးနှင့် ငါးလုပ်ငန်း** | **အိမ်ထောင်စု** | **ကောင်ရေ** | **မှတ်ချက်/အခြေအနေ** |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၅၄ | ၂၅၁ | ဆေးကုခ တစ်ကြိမ်လျှင် ၁၅၀၀၀ ကျပ်ကုန်ကျလေ့ရှိသည်။ |
| နို့စားနွား | | | |
| မြင်း | ၃ | ၃ | ဆေးကုခ တစ်ကြိမ်လျှင် ၁၅၀၀၀ ကျပ်ကုန်ကျလေ့ရှိသည်။ |
| ကျွဲ | | | |
| မြည်း | | | |
| လား | | | |
| ဆိတ် | | | |
| သိုး | | | |
| ဝက် | ၄ | ၉ | စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ |
| ကြက် | ၃၉ | ၂၆၅ | စီးပွါးဖြစ်မွေးမြူလေ့မရှိကြပါ။ |
| ဘဲ | | | |
| နွားနောက် | | | |
| အခြား | | | |
| **ငါးလုပ်ငန်း** | | | |
| ငါးကန် | | | |
| ပုစွန်ကန် | | | |
| ဂဏန်း မွေးမြူရေးလုပ်ငန်း | | | |
| ရေချို ငါးဖမ်းလုပ်ငန်း | | | |
| ကမ်းလွန် ငါးဖမ်းလုပ်ငန်း | | | |
| အခြား | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် မွေးမြူရေးလုပ်ကိုင်သူ ၁၀၀ အိမ်ထောင်စု (၂၀.၈%) သာ တစ်ပိုင်တစ်နိုင် အနေဖြင့် မွေးမြူကြသည်။ မွေးမြူထားသော အကောင်ရေမှာ ခိုင်းနွား ၂၅၁ ကောင်၊ မြင်း ၃ ကောင်၊ ဝက် ၄ ကောင်နှင့် ကြက် ၂၆၅ ကောင်သာ မွေးမြူကြသည်။ တိရိစ္ဆာရောဂါ ကျရောက် ပါ က တိမွေးကု ဦးစီးဌာသို့ အလွယ်တကူ ဆက်သွယ်နိုင်ပြီး ကုန်ကျစရိတ် ၁၅၀၀၀ ကျပ်ခန့် ရှိနိုင်ပါ သည်။ မွေးမြူရေး၏ အဓိ ကအခက်အခဲမှာ နည်းပညာ ဝန်ဆောင်မှု အခက်အခဲ၊ ချေးငွေမရရှိမှု၊ မျိုးကောင်းမျိုးသနှင့် လက်လှမ်းမီမှုမရှိ၊ အမြတ်အစွန်း ရရှိမှု အခြေအနေ၊ သားငါးရောင်းချရာတွင် သားသတ်လိုင်စင်ရရှိသူ၏ ခေါင်း ပုံဖြတ်မှုခံရပြီးနှင့် လိုင်စင်ချ ထားရာတွင် ပွင့်လင်းမြင်သာမှု မရှိ ခြင်း။ လွတ်လပ်စွာ ရောင်းချခွင့် မရကြပါ။

## (၂.၂.၂.၂) မွေးမြူရေးကဏ္ဍ တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| **မွေးမြူရေး** | |
| စားကျက်မြေ | သတ္တုမြေကို စားကျက်မြေတိုးချဲ့နိုင်မည်။ |
| ရေရရှိမှု | လုံလောက်မှုရှိသည်။ |
| မျိုးတိရစ္ဆာန် လက်လှမ်းမီမှု | ဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။ |
| ချေးငွေ | မရှိ။ |
| သွင်းအားစု ဈေးကွက် | ဇရပ်ကွင်းတွင် အလုံအလောက်ရရှိနိုင်သည်။ |
| ဝန်ဆောင်မှု ဈေးကွက် | တိမွေးကုဦးစီးဌာနရှိသည်။ |
| ထုတ်ကုန် ရောင်းဝယ်မှု | ဈေးကွက်အလုံအလောက်ရှိသည်။ |
| အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု | **လုံလောက်မှုရှိသည်။** |

| အခွင့်အလမ်း | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု | |
| ချေးငွေ | |
| သွင်းအားစု လက်လှမ်းမီမှု | |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | |
| ထုတ်ကုန် ရောင်းဝယ်မှု | |
| အခြား | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သတ္တုမြေကို စားကျက်မြေတိုးချဲ့နိုင်မည်။ မွေးမြူရေးအတွက် ရေလုံလောက်မှုရှိသည်။ မျိုးကောင်းမျိုးသန့် မျိုးတိရစ္ဆာန်များကို ဒေသအတွင်း ဆက်သွယ်ရရှိနိုင်သည်။ မွေးမြူရေးအတွက်လိုအပ်သော သွင်းအားစုများကို ၂ မိုင်ခန့် ကွာဝေးသော ဇရပ်ကွင်းကျေးရွာတွင် အလုံ အလောက်ဝယ်ယူရရှိနိုင်သည်။ တိမွေး ကုဦးစီးဌာနရှိသည်။ ဈေးကွက်အလုံအလောက်ရှိသည်။ မွေးမြူရန် အိမ်ခြံဝန်းအလုံအလောက်ရှိသည်။

### (၂.၂.၂.၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာနှင့်စိန်ခေါ်မှုများ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| **မွေးမြူရေး** | |
| ချေးငွေ ရရှိနိုင်မှု | မရပါ ။ |
| ကူးစက်ရောဂါဖြစ်ပွားမှု | နှစ်စဉ်ရာသီရောဂါများ ဆိုးရွားစွာ ကျရောက်လေ့ရှိသည်။ |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | လုံလောက်မှုမရှိ။ |
| စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်/ လေလံ လက်လှမ်းမီမှု | လိုင်စင်မရှိသဖြင့် သားသတ်လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်ခြင်းကို ခံကြရသည်။ |
| အခြား | |
| **ငါးလုပ်ငန်း** | |
| ငါးဖမ်းခွင့် ရရှိနိုင်မှု | |
| ချေးငွေ ရရှိနိုင်မှု | |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) မြို့နယ် မွေး/ကု ဦးစီးဌာန၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မျိုးကောင်းမျိုးသန့် ရရှိရန် အခက်အခဲရှိသည်။ မွေးမြူရေးချေး ငွေမရှိ။ နှစ်စဉ် ရာသီရောဂါများ ဆိုးရွားစွာကျရောက်လေ့ရှိပြီး နည်းပညာဝန်ဆောင်မှု အချိန်မီမရ၊ ကာကွယ်ဆေး ထိုးလေ့မရှိ သောကြောင့် ဆုံးရှုံးမှုများသည်။ နည်းပညာဝန်ဆောင်မှုလည်း လုံလောက်မှုမရှိ။ ဈေးကွက်အလုံအလောက် ရှိ သော်လည်း လိုင်စင်မရှိသဖြင့် လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိ၊ ဈေးကောင်းမရကြပါ၊ သားသတ်လိုင်စင်ရှိသူ၏ ခေါင်းပုံဖြတ်ခြင်းကို ခံကြရသည်။

### (၂.၂.၃) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

### (၂.၂.၃.၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေအတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက် ထုတ်လုပ်ရေး နှင့် သဘာဝ | ၃ | ၈၀၈ | ၄ | လတ်။ |

SAMPLE

| စဉ် | လုပ်ငန်းများ (ထုတ်ကုန်လုပ် ငန်း နှင့် ဝန်ဆောင်မှု) | လုပ်ငန်း အရေအတွက် | ဝန်ထမ်း / အလုပ်သမား အရေ အတွက် | မိသားစုဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| | ရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်း | ၁ | ၂ | ၂ | လတ် |
| ၃ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေး ဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | |
| ၅ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | ၂ | ၂ | ၂ | နိမ့်။ |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေး သူ) | ၄ | ၁ | ၁၆ | လတ်။ |
| ၇ | လက်လီ-လက်ကားရောင်း ဝယ်ရေး | ၂၂ | | ၄၃ | လတ်။ |
| ၈ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | ၈ | | ၁၄ | လတ်။ |
| ၉ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | |
| ၁၀ | ငွေချေး ဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေးဝန်ဆောင် မှု လုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်း ခြင်းနှင့် ဆက်စပ်သော လုပ် ငန်းများ | | | | |
| ၁၂ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ( အုပ်ချုပ်ရေး၊ ကာကွယ် ရေးနှင့် ဘေးကင်းလုံခြုံရေး) | ၂ | | ၂ | မြင့်။ |
| ၁၃ | ပညာရေး | ၄ | | ၄ | လတ်။ |
| ၁၄ | ကျန်းမာရေး | ၃ | | ၃ | လတ်။ |
| ၁၅ | လူမှုရေးလုပ်ငန်းများ | ၂ | | ၂ | မြင့်။ |
| ၁၆ | အိမ်များတွင် အငှားလိုက် လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | |
| ၁၇ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဉပမာ - UN, INGOs, Companies. etc.,) | | | | |
| | **စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ** | | ၈၀၉ | ၉၂ | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းနှင့် ပါတ်သက်၍ ယက္ကန်း ယက်လုပ်သူ ၂ ဦးသာရှိပြီး လျှပ်စစ်မီး မရနိုင်ခြင်းနှင့် စက်ယက္ကန်းထူထောင်ရန် အရင်းအနှီးနှင့် နည်း ပညာ အားနည်းသောကြောင့် စက်ယက္ကန်း ထူထောင်နိုင်ခြင်းမရှိကြပါ။ လက်ယက္ကန်းသာ လုပ်ကိုင်ကြရ သောကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်ရှိသည်။ ကျန်အိမ်တွင်းမှု လုပ်ငန်းမရှိကြပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ ရွှေတွင်းများတွင် နေ့စားအလုပ်သမားအနေဖြင့် ဝင်ရောက်လုပ်ကိုင်သူ ၈၀၈ ဦးရှိသော် လည်း အရင်းအနှီးနှင့် နည်းပညာအားနည်းခြင်း၊ ဥပဒေအရ အကန့်အသတ်ရှိနေ ခြင်းကြောင့် တစ်ပိုင် တစ်နိုင် ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ခြင်းမရှိ။ နေ့စားသွားရောက် လုပ်ကိုင်ကြ ရပြီး အလုပ်နှင့်ဝင်ငွေ ပုံမှန်မရှိခြင်းကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာ ရှိသည်။ စက်ချုပ်၊ အလှပြင်၊

SAMPLE

ဈေးဆိုင်နှင့် ဈေး ရောင်းခြင်း၊ လွှက်ရည်ဆိုင်ရောင်းခြင်းလုပ်ငန်းများမှာလည်း အရင်းအနှီးနှင့် ဈေးကွက် အားနည်းသော ကြောင့် ရပ်တည်နိုင်မှု အသင့်အတင့်သာ ရှိသည်။ ဝန်ထမ်းအနည်းငယ်ရှိပြီး လစာ ပုံမှန် ရရှိသော ကြောင့် ၄င်းတို့၏ ရပ်တည်နိုင်မှုမှာလည်း အသင့်အတင့် ရှိသည်။ ကားမောင်းသူနှင့် မြင်းလှည်းမောင်း သူ ၂ ဦးသာရှိပြီး ၄င်းတို့၏ ရပ်တည်နိုင်မှုမှာ နိမ့်သည်။ ၄င်းလုပ်ငန်းများကို လုပ်ကိုင်ရာတွင်လည်း အလုပ်အကိုင်နှင့်ဝင်ငွေ ပုံမှန်မရရှိခြင်း၊ လုပ်အားခနည်းခြင်းတို့ကြောင့် ဝင်ငွေနည်းပါးသည်။ ကျေးရွာ တွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းပညာ ကျွမ်းကျင်မှု လည်း နည်းပါးသည်။ အရင်း အနှီးလည်းနည်းပါးပြီး ချေးငွေလည်း လက်လှမ်းမမီကြပါ။ အသက်မွေးဝမ်းပညာသင်တန်းများ တက် ရောက်ရန်နှင့် လုပ်ငန်းထူထောင်ရန်လည်း ကုန်ကျစရိတ်နှင့် အရင်း အနှီး မတတ်နိုင်ကြပါ။

### (၂.၂.၃.၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား (၂၃-က) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| ဈေးကွက်နှင့် နီးသည်။ ဈေး ကွက်လည်း အလုံအလောက် ရှိသည်။ | ၇ မိုင်ဈေး၊ ဇရပ်ကွင်းဈေးတို့နှင့် နီးပြီး ဒေသစိုက်ပျိုး၊ မွေးမြူရေးထွက် ကုန် များ၊ ရွှေနှင့် သဲ၊ ကျောက် စသည် ထွက်ကုန်များအတွက် ဈေးကွက် အလုံအ လောက်ရှိသည်။ |
| သယံဇာတများ ရှိသည်။ | ရွှေ၊ ခဲ၊ သဲ၊ ကျောက်၊ သဘာဝ ဆေးဖက်ဝင် အပင်များ၊ တောရိုင်းတိရစ္ဆာန်များ၊ သစ်၊ ဝါး စသည့်များ ထွက်သည်။ |
| တည်ငြိမ်အေးချမ်းမှု ရှိသည်။ | နယ်မြေအေးချမ်းပြီး လွတ်လပ် စွာ သွားလာ၊ ရောင်းဝယ်နိုင် သည်။ |
| အလုပ်လုပ်နိုင်သောအရွယ်များ ရှိသည်။ | ဘွဲ့ရနှင့် ဘွဲ့မရသေးသော အ လုပ်လုပ်နိုင်သော အရွယ်များသည်။ |
| လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်သည်။ | လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ပြီး တစ်နှစ်ပါတ်လုံး၊ ရာသီမ ရွေး၊ အချိန်မရွေး သွားလာနိုင်သည်။ |
| အသက်မွေးဝမ်းပညာအချို့ တတ်မြောက်ကြသည်။ | ပန်းဘဲ၊ ရွှေကျင်၊ ဈေးရောင်း၊ အပ်ချုပ်၊ အလှပြင်၊ ယက္ကန်းယက်စသည့်အသက် မွေး ဝမ်းလုပ်ငန်းအချို့ လုပ်ကိုင်စားသောက်ကြသည်။ |
| | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………………

……………………………………………………………………………………………..

ဇယား (၂၃-ခ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ

| **ပြဿနာနှင့် အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** |
|---|---|
| အလုပ်အကိုင်အခွင့်အလမ်း ရှား ပါးခြင်းနှင့် လုပ်အားခ နည်း သည်။ | ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ် အသင့်အတင့်ရှိသော်လည်း ပြင်ပရင်း နှီးလုပ်ငန်းများ၊ အလုပ်ရုံ၊ စက်ရုံများမရှိခြင်း၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးခြင်းကြောင့် လူတိုင်းအလုပ်အကိုင်မရှိကြပါ။ နေ့စားလုပ်အားခများမှာ လည်းနည်းပြီး အလုပ်အကိုင်လည်း ပုံမှန်မရ ကြပါ။ |
| အသက်မွေးဝမ်း အတတ်ပညာ အားနည်းသည်။ | ဘွဲ့ရနှင့် ဘွဲ့မရသော အလုပ်လုပ်နိုင်သည့် အရွယ်များသော်လည်း အ သက်မွေး ဝမ်းအတတ်ပညာ ကျွမ်းကျင်မှုများ အားနည်းနေကြသည်။ သင်တန်းများ တက် ရောက်ရန်လည်း အရင်းအနှီးနှင့် အဆက်အသွယ် မရှိ ကြပါ။ |
| လက်ရှိလုပ်ငန်းများခေတ်မီလုပ် ငန်းသုံးကရိယာများမရှိခြင်း။ကျွမ်း ကျင်မှု အားနည်းနေသေး ခြင်း။ | အပ်ချုပ်၊ အလှပြင်၊ ပန်းရံ၊ လက်သမား လုပ်ကိုင်သူများရှိသော်လည်း ခေတ်မီ လုပ်ငန်းသုံးကရိယာများမရှိခြင်းနှင့် လက်ရှိလုပ်ငန်းများကျွမ်းကျင်မှုအားနည်း နေသေးသည်။ |
| အရင်းအနှီးနှင့် ချေးငွေ လက်လှမ်း မမီနိုင်ခြင်း | ဆင်းရဲသားများအနေဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်ရန် အရင်း အနှီးမရှိ၊ ချေးငွေလည်း လက်လှမ်းမမီနိုင်ကြပါ။ |
| လက်ရှိသတ္တုတူးဖေါ်ရေး ဥပ ဒေအရ ပြင်ပ ပုဂ္ဂိုလ်များမှ ရွှေ တွင်းများကို ပိုင်ဆိုင်ခွင့် ရရှိနေ ခြင်း။ | ဒေသခံဆင်းရဲသားများ တစ်ပိုင်တစ်နိုင်လုပ်ကိုင်နိုင်ရန် သင့်တော်သော သတ္တု တူးဖေါ်ရေး ဥပဒေကို ပြင်ဆင်သတ်မှတ်ပေးပါက ဒေသခံ ဆင်းရဲသားများ လုပ်ကိုင်ခွင့် ရရှိလာမည် ဖြစ်ပါသည်။ |
| သစ်၊ ဝါး၊ ရွှေ ထွက်ရှိသော် လည်း | သစ်၊ ဝါးထွက်သော်လည်း ကုန်ချောထုတ်လုပ်နိုင်ခြင်းမရှိကြပါ။ အကယ်၍ |

| ပြဿနာနှင့် အခက်အခဲများ | ဖော်ပြချက်/ ရှင်းလင်းချက် |
|---|---|
| ကုန်ချောထုတ်လုပ်ငန်း ကျွမ်း ကျင်မှု မရှိခြင်း။ | ပန်းတိမ်လုပ်ငန်း၊ ပရိဘောဂပြုလုပ်နည်း၊ ဝါးအချောထည် ပြု လုပ်နည်း၊ မှျစ်ချဉ်၊ မှျစ်ခြောက်ပြုလုပ်နည်းများ ကျွမ်းကျင်ပါက ဝင်ငွေ တိုးလာ နိုင်ပါ သည်။ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။……………………………………………………………………

……………………………………………………………………………………………..

## (၂.၃) ရွှေ့ပြောင်းလုပ်သားများ

### (၂.၃.၁) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

| # | ပုံစံ | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | ပြည်တွင်း | | | ပြည်ပ | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| ၁ | ရွှေ့ပြောင်းလုပ်သားတစ်ဦး အနည်းဆုံးရှိသော အိမ်ထောင်စု | ၉၅ | - | - | - | - | - | - | - | - | - |
| ၂ | ရွှေ့ပြောင်းလုပ်ကိုင် သောကျေးရွာရှိလူဦးရေ | - | ၁၀၄ | ၆၀ | ၁၆၄ | ၁၀၄ | ၆၀ | ၁၆၄ | | | |
| ၃ | ကျေးရွာပြင်ပသို့ ရွှေ့ပြောင်းမှုကာလ | | | | | | | | | | |
| | ၃ လ အထိ | - | ၁၀၄ | ၆၀ | ၁၆၄ | ၁၀၄ | ၆၀ | ၁၆၄ | | | |
| | ၆ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထိ | - | | | | | | | | | |
| | ၁၂ လ အထက် | - | | | | | | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - စိုက်ပျိုးမွေးမြူရေး မဟုတ် သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်အားခ နည်းခြင်းကြောင့် အခြားဒေသသို့ ရွှေ့ပြောင်းသွားရောက်အလုပ်လုပ်ကြရသည်။ ပြည်တွင်းရွှေ့ပြောင်းလုပ်သား အနည်း ဆုံး တစ်ဦးရှိသောအိမ်ထောင်စုပေါင်း ၉၅ အိမ်ထောင်စု (၂၀%) ရှိသည်။ ရွှေ့ပြောင်းလုပ် သားဦးရေ သည် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေ၏ ၁၁.၄% (၁၆၄ ယောက်) ရှိသည်။ အမျိုးသား ရွှေ့ပြောင်းလုပ်သား အရေအတွက်မှာလည်း အမျိုးသမီးရွှေ့ပြောင်းလုပ်သား ဦးရေထက် ပိုများ သည်ကို တွေ့ရသည်။

### (၂.၃.၂) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း

| စဉ် | အကြောင်းအရာ | လူဦးရေ |
|---|---|---|
| ၁ | ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေ အခွင့်အလမ်းများ ရှာဖွေရန် | ၁၆၄ |
| ၂ | နိုင်ငံရေးနှင့်ဆိုင်သော အကြောင်းရင်း | |
| ၃ | ဒေသတွင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် လုံခြုံမှု မရှိသည့် အကြောင်းရင်း | |
| ၄ | အခြား | |

ရင်းမြစ် … အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ရွှေ့ပြောင်းသွားလာသူ အားလုံးသည် မိမိတို့ကျေးရွာတွင် အလုပ်အကိုင် ရှားပါးခြင်းနှင့် လုပ်အားခနည်းခြင်းကြောင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်နှင့် ဝင်ငွေရရှိရန်/ ရှာဖွေရန်ဖြစ်ပါသည်။

### (၂.၃.၃) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

| စဉ် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|

SAMPLE

| | | စုစု ပေါင်း | % ကျေးရွာ အတွင်းရှိ စုစုပေါင်း အိမ်ထောင်စု | မြင့် | လတ် | နိမ့် |
|---|---|---|---|---|---|---|
| ၁ | ပြန်ပို့ငွေကို မှီခိုနေရသော အိမ်ထောင်စု အရေအတွက် | ၉၅ | ၂၀% | Â | | |
| ၂ | ပြန်ပို့ငွေ လမ်းကြောင်းများ | | | | | |
| | ငွေလွှဲလုပ်ငန်း (ဟွန်ဒီ) | | | - | - | - |
| | ဘဏ် | | | - | - | - |
| | လူကြုံဖြင့်လွှဲပို့ခြင်း | | | - | - | - |
| | ငွေလွှဲလုပ်ငန်းနှင့် ဘဏ် | | | - | - | - |
| | - ငွေလွှဲလုပ်ငန်း၊ ဘဏ်နှင့် လူကြုံ ဖြင့်လွှဲပို့ခြင်း | | | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်သော အိမ်ထောင်စုအားလုံး ၉၅ အိမ်ထောင်စု (၂၀%) သည် ပြန်ပို့ငွေအပေါ် မှီခိုနေရပြီး မှီခိုနေရမှု မြင့်သည်။ ငွေကို ၃ လတကြိမ် လူကိုယ်တိုင်ပေးပို့သည်။

## (၂.၄) ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးကွက်

ဇယား (၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| **ဈေးကွက်လက်လှမ်းမီမှု** | **အနီးဆုံးဈေး** | **အကြီးစားဈေးကွက်** |
|---|---|---|
| ရွာမှအကွာအဝေး (မိုင်) | ရွာအတွင်း | ဇရပ်ကွင်းရွာသို့ ၂ မိုင် |
| သယ်ယူပို့ဆောင်ရေး လမ်းကြောင်း နှင့် ၎င်း၏ အထောက်အပံ့များ | ကိုယ်ပိုင် ဆိုင်ကယ်၊ ခြေလျင် | မြင်းလှည်း၊ ဆိုက်ကား၊ ကိုယ်ပိုင် ဆိုင်ကယ်၊ တက္ကစီဆိုင်ကယ်၊ နွားလှည်း |
| ကုန်စည်အမျိုးအစားနှင့် ဝန်ဆောင် မှုပေးနိုင်မှု | ကုန်စိမ်းနှင့် သားငါး | လူသုံးကုန်ပစ္စည်းမျိုးစုံ |
| ဈေးအခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု | သက္ကယ်မိုး၊ အကာမရှိ၊ သစ်သား ခင်း | သွပ်မိုး၊ အကာရှိ၊ ဆိုင်ခန်း |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များအတွက် ကျေးရွာအတွင်း နှင့် ၂ မိုင်ကွာဝေး သော ဇရပ်ကွင်းကျေးရွာဈေးတို့တွင် ဈေးကွက်အလုံအလောက်ရှိသည်။ ကုန်စိမ်းနှင့် သားငါးကို ကျေးရွာဈေး တွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး၊ အခြားလူသုံးကုန်ပစ္စည်းများကို ဇရပ်ကွင်းကျေးရွာဈေးသို့ ကိုယ်ပိုင် ဆိုင် ကယ်၊ ဆိုင်ကယ်တက္ကစီ၊ မြင်းလှည်း၊ နွားလှည်း စသည်တို့ဖြင့် ရာသီမရွေးသွားရောက်ဝယ်ယူကြရသည်။ ပုံမှန် ပြေးဆွဲသည့် အများသုံးယဉ်မရှိပါ။

## (၂.၅) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

| **ချေးငွေ ရရှိနိုင်သည့် နေရာ** | **ငွေကြေး ဝန်ဆောင်မှု အမျိုးအစား** | **ပြန်လည် ပေးဆပ်ရမည့် ကာလ** | **အတိုးနှုန်း (လ)** | **အပေါင်ခံ ပစ္စည်း လိုအပ်မှု** | **ချေးငွေရရန် အခက်အခဲများ** |
|---|---|---|---|---|---|
| အစိုးရဘဏ် (သမဝါ ယမ ဘဏ်) | ချေးငွေ | ၆ လ | ၁.၅% | | အဖွဲ့ဝင် ၇၀ ဦးခန့်သာ ငွေချေးနိုင်သည်။ |
| စိုက်ဘဏ် | ချေးငွေ | ၆ လ | ၀.၈၅% | ပုံစံ ၇ | ပုံစံ ၇ ရှိသူ တောင်သူ ၁၁ ဦးသာ ငွေချေးနိုင် သည်။ |
| ပုဂ္ဂလိကဘဏ် | | | | | |
| ပုဂ္ဂလိက အသေး စား ချေးငွေဝန် ဆောင်မှုကဏ္ဍ | | | | | |
| အဖွဲ့အလိုက်ငွေစု/ငွေ ချေးအစီအစဉ် | | | | | |
| ငွေချေးပေးသူ | | | | | |
| အပေါင်ဆိုင် | | | | | |

SAMPLE

| ချေးငွေ ရရှိနိုင်သည့် နေရာ | ငွေကြေး ဝန်ဆောင်မှု အမျိုးအစား | ပြန်လည် ပေးဆပ်ရမည့် ကာလ | အတိုးနှုန်း (လ) | အပေါင်ခံ ပစ္စည်း လိုအပ်မှု | ချေးငွေရရန် အခက်အခဲများ |
|---|---|---|---|---|---|
| မိတ်ဆွေနှင့် ဆွေမျိုးများ | ချေးငွေ | တစ်လ | ၂၀% | မလို | ဆင်းရဲသောကြောင့် ယုံကြည်မှုအားနည်း၊ လူတိုင်း မရနိုင်၊ အလုံအလောက်မရ၊ လိုအပ်ချိန်မရနိုင်ပါ။ |
| အခြား | | | | | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုး မွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ (၂) သက်ဆိုင်ရာ ငွေကြေး ဝန်ဆောင်မှု ပေးသောအဖွဲ့များ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အစိုးရငွေချေးစနစ်နှင့် ပါတ်သက်၍ စိုက်ပျိုးရေးဘဏ်နှင့် သမဝါ ယမ ငွေချေးစနစ် တို့ရှိသည်။

စိုက်ဘဏ်ချေးငွေသည် ကျေးရွာရှိတောင်သူ (၁၁) ဦးအား ယာမြေအတွက် ချေးငွေစုစုပေါင်း ( ) သိန်းထုတ်ချေး ထားပါသည်။ ၄င်းချေးငွေသည် ပုံစံ ၇ ရှိသောလယ်မြေ တစ်ဧကလျှင် ၂၀၀၀၀ ကျပ် နှုန်းဖြင့် တောင်သူ တစ်ဦး လျှင် အများဆုံး ၁၀ ဧကအထိသာ မိုးသီးနှံနှင့် ဆောင်းသီးနှံအတွက် ၂ ကြိမ် ချေးယူခွင့်ရှိသည်။ ချေးငွေရရှိပြီ ချေးငွေကာလမှာ မိုးသီးနှံအတွက် ၈ လ၊ ဆောင်းသီးနှံအတွက် ၆ လဖြစ်သည်။ အတိုးနှုန်းမှာ (၀.၈၅%) ဖြစ်သည်။ သို့သော် စိုက် ဘဏ်ချေးငွေမှာ အချိန်မီထုတ်ချေး ပေးခြင်းမရှိ၊ ကုန်ကျစရိတ် လုံလောက်မှုမရှိ၊ ကာလတို (၆ လ) ချေးငွေ၊ ပြန်ဆပ်ချိန်ကို အတိအကျ သတ်မှတ်ထားသောကြောင့် သီးနှံအောင်ပါက ဈေးကောင်းမစောင့် နိုင်ဘဲ ရောင်းချပြန်ဆပ်ရခြင်း၊ ရာသီဥတုအခြေအနေကြောင့် သီးနှံမအောင်မြင်ပါကလည်း မိမိရှိရာ (ကျွဲ၊ နွား၊ လယ်၊ ယာ၊ ရွှေထည် စသည်) ရောင်း၊ပေါင်ပြီး မဖြစ်မနေ ပေးဆပ်ကြရသည်။

သမဝါယမ ချေးငွေမှာ အသင်းဝင် လူဦးရေ ၇၀ ခန့်ကို တစ်ဦးလျှင် ၁၀၀၀၀၀ ကျပ်နှင့် ၁.၅ ရာခိုင်နှုန်းဖြစ်သည်။ ချေးငွေကာလမှာ ၆ လဖြစ်ပြီး အကြေဆပ်ပြီးပါက ပြန်လည်ချေးငှားနိုင်သည်။

ကျေးရွာအတွင်း ငွေတိုးချေးသူထံမှ ချေးငှါးရာတွင် ယာမြေအပေါင်ထားပြီး အတိုးနှုန်းမှာ ၁၀-၂၀% ဖြစ်သည့်အပြင် သီးနှံပေါ်ချိန် အမြန်ပြန်လည် ပေးဆပ်ရသောကြောင့် ဆင်းရဲသားများအတွက် ငွေချေးရာတွင် များစွာအခက်အခဲရှိသည်။ ယုံကြည်မှုလည်း နည်းသောကြောင့် အပေါင်ခံပစ္စည်းမရှိပါက ချေးငွေရရန် အခက်အခဲရှိသည်။

## (၂.၆) ပတ်ဝန်းကျင်နှင့် သဘာဝ ရင်းမြစ်များ စီမံခန့်ခွဲမှု

### (၂.၆.၁) ပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်များ စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ

| အခက်အခဲ | အန္တရာယ်ရှိမှု (မြင့်/လတ်/နိမ့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | မြင့် | ကျောက်ကုန်းမြေ၊ မြေသားဖွဲ့စည်းပုံညံ့။ |
| အပင်မျိုးစိတ်များ | မြင့် | ထိန်းသိမ်းမှုအားနည်းပြီး ထုတ်ယူသုံး ရောင်းချမှုများသည်။ |
| ဖျက်ပိုးနှင့်ရောဂါကာကွယ် ထိန်းချုပ်မှု | လတ် | အသင့်အတင့် ကျရောက်သည်။ |
| ရေရင်းမြစ် | လတ် | မိုးရေကို အားကိုးနေရပြီး မြေအောက်ရေ တူးဖေါ်ရရှိနိုင်သည်။ |
| ငါးမျိုးကွဲများ | | ငါးမရှိ။ |
| အခြားတိရစ္ဆာန်မျိုးကွဲများ | မြင့် | ထိန်းသိမ်းမှုအားနည်းပြီးထုတ်ယူသုံးရောင်း ချမှုများသည်။ |
| စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု | မြင့် | စွန့်ပစ်ပစ္စည်းများ စည်းကမ်းမဲ့ စွန့်ပစ် ကြ သည်။ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

SAMPLE

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျောက်ကုန်းနှင့် မြေသားမကောင်းသောကြောင့် မြေဆီသြဇာအနေဖြင့်ညံ့သည်။ ၎င်းအပြင် ဓါတ်မြေသြဇာများ အလွန်အကျွံ သုံးစွဲခြင်းနှင့် စိုက်နည်းစနစ် မှားယွင်းမှုကြောင့်လည်း မြေဆီသြဇာ အန္တရာယ်ရှိမှု မြင့်ပါသည်။

တောင်သူများ အနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် အန္တရာယ်ရှိမှု မြင့်သည်။ သဘာဝပါတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

ရေအရင်းအမြစ်နေဖြင့်လည်း လုံလောက်မှု မရှိသည့်အပြင် ထုံးဓါတ်များနေသဖြင့် အန္တရာယ် ရှိမှု လတ်အနေအထားတွင်ရှိသည်။

အပင်မျိုးစိတ်များ၊ ငါးမျိုးကွဲများနှင့် အခြားတိရစ္ဆာန်မျိုးကွဲများအနေဖြင့်လည်း ထိန်းသိမ်းမှု အားနည်း ပြီး ထုတ်ယူသုံးစွဲမှု၊ ဖမ်းဆီးသတ်ဖြတ်မှု များသောကြောင့် တဖြည်းဖြည်း ရှားပါးလာပြီး အန္တရာယ်ရှိမှု မြင့်သည်။

## (၂.၇) ပညာရေး

### (၂.၇.၁) ပညာရေးနှင့် စာတတ်မြောက်မှု

ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း

| **အတန်းပညာပြီးမြောက်မှု** | **ကျား** | **မ** | **ပေါင်း** | **၉ နှစ်နှင့်အထက် လူဦးရေ၏ %** |
|---|---|---|---|---|
| စာမတတ်သူဦးရေ | ၂၉ | ၁၀၁ | ၁၃၀ | ၇% |
| ဘုန်းကြီးကျောင်းသင်ပညာရေး | ၁၂၆ | ၇၀ | ၁၉၆ | ၁၀.၁% |
| မူလတန်းပညာရေး မပြီးဆုံးသူဦးရေ | ၂၆၆ | ၃၀၃ | ၅၆၉ | ၃၀.၂% |
| မူလတန်းပညာရေး ပြီးဆုံးသူဦးရေ | ၃၅၈ | ၃၁၄ | ၆၇၂ | ၃၅.၇% |
| အလယ်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၁၃၀ | ၉၇ | ၂၂၇ | ၁၂% |
| အထက်တန်းပညာရေး ပြီးဆုံးသူဦးရေ | ၄၇ | ၂၃ | ၇၀ | ၃.၇% |
| တက္ကသိုလ်ပညာ ပြီးဆုံးသူဦးရေ | ၈ | ၁၃ | ၂၁ | ၁.၁% |
| **၉ နှစ်နှင့်အထက် လူဦးရေပေါင်း** | **၉၆၄** | **၉၂၁** | **၁၈၈၅** | **၁၀၀%** |

ရင်းမြစ် ... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏ပညာရေးနှင့် စာတတ်မြောက်မှုကို လေ့လာကြည့်ရာတွင် စာ မတတ်သူ ၁၃၀ ဦး (၇%) နှင့် မူလတန်းပညာမပြီးဆုံးသူ ၃၀၃ ဦး ( ၃၀%) စုစုပေါင်း ၃၇% သည် အခြေခံ ပညာ အရေး၊ အဖတ်၊ အတွက်ကို တတ်မြောက်မှု မရှိဘဲ အများစုမှာ အမျိုးသမီး များ (၁၇၁ ဦး) ၅၂.၂% ရှိသည်ကို တွေ့ရသည်။ အခြေခံပညာတတ်မြောက်မှု မူလတန်းပြီးဆုံးသူ၊ အလယ်တန်းပညာ ပြီးဆုံးသူ၊ အထက်တန်းပညာပြီးဆုံးသူ အရေအတွက်ကို လေ့လာရာတွင် အမျိုးသား ဦးရေကများပြီး အမျိုးသမီးအရေအတွက် သိသိသာသာ နည်းသည်ကို တွေ့ရသည်။ ဤအရေအတွက် ကို ကြည့်ခြင်း အားဖြင့် ပညာသင်ကြားမှုတွင် အမျိုးသမီးများမှာ အမျိုးသားများနှင့် တန်းတူခံစားခွင့် မရှိကြောင်းတွေ့ ရသည်။ ဘွဲ့ရအရေအတွက်မှာ အမျိုးသမီးပိုများနေတာတွေ့ရသည်။ သားယောက်ကျားလေးများမှာ မိသားစုဝင်ငွေအတွက် တွင်းဆင်းလုပ်ကိုင်ကြရသောကြောင့် ပညာ ပြီးဆုံးအောင် မသင်နိုင်ကြပါ။

### (၂.၇.၂) ကျောင်းတက်နှုန်း

ဇယား (၃၁) ကျောင်းတက်နှုန်း

| **ပညာရေးအဆင့်အတန်း** | **ကျား** | **မ** | **ပေါင်း** | **စုစုပေါင်းကျောင်းနေအရွယ် လူဦးရေ၏ %** |
|---|---|---|---|---|
| မူလတန်း (၅-၉ နှစ်) | ၁၇၂ | ၁၄၇ | ၃၁၉ | ၁၂၃.၆ % |
| အလယ်တန်း (၁၀-၁၄နှစ်) | ၆၉ | ၆၈ | ၁၃၇ | ၄၂.၄% |
| အထက်တန်း (၁၅-၁၆ နှစ်ကြား) | ၂၈ | ၂၃ | ၅၁ | |
| တက္ကသိုလ် ကျောင်းသား၊ သူ | ၁၈ | ၁၃ | ၃၁ | |

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် အလယ်တန်းကျောင်းခွဲရှိပြီး မူလတန်းကျောင်းနေအရွယ် စုစုပေါင်း ၂၅၈ ယောက်ရှိသော်လည်း လက်ရှိရွာ စာသင်ကျောင်းတွင် တက်ရောက်နေသော ဦးရေမှာ ၃၁၉ ယောက်၊ ၁၂၃.၆% အထိရှိကြောင်းတွေ့ရသည်။ ဤသို့ ကျောင်းသားအရေအတွက် များနေရခြင်း မှာ KG တန်းတိုးလာခြင်းကြောင့်

SAMPLE

ဖြစ်သည်။ အလယ် တန်းကျောင်းနေအရွယ်မှာ ၃၂၃ ယောက်ရှိသော် လည်း လက်ရှိစာသင်ကျောင်းတွင် ၁၃၇ ဦး (၄၂.၄%) သာ ရှိသည်။ ၇၇ ဦးမှာ ဇရပ်ကွင်းသို့ သွားရောက် ပညာသင်ကြားနေကြသည်။ ကျန် ၁၀၉ ဦးမှာ မိဘများမှာ ဆင်းရဲသောကြောင့် ကျောင်းဆက်တက် နိုင်ခြင်းမရှိကြပါ။

**(၂.၇.၃) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ**

ဇယား (၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| **အကြောင်းအရာ** | **မူလတန်းကျောင်း** | | | **အလယ်တန်းကျောင်းခွဲ** | | |
|---|---|---|---|---|---|---|
| ရွာမှ အကွာအဝေး(မိုင်) | | | | ရွာအတွင်း | | |
| သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု | | | | ခြေလျင် | | |
| စာသင်ကျောင်း အရွယ်အစား (အလျား၊ အနံ၊အမြင့်) | | | | ၅၈ ပေ × ၂၆ ပေ × ၁၅ ပေ အဆောင် (၄) ဆောင် | | |
| အမိုး၊ နံရံ၊ အခင်း အရည်အသွေး | | | | သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း | | |
| ကျောင်းသုံး ပရိဘောဂ (လုံလောက် မှု ရှိ/မရှိ) နှင့် ကျောင်းအိမ်သာအခြေ အနေ | | | | ပရိဘောဂ လုံလောက်မှု ရှိသော်လည်း ယင်လုံအိမ်သာ လုံလောက် မှုမရှိ။ | | |
| ကျောင်းအာဟာရတိုက်ကျွေးမှု (အာဟာရ အမျိုးအစားနှင့် ကြိမ်ရေ) | | | | မရှိ။ | | |
| ကျောင်းဆရာဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | | | | ၂ | ၁၀ | ၁၂ |
| ကျေးရွာခန့် | | | | | ၁ | ၁ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။လက်ရှိကျေးရွာ ရှိ အလယ်တန်းကျောင်းခွဲအရွယ်မှာ အလျား ၅၈ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၅ ပေ၊ သွပ်မိုး၊ ထရံကာ၊ အုတ်ခင်း အဆောင် ၄ ဆောင်ရှိသည်။ ကျောင်းဆောင် လုံလောက်မှုရှိသော်လည်း ကျောင်းဆောင် ၂ ဆောင် ပြုပြင်ရန်လိုအပ်သည်။ ကျောင်းခြံစည်းရိုး အခြေ အနေမှာ တစ်မျက်နှာ ၃၀၀ ပေခန့် ဆောက်လုပ်ရန်လိုအပ်သည်။ ကျောင်းဆောင်နှင့် ပရိဘောဂ လုံလောက်မှုရှိသော်လည်း ကျောင်းယင်လုံအိမ်သာ၊ ကျောင်း သောက်ရေ၊ သင်ထောက်ကူပစ္စည်း လုံလောက်မှု မရှိပါ။ ကျောင်းဆရာအရေအတွက်မှာ အစိုးရခန့် ကျား ၂ ဦး၊ မ ၁၀ ဦးနှင့် ကျေးရွာခန့် ဆရာမ ၁ ဦး၊ စုစုပေါင်း ၁၃ ဦးရှိပါသည်။ ကျောင်းအာဟာရနှင့် ကျောင်းကျန်းမာရေးပညာပေး အစီအ စဉ်များလည်း မရှိကြပါ။

**(၂.၇.၄) ပညာရေး အခက်အခဲနှင့် ပြဿနာများ**

ဇယား (၃၃) ပညာရေး အခက်အခဲနှင့် ပြဿနာများ

| **အခက်အခဲ/ ပြဿနာ** | **ရှင်းလင်းချက်** |
|---|---|
| ကျောင်းဆရာ/မ ဦးရေ | ၁၃ ဦး (က ၂ + မ ၁၁) ကျေးရွာခန့်မ ၁ ဦး။ |
| တပည့် - ဆရာ အချိုး | မူလတန်း ၅၃/၁ ရှိပြီး အလယ်တန်း ၂၇/၁ |
| မူလတန်းပညာ ကျောင်းထွက်နှုန်း | |
| မသန်စွမ်းသူများအတွက် ပညာရေး အထူးအစီအစဉ် | မရှိ။ |
| ကျောင်းသုံးစာအုပ်နှင့်စာရေးကိရိယာ | လုံလောက်မှု ရှိသည်။ |
| ဆင်းရဲသော မိသားစုများအတွက် ကျောင်းစရိတ် မတတ်နိုင်မှု | အစီအစဉ်မရှိ။ ထောက်ပံ့မှုမရှိ။ |
| ကျောင်းအားကစားဆိုင်ရာ ပစ္စည်းများ လက်လှမ်းမီမှု | အားကစားပစ္စည်းရှိသော်လည်း စုံလင်မှုမရှိ။ အားကစားကွင်း ကျဉ်းသည်။ |
| မိဘဆရာအသင်း၏အခန်းကဏ္ဍ | စိတ်ဝင်စားမှုရှိပြီး တက်ကြွစွာ လှုပ်ရှားကြသည်။ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**လေ့လာတွေ့ရှိချက်။** ။ တပည့်/ဆရာအချိုးမှာ မူလတန်း တွင် ၅၃း ၁ ဖြစ်ပြီး အလယ်တန်းတွင် ၂၇ း ၁ အချိုးဖြစ်သောကြောင့် ဆရာလုံလောက်မှုလည်း မရှိပါ။ အားကစားပစ္စည်း လုံလောက်မှု မရှိကြပါ။ အားကစားကွင်းမှာလည်း နေရာကျဉ်းနေပါသည်။ မိဘဆရာအသင်း၏ စိတ်ဝင်စားမှုရှိပြီး တက်ကြွစွာ လှုပ်ရှားကြသည်။

SAMPLE

## (၂.၈) ကျန်းမာရေးနှင့် အာဟာရ

### (၂.၈.၁) အဖြစ်များသော ရောဂါများ

ဇယား (၃၄) အဖြစ်များသော ရောဂါများ

| # | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|---|
| | | မြင့် | နိမ့် | မရှိ | |
| ၁ | ဝမ်းပျက်ဝမ်းလျှော | | Â | | သောက်သုံးရေသန့်ရှင်းမှု အားနည်းသည်။ |
| ၂ | သွေးလွန်တုပ်ကွေး | Â | | | ခြင်ပေါက်ပွါးမှုအဆမတန်များပြားခြင်း |
| ၃ | ငှက်ဖျား | Â | | | ခြင်ပေါက်ပွါးမှုအဆမတန်များပြားခြင်း |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | | | Â | |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | | Â | | အခြားဒေသသို့ ရွှေ့ပြောင်းသွားလာ အလုပ် လုပ်ကြရသောကြောင့် |
| ၆ | တီဘီ | Â | | | အသက်ရှူလမ်းကြောင့်နှင့် လူ့အသုံးအဆောင်များ အတူသုံးရာမှကူးစက်နိုင်သည်။ |
| ၇ | ဆီးချို | Â | | | နေ့စဉ်စားသုံးနေရသော အစားအစာများ |
| ၈ | သွေးတိုး | Â | | | သန့်ရှင်းမှုနည်းပါးခြင်း၊ ဓါတုဆေးဝါး အလွန် အကျွံ သုံးစွဲထားသောအစား အစာများကို နေ့စဉ်မလွဲမရှောင် စားသုံး နေ ရခြင်း။ ဆင်းရဲ သားများ ကျန်းမာ ရေးဗ ဟုသုတ အားနည်းခြင်း၊ ကျန်းမာ ရေးလေ့ ကျင့်ခန်းလုပ်သည့် အလေ့အ ထမရှိခြင်း၊ လေ့ကျင့်ခန်းလုပ်ရန် ကျန်း မာရေး ပစ္စည်း ကရိယာနှင့် ပါတ်ဝန်းကျင် အခြေအနေ ကောင်းများမရှိခြင်း၊ တို့ကြောင့် ဆီးချို၊ သွေးတိုး၊ရောဂါမှာ ဖြစ်ပွါးမှု မြင့်သည်။ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | Â | | | အသက်ရှူလမ်းကြောင်းမှတဆင့် ကူး စက် ခြင်း၊ နေ့စဉ်လူ့အသုံးအဆောင်များနှင့် ထိ တွေ့ရာမှ တဆင့် ကူးစက်ခြင်း ကြောင့်ဖြစ် သည်။ |
| ၁၀ | အာဟာရ ချို့တဲ့မှု | | Â | | အများစုမှာဆင်းရဲသားများဖြစ်သော ကြောင့် အာဟာရချို့တဲ့မှုမှာလည်း ဖြစ် နိုင်ခြေရှိပါသည်။ သို့သော်နိမ့်သည်။ |
| ၁၀ | အခြား ကူးစက်နိုင်သော ရောဂါများ | | | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်း မွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ သွေးလွန်တုတ် ကွေး ရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွါးမှုရှိကြောင်း တွေ့ရသည်။ ကျေးရွာတွင် အဖြစ်များသော ရော ဂါများမှာ သွေးလွန်တုတ်ကွေး၊ ဝမ်းပျက်ဝမ်းလျှော၊ ငှက်ဖျား၊ တီဘီ၊ ဆီးချို၊ သွေးတိုး၊ အသည်းရော ဂါ (ဘီပိုး၊ စီပိုး) တို့သည် ပျံ့နှံ့မှုနှင့် ဖြစ်ပွါးမှုမြင့်သည်။ ဝမ်းပျက်ဝမ်းလျှောရောဂါမှာ သောက်ရေ မသန့် ရှင်းမှုနှင့် တကိုယ်ရေ သန့်ရှင်းမှု နည်းသောကြောင့် ဖြစ်သည်။ သွေးလွန်တုတ်ကွေးနှင့် ငှက်ဖျားရော ဂါမှာ ခြင်များ ပေါက်ပွါးမှု အဆမတန်များသောကြောင့် ဖြစ်သည်။ နေ့စဉ်စားသုံးနေရသော အစားအစာ များ သန့်ရှင်းမှု နည်းပါးခြင်း၊ စားသုံးဆီများ မသန့်ခြင်း၊ ဓါတ်မြေသြဇာနှင့် ပိုးသတ်ဆေးအလွန်အကျွံ သုံးစွဲထားသော ဟင်းသီးဟင်းရွက်များကို နေ့စဉ်ဝယ်ယူစားသုံးရခြင်း၊ ကြာရှည်ခံဆေးများအသုံးပြု ထားသော အသားငါး၊ အစိုအခြောက်များကို စားသုံးနေကြရခြင်း၊ သဘာဝမဟုတ်သော ကြီးထွားမြန် အသားငါးများကို နေ့စဉ် ဝယ်ယူစားသုံးနေ ကြ ရခြင်း၊ ဈေးကွက်အတွင်း ဓါတ်မြေသြဇာ၊ ပိုးသတ်ဆေး၊ အသီးမှည့်ဆေး၊ ဟော်မုန်း အလွန်အကျွံသုံးစွဲထားသော သစ်သီးဝလံများကို ရောင်းချနေခြင်း၊ နေ့စဉ်ဝယ်ယူစားသုံးနေရခြင်း၊

၄င်းအစားအစာများကိုလည်း အစိုးရမှ စနစ်တကျကြီးကြပ်၊ စီစစ်မှု မရှိခြင်း၊ ဟင်းချိုမှုန့်၊ ကြက်သားမှုန့်များ ကို အလွန်အကျွံသုံးစွဲခြင်း၊ ဆိုးဆေး၊ ချွတ်ဆေး၊ ပွဆေးပါသော မုံ့နှင့် သရည်စာများကို ရောင်းချခြင်း၊ ဝယ်ယူစားသုံးနေရခြင်း၊ ဆင်းရဲသားများ ကျန်းမာရေး ဗဟုသုတ နည်းခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်း လုပ်သည့် အလေ့အထမရှိခြင်း၊ လေ့ကျင့်ခန်းလုပ်ရန် ကျန်းမာ ရေး ပစ္စည်းကရိယာမရှိခြင်း၊ တို့ကြောင့် ဆီးချို၊ သွေးတိုး၊ရောဂါမှာ ဖြစ်ပွါးမှု မြင့်သည်။ တီဘီ၊ အသည်းရောဂါ (ဘီပိုး၊ စီပိုး) မှာလည်း ဖြစ်ပွါးမှု မြင့်သည်။ အဘယ်ကြောင့်ဆိုသော် ၄င်းရောဂါများသည် အသက်ရှူလမ်းကြောင်းမှတဆင့် ကူးစက် ခြင်း၊ နေ့စဉ်လူ့အသုံးအဆောင်များနှင့် ထိတွေ့ရာမှ တဆင့် ကူးစက်ခြင်းကြောင့်ဖြစ်သည်။ လိင်မှတဆင့် ကူးစက်သောရောဂါများမှာ ဖြစ်ပွါးနိုင်မှု နိမ့်သည်။ ၄င်း ရောဂါများမှာ အခြားဒေသသို့ ရွှေ့ပြောင်း သွားလာ အလုပ်လုပ်ကြရသောကြောင့် ကူးစက်ခံရနိုင် သည်။ အများစုမှာ ဆင်းရဲသားများဖြစ်သောကြောင့် အာဟာရချို့တဲ့မှုမှာလည်း ဖြစ်နိုင်ခြေရှိပါသည်။ သို့သော် နိမ့်သည်။

### (၂.၈.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၃၅) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | ကာကွယ်ဆေးထိုးခြင်း | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | အဆုတ်ရောဂါ | Â | | ဆေးလိပ်သောက်သုံးမှုများခြင်း၊ ယမ်းငွေ့၊ဂန်းငွေ့များ ရှူရှိုက်ရသောကြောင့်ဖြစ်သည်။ |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | Â | | |
| ၃ | ပိုလီယိုရောဂါ | Â | | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | Â | | |
| ၅ | ဝက်သက်ရောဂါ | Â | | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | Â | | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | Â | | |
| ၈ | အာဟာရပညာပေး အစီအစဉ် | | Â | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ ကာကွယ်ဆေး တစ်နှစ် ၃ ကြိမ်ပုံမှန်ထိုးပေးသည်။ အဟာရပညာပေး ဝန် ဆောင်မှုမရ ကြပါ ။

### (၂.၈.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| ကျေးလက် ကျန်းမာရေး ဌာန | မရှိ။ | | ကျန်းမာရေးမှူး- သားဖွားဆရာမ - အရံသားဖွားဆရာမ- ကြီးကြပ် (၁) – ကြီးကြပ် (၂) – တိုင်းရင်းဆေးကု- အရပ်လက်သည်- | | |
| တိုက်နယ် ဆေးရုံ | ဘယ်မှာလဲ | | ဆရာဝန် - လ/ထ - | | |

SAMPLE

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာ အဝေး (မိုင်) | အခန်း/ ကုတင် (လုံလောက်မှု ရှိ /မရှိ) | ကျန်းမာရေး ဝန်ထမ်းဦးရေ | ဆေးနှင့်ပတ်သက်သော အသုံးအဆောင် ပစ္စည်း များ (လုံလောက်မှု/ မလုံလောက်မှု) | မှတ်ချက် |
|---|---|---|---|---|---|
| | | | ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | | |
| မြို့နယ် ဆေးရုံ | သပိတ်ကျင်း၊ ၁၁ မိုင် နှင့် ကြာအင်းစစ်ဆေးရုံ၊ ၁၄ မိုင် | ရှိ | ဆရာဝန် - လ/ထ - ကျန်းမာရေးမှူး- သူနာပြု - သားဖွားဆရာမ - အရံသားဖွားဆရာမ- ဓာတ်ခွဲကျွမ်းကျင်- | | |
| ဆေးဆိုင် | ကျေးရွာအတွင်း | | ဆေးဝါးကျွမ်းကျင်သူ (မရှိ) | လက်လှမ်းမီမှု-- မရှိ။ ဆေးဝါး--မရှိ။ သိုလှောင်ပုံစနစ်--မရှိ။ အအေးခန်းစနစ်--မရှိ။ | ကျေးရွာ ဖွံ့ဖြိုးမှု နည်းသေးသည်။ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ လက်ရှိ ကျေးရွာအုပ်စု (၅) ရွာ၊ အိမ်ထောင်စုပေါင်း (၁၁၃၂) အတွက် အုပ်စုကျေးရွာ သားဖွါးဆရာမ တစ်ဦးသာ ခန့်ထားပေးသော ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု၊ နည်းပညာဝန်ဆောင်မှုနှင့် ကျန်းမာရေးပညာပေးများ လုံလောက်မှု မရှိပါ။ သားဖွါးဆရာမ တစ်ရွာ တစ်ဦးခန့်ထားပေးရန် (သို့မဟုတ်) အရံသားဖွါးသင်တန်းပေးရန် လိုအပ်သည်။ ကျေးရွာအတွင်း ဆေးဝါးဆိုင်ရှိသော်လည်း ကျန်းမာရေးအသုံးအဆောင်နှင့် ဆေးဝါးပြည့်စုံမှုမရှိ။ အရေးပေါ်ဖြစ်ပါက ၁၁ မိုင်ဝေးသော သပိတ်ကျင်းဆေးရုံနှင့် ၁၄ မိုင်ဝေးသော ကြာအင်း စစ်ဆေးရုံသို့ ကျေးရွာရှိ လူမှု ကူညီရေးကားဖြင့် အချိန်မရွေး သွားကြရသည်။

### (၂.၉) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၂.၉.၁) သောက်သုံးရေရရှိမှု

ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု

| ရေရရှိနိုင်မှု | အရေ အတွက် | အကောင်း/အဆိုး | လက်ရှိ/လုံလောက်မှု | | | အခြား |
|---|---|---|---|---|---|---|
| | | | နွေ | မိုး | ဆောင်း | |
| ရေတွင်း | ၁၃၆ | ကောင်း | Â | Â | Â | |
| အဝီစိတွင်း (စက်တပ်) | | | | | | |
| အဝီစိတွင်း/တုံကင် | | | | | | |
| ကန် | | | | | | |
| မြစ်/ချောင်း | ၁ | | | Â | Â | |
| မိုးရေသိုလှောင်ကန် | | | | | | |
| စိမ့်စမ်းရေသွယ်တန်းခြင်း | | | | | | |
| အခြား | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသ မီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

SAMPLE

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သောက်ရေတွင်း ၁၃၆ တွင်းရှိသည်။ ရေတွင်းများမှာ တစ်နှစ် ပါတ်လုံး ရေလုံလောက်သော်လည်း ထုံးဓါတ်များသောကြောင့် အရည်အသွေးကောင်းသော သောက်ရေ သန့် ရရှိရန်လိုအပ်သည်။ ချောင်းရေကိုလည်း အသုံးပြုကြသော်လည်း ခြောက်သွေ့ရာသီတွင် ချောင်းရေ ခမ်းသည်။

### (၂.၉.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၃၈) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သောအိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု | ရှင်းလင်းချက် |
|---|---|---|
| ယင်လုံအိမ်သာ | ၂၇၇ | ကျန်းမာရေးဗဟုသုတ အနည်းငယ်ရှိသည်။ |
| ကျင်းအိမ်သာ | | |
| မြေပေါ် အိမ်သာ | | |
| တောထိုင် | ၂၀၄ | ဗဟုသုတ နည်းပါးခြင်းကြောင့် ဖြစ်သည်။ |
| **စုစုပေါင်း** | ၄၈၁ | |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသ မီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာ ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စု ၄၈၁ အိမ်ရှိသော်လည်း ယင်လုံအိမ်သာ ၂၇၇ လုံး သာရှိပြီး စနစ်တကျ သုံးစွဲခြင်းလည်းမရှိ၊ အမှန်တကယ်လည်း ယင်လုံမှုမရှိကြပါ။ သန့်ရှင်းမှုလည်း မရှိကြပါ။ ကျန် ၂၀၄ အိမ်မှာ တောထိုင်အသုံးပြုလေ့ရှိကြသည်။

### (၂.၁၀) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

| # | ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ | ရှိ | မရှိ | မှတ်ချက် / သုံးသပ်ချက် |
|---|---|---|---|---|
| ၁ | ကျေးရွာ စီမံခန့်ခွဲမှုစနစ်တွင် အမျိုးသမီး တက် ကြွစွာ ပါဝင်မှု/ ခေါင်းဆောင်မှု | | Â | ကျား/မ တန်းတူမှုမရှိခြင်းနှငေ့် အမျိုး သမီး များကိုယ်တိုင် မိမိကိုယ် ယုံကြည်မှု အား နည်းနေသေးသည်။ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်း များတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်မှု | Â | | မြို့နယ်မှ ညွှန်ကြားမှု ရှိသည်။ |
| ၃ | လွန်ခဲ့သောနှစ်အတွင်း ကျေးရွာအတွင်းရှိ မိန်း ကလေးများ/အမျိုးသမီးများအား သံသယ ဖြစ် ဖွယ် အကြမ်းဖက်မှု (သို့) တိုင်ကြားမှုများ | Â | | လွန်ခဲ့သော ၅ နှစ်ခနငေ့်က မိဘအုပ် ထိန်းမှု အားနည်းသောကြောငေ့် ရှိခဲ့ဘူး သည်။ |
| ၄ | အမျိုးသမီးရေးရာ အကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူ ထု၏ အသိအမြင်ရှိမှု | | Â | |
| ၅ | အခြား (ရှိလျှင်) | | | |

ရင်းမြစ်... (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် လက်ရှိယဉ်ကျေးမှုနှငေ့် ဓလေ့ထုံးစံများအရ ကျားမ ခွဲခြားဆက်ဆံမှုအနေဖြငေ့် ကြီးမားသော ပြဿနာနှငေ့် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအ ကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများမတွေ့ရပါ။ အမျိုးသား၊ အမျိုးသမီးများသည် သာမန်အား ဖြင့်အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ သို့သော် ကျေးရွာအတွင်း လူမှုအဖွဲ့အ စည်းများဖွဲ့စည်းရာတွင် အမျိုးသမီးများ ထညေ့်သွင်းဖွဲ့စည်းလေ့မရှိခြင်း၊ အနည်းအကျဉ်းပါသော အခါလည်း အရေးပါသော ဆုံး ဖြတ်ချက်ချနိုင်သော ရာထူး၊ နေရာပေးလေ့မရှိခြင်း၊ အမျိုးသားနှငေ့် အမျိုးသမီးများမှာ လုပ်ငန်းအမျိုး အစား၊ အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်ရမှု တူသော်လည်း လုပ်အားခတွင် တန်းတူမရရှိခြင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများအရ သားယော□ကျ်ားလေးကိုသာ ပညာရေးတွင် ဦးစားပေးခြင်း၊ အများစုမှာ အမျိုးသမီးများကို အလယ်တန်းအဆငေ့်အထိ၊ အခြေခံ အရေးအဖတ်အတွက် တတ်မြောက်ရုံသာ ပညာသင်ကြားပေးလေ့ ရှိခြင်းတို့ ရှိနေသေးသည်။ သို့သော် အမျိုးသားများမှာ မိသားစုဝင်ငွေအတွက် ရွှေတွင်းများတွင် တွင်းဆင်းအလုပ်သမားအဖြစ် လုပ်ကိုင် ကြရသောကြောငေ့် ပညာပြီးဆုံးအောင် သင်ကြားနိုင်ခြင်းမရှိကြသောကြောငေ့် ဘွဲ့ရဦးရေတွင် အမျိုးသမီး ပိုများသည်။

SAMPLE

ကျေးရွာ တွင် ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ၌ လူမှုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် လိုသော်လည်း အမျိုးသမီးများ ခေါင်းဆောင်ပါဝင်ခွင့် မရခြင်း။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ အတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာများအတွက် အမျိုးသမီး များ၏ အသိအမြင် အားနည်းခြင်းကြောင့် ဖြစ်သည်။

### (၂.၁၁) အခြေခံ အဆောက်အဦများ အခြေအနေ

### (၂.၁၁.၁) ကျေးရွာ၏ လမ်းတည်ရှိမှု

ဇယား (၄၀) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုးအစား (၁/၂/၃) | ကောင်း/ ဆိုး | တည်ဆောက် ခဲ့သောနှစ် | ရာသီအလိုက် သုံးစွဲနိုင်မှု | | လမ်းအရှည် (မိုင်) |
|---|---|---|---|---|---|---|
| | | | | ပွင့်လင်း ရာသီ | တစ်နှစ်ပ တ်လုံး | |
| ရွာတွင်းလမ်း | ၁ | ဆိုး | ၁၉၈၅ | Â | Â | |
| ချဉ်းကပ်လမ်း | | | | | | |
| ရွာချင်းဆက်လမ်း | ၂ | ဆိုး | ၁၉၈၅ | | Â | |
| အခြား | | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ မြေသားလမ်း -၁၊ ကျောက်ခင်းလမ်း -၂၊ ကတ္တရာလမ်း/ကွန်ကရစ်လမ်း -၃

**လေ့လာတွေ့ရှိချက်။** ကျေးရွာချင်းဆက်လမ်းမှာ (၂) မိုင် အကွာအဝေး / အရှည်ရှိပြီး ၁၉၈၅ ခုနှစ်တွင် ကျောက်ချော လမ်း ပြုပြင်ထားပါသည်။ ၎င်းလမ်းပေါ်ရှိ အရှည် (၅၂) ပေ၊ အကျယ် (၁၂) ပေ၊ အမြင့် (၁၂) ပေ အရွယ်အစားရှိ သံဘောင်တံတားမှာ ချောင်းရေကြောင့် ပျက်စီးသွားခဲ့သည်။ လမ်း အခြေအနေနှင့် မမျှတသောယဉ်များ ဝင်ထွက်သွားလာမှုကြောင့် လက်ရှိလမ်းအခြေအနေမှာလည်း ဆိုးရွားနေပါသည်။ ကျေးရွာတွင်းလမ်းများမှာ စုစုပေါင်း (၁၀) မိုင်ခန့် ရှည်လျားပြီး မြေသားလမ်း များဖြစ်ခြင်းကြောင့် မိုးရာသီတွင် သွားလာရန် ခက်ခဲသည်။

### (၂.၁၁.၂) ကျေးရွာ၏ တံတားတည်ရှိမှု

ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

| တံတား အမျိုးအစား | အရွယ်အစား | ကောင်း/ဆိုး | တည်ဆောက် ခဲ့သောနှစ် | အသုံးပြုနိုင်သည့်ရာသီ | |
|---|---|---|---|---|---|
| | | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| ဆိပ်ခံတံတား | | | | | |
| သံဘောင်၊ သစ် သားခင်း တံတား | ၅၂ ပေ၊ ၁၂၊ ၁၂ ပေ | ဆိုး | ၁၉၉၇ | | |
| ကြိုးတံတား | | | | | |
| ရေပွန် | | | | | |
| အခြား | | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ အရှည် (၅၂) ပေ၊ အကျယ် (၁၂) ပေ၊ အမြင့် (၁၂) ပေ အရွယ်အစားရှိ သံဘောင်တံတားမှာ ချောင်းရေကြောင့် ပျက်စီးသွားခဲ့သည်။

### (၂.၁၁.၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၄၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | အကွာအဝေး (မိုင်) | ယာဉ် အမျိုးအစား | ရာသီအလိုက် သုံးစွဲနိုင်မှု | |
|---|---|---|---|---|
| | | | ပွင့်လင်းရာသီ | တစ်နှစ်ပတ်လုံး |
| မြစ်ကြောင်း | | | | |
| ပင်လယ်ရေကြောင်း | | | | |
| အခြား | | | | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ၁ – လှေ၊ သမ္ဗာန် ၂ - မော်တော် ၃ - သင်္ဘော

**လေ့လာတွေ့ရှိချက်။** ။ မရှိ။

SAMPLE

### (၂.၁၁.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | စက်လှေ | လှေ၊ သမ္ဗာန် | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ်၊ ထော်လာဂျီ | ကား | မြင်းလှည်း | နွားလှည်း |
|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၂၅ | ၃၀၀ | ၈ | ၅ | ၂ | ၂၆ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအနေဖြင့် စက်ဘီး ၂၅ စီး၊ ဆိုင်ကယ် ၃၀၀ စင်း၊ သုံးဘီးဆိုင်ကယ်နှင့် ထော်လာဂျီ ၈ စင်း၊ ကား ၅ စီး၊ မြင်းလှည်း ၂ စင်းနှင့် နွားလှည်း ၂၆ စီး ရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင်သွားလာရေးနှင့် သယ်ယူပို့ ဆောင်ရေးအတွက် ဆိုင်ကယ်ကို အများစု အသုံးပြုကြသည်။

### (၂.၁၂) လျှပ်စစ်မီးရရှိမှု

ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု | ပြုပြင်ထိန်းသိမ်းရေးစနစ် (ကောင်း/သင့်/ညံ့) | အခက်အခဲရှိ/မရှိ |
|---|---|---|---|
| မဟာဓာတ်အားလိုင်း | | | |
| ဆိုလာစနစ် | ၂၉ | သင့်။ | စာဖတ်နှင့် ညဖက် မီးလင်း ရန် အတွက်သာ အသုံးဝင် သည်။ ရာသီဥတု မကောင်းပါ က အားမပြည့်ပါ။ |
| အသေးစားရေအားလျှပ်စစ် | | | |
| ဒီဇယ်သုံးအင်ဂျင် | ၁ | သင့်။ | ကုန်ကျစရိတ်များသည်။ |
| လေစွမ်းအင် | | | |
| ဇီဝလောင်စာ | | | |
| အခြား | ၄၅၁ | | ဖယောင်းတိုင်၊ ဓါတ်ခဲ၊ ဘက် ထရီမီးတို့ကို အသုံးပြုကြသည်။ မီး ဘေးအန္တရာယ် ရှိသည်။ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် လျှပ်စစ်မီးလက်လှမ်းမီနိုင်ခြင်း မရှိသေးပါ။ ဆိုလာမီးအသုံးပြုသူ ၂၉ အိမ်၊ ဒီဇယ် အင်ဂျင်မီး အသုံးပြုသူ ၁ အိမ်နှင့် ကျန် ၄၅၁ အိမ်မှာ အင်ဂျင်မီးဖြင့် မီးသွယ်ရန် မီးတစ်ပွင့် တစ်လ ၂၀၀၀ နှုန်း၊ တီဗွီအသုံးပြုခ တစ်လ ၄၀၀၀ ကျပ်ပေးဆောင် အသုံးပြုကြရသည်။ ဆင်းရဲသားများမှာ အခကြေးငွေ မပေးနိုင်ကြသောကြောင့် ဓါတ်ခဲ၊ ဘက္ကထရီအိုးနှင့် ဖယောင်းတိုင်မီးကို အသုံးပြုကြ သည်။ စစ်တပ်သို့ သွယ်တန်းထားသော ပင်မလျှပ်စစ်ဓါတ်အားလိုင်းမှာ ကျေးရွာအတွင်း ဖြတ်သန်း သွားသော်လည်း ကျေးရွာမှ ငွေကြေးမတတ်နိုင်ခြင်း၊ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှု အားနည်းနေသေး ခြင်းကြောင့် ကျေးရွာတွင် လျှပ်စစ်မီး မရနိုင်သေးပါ။

### (၂.၁၃) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ | ဂြိုလ်တုစလောင်း | အခြား |
|---|---|---|---|---|---|
| အရေအတွက် | ၄၀၈ | ၄၇ | ၈၂ | ၁၁ | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာနှင့် ပါတ်သက်၍ အိမ်တိုင်း နီးပါး တယ်လီဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်း (၄၀၈) လုံး၊ ရေဒီယို ၄၇ လုံး၊ တီဗွီ ၈၂ လုံးနှင့် စလောင်း ၁၁ ခုရှိသော်လည်း ဒီဇယ်မီးစက် အချိန်သာ ကြည့်ရှုနိုင်သည်။ လျှပ်စစ်မီး လက်လှမ်းမမီသော ကြောင့် ဆိုလာအကြီး အသုံးပြုနိုင်သူများသာ ဂြိုလ်တုစလောင်းကို အချိန်မရွေးကြည့်နိုင်ကြသော်လည်း ဒီဇယ်အင်ဂျင်ဖြင့် အခကြေးငွေပေး ကြည့်သူများမှာ တစ်ရက်လျှင် ၃ နာရီသာ ကြည့်ရှု နိုင်ကြသည်။

SAMPLE

## (၂.၁၄) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး

ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

| လုပ်ငန်းအမည် | ဝန်ဆောင်မှု |
|---|---|
| အပန်းဖြေနိုင်သည့်နေရာများအား လက်လှမ်းမီမှု | သီးသန့်မရှိ။ ရုပ်မြင်သံကြားနှင့် အက်ဖ်အမ် နားထောင်ကြ သည်။ |
| လူမှုရေးလုပ်ငန်းများတွင် ပါဝင်မှု | တက်ကြွစွာ ပါဝင်ကြသည်။ (ရွှေ့ပြောင်းသွားလာရသော ကြောင့် ပါဝင်နိုင်မှု အရေ အတွက် အားနည်းသည်။) |
| ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု | တက်ကြွစွာ ပါဝင်ကြသည်။ (ရွှေ့ပြောင်းသွားလာရသော ကြောင့် ပါဝင်နိုင်မှု အရေ အတွက် အားနည်းသည်။) |
| အားကစားပစ္စည်းများအား လက်လှမ်းမီမှု | အားကစားကွင်းရှိသော်လည်း ကျဉ်းသည်။ အားကစားပစ္စည်း မရှိကြပါ။ |
| ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှု | မဖြစ်မနေပါဝင်ကြရသည်။ |
| ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေး | အားနည်းသည်။ |
| စာကြည့်တိုက်၊ အင်တာနက်စသည်များအား လက်လှမ်းမီမှု | စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှုမရှိ။ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - လူငယ် အုပ်စု။

**လေ့လာတွေ့ရှိချက်။** လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။ အပျင်းပြေ အီးဗွီဒီကိုသာ ကြည့်ကြရပြီး လျှပ်စစ်မီးမရသောကြောင့် ရုပ်မြင်သံကြားကို လက်ဖက်ရည် ဆိုင်များတွင်သာ သွားရောက်ကြည့်ကြရသည်။ ရေဒီယို၊ အက်ဖ်အမ်နားထောင်ချင် ကြသော်လည်း ဆက်သွယ်ရေးလိုင်း မကောင်းသောကြောင့် နားမထောင်နိုင်ကြပါ။ ကျေးရွာဘုရားပွဲနှင့် ဆွမ်းလောင်းပွဲ များတွင် လူငယ်များ ဒိုးပတ်ဝိုင်းရှိသော်လည်း ပောင်းနွမ်းပျက်စီးနေပါသည်။ မိသားစုဝမ်းစာအတွက် အခြားဒေသသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရသောကြောင့် ကျေးရွာ လူမှုရေးလုပ်ငန်း၊ ဘာသာရေး ပွဲတော်များတွင်လည်း ကောင်းစွာပါဝင်နိုင်ခြင်းအားနည်းသည်။ အားကစားနှင့် အားကစား ပစ္စည်းများ တွင်လည်း လက်လှမ်းမီမှု အားနည်းပြီး ပိုက်ကျော်ခြင်း၊ ဘောလုံး၊ ဘော်လီဘော အနည်းအကျဉ်း ကစားကြသည်။ အားကစားပစ္စည်း ပြည့်စုံမှုမရှိကြပါ။ နှစ်စဉ်ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပလေ့မရှိ ကြပါ။ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် ရိုးရာပွဲများ ထိန်းသိမ်းမှုလည်း အားနည်းနေကြပြီဖြစ်သည်။ ကျေးရွာတွင် စာကြည့်တိုက်ရှိသော်လည်း စာအုပ်ပြည့်စုံမှု မရှိကြပါ။ လူငယ်များမှာလည်း စာဖတ်အား နည်းသည်ကိုတွေ့ရသည်။ လူငယ်တိုင်းလိုလို အင်တာနက် အသုံးပြု ကြသော်လည်း ဆက်သွယ်ရေလိုင်း မကောင်းပါ။ ဖေ့စ်ဘုတ်၊ ဗိုက်ဘာ တို့ကိုသာ အများဆုံးအသုံးပြုကြပြီး အရေးကြီးသော စီးပွါးရေး၊ ပညာရေး၊ နိုင်ငံရေး၊ သတင်းတို့တွင် လေ့လာမှု အားနည်းနေသေးသည်။ အင်တာနက် ဝက်ဆိုက်များ ဝင်ရောက်လေ့လာရန်လည်း ဗဟုသုတ နည်းနေသေးသည်။

## (၂.၁၅) ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး အခြေအနေ

### (၂.၁၅.၁) လုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

| ဝန်ဆောင်မှုများ | ရှင်းလင်းချက် |
|---|---|
| ဆက်သွယ်ရေးဆိုင်ရာ အဆောက်အဦများ အား လက်လှမ်းမီမှု | ၂ မိုင်အကွာအဝေးဇရပ်ကွင်းတွင် ဆက်သွယ်ရေး တာဝါတိုင်ရှိသည်။ |
| အာမခံလုပ်ငန်းများအား လက်လှမ်းမီမှု | မရှိ။ ရွာသူ/သားများစိတ်ဝင်စားမှုမရှိ။ ယုံကြည်မှုမရှိကြပါ။ |
| လူထုအခြေပြု သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအစဉ် | မရှိ။ |
| ရဲစခန်းများအား လက်လှမ်းမီမှု | ၅ မိုင်စခန်းတွင် တည်ရှိသည်။ |
| အခြား | |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ။

**လေ့လာတွေ့ရှိချက်။** ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ လူကုန်ကူးမှုနှင့် ခိုးမှုများမရှိသော်လည်း ယခုနှစ်တွင် ဆိုင်ကယ် လုယက်မှု ဖြစ်ပေါ်ခဲ့ပါ သည်။ ထို့အပြင် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ရွာသူ/သားများမှ အာမခံ လုပ်ငန်းအပေါ် ယုံကြည်မှုနှင့်

SAMPLE

စိတ်ဝင်စားမှုနည်းသောကြောင့် ချိတ်ဆက်ဆောင်ရွက်ထား သူမရှိသ လောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ် သီးသန့် ရေးဆွဲ ထားခြင်းမရှိပါ။ ဗဟုသုတလည်း နည်းပါးကြသည်။ ရွာသားများသည် လိုအပ် ပါ က ၅ မိုင်၊ ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်သော်လည်း ရဲဝန်ထမ်းအင်အားနည်းသည်။ ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းလည်း နည်းပါးသည်။

**(၂.၁၅.၂) မှုခင်းဖြစ်ပွားမှု**

ဇယား (၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

| | လူကုန်ကူးမှု | ခိုးမှု | မူးယစ်ဆေးသုံးစွဲမှု | အကြမ်းဖက်မှု |
|---|---|---|---|---|
| စိုးရိမ် /သာမန် | မရှိ | မရှိ | သာမာန် | မရှိ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

မှတ်ချက် - စိုးရိမ် = ၁၊ သာမာန် - ၂

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်း ရောင်းဝယ်မှုကို ချောမွေ့စေသည်။ လူကုန်ကူးမှုနှငင့် ခိုးမှုများ မရှိကြပါ။ သာမာန်ကိစ္စ များကို ကျေးရွာရာအိမ်မှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ဖြေရှင်းပေးသည်။

SAMPLE

## ၅ ။ ဖွံ့ဖြိုးရေးကွင်းဆက်

ဇယား (၄၅) : ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

| စဉ် | ပြဿနာ | အကြောင်းအရင်း | အလားအလာ | အဟန့်အတား နှင့် စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက် |
|---|---|---|---|---|---|---|
| ၁။ | **<u>စီမံအုပ်ချုပ်မှုစနစ်ကဏ္ဍ</u>** | | | | | |
| ၁။ | အစုအဖွဲ့ဖြင့် စနစ်တ ကျ လုပ်ကိုင်ရာတွင် ပါဝင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် အလေ့ အထနှင့် စွမ်းရည် မရှိခြင်း။<br>လက်ရှိအဖွဲ့များချိတ်ဆက်မှု အားနည်းခြင်း။ | အစဉ်အလာအရခေါင်းဆောင်ဆုံးဖြတ်သည့်အတိုင်းလိုက်နာသည့် အကျင့်ပါနေခြင်း။<br>လူတိုင်းမွေးရာပါလူစွမ်းရည်ရှိကြောင်းသတိမ ပြုမိကြခြင်း။<br>လူ့စွမ်းရည်အပြည့်အဝ အသုံးချခွင့်မရခြင်း။<br>လူစွမ်းရည်မြင့်စေသည့်အခွင့်အလမ်းများမရှိခြင်း။ | ကျေးရွာအတွင်း လူမှုအခြေပြုအဖွဲ့အစည်းများ ရှိနေပြီး အချင်းချင်း ရင်းနှီးခင်မင်ကြခြင်း။ | ဆင်းရဲသားများ စိုးရိမ်သိမ်ငယ်စိတ် ရှိခြင်း။<br>အဖွဲ့အစည်းများ ဖွဲ့စည်းရာ တွင် အမျိုးသမီးများနှင့် လူငယ်များအား ထည့်သွင်း ဖွဲ့စည်းလေ့မရှိခြင်း၊ နေရာမ ပေးခြင်း။ ၄င်းတို့၏ အစွမ်းအစကို အသိအမှတ်မပြုခြင်း | လူစွမ်းရည်နှင့်ဖွံ့ဖြိုးရေး သဘောတရားတို့ကို အမြင်ဖွင့်ဟောပြောခြင်း<br>ကျေးရွာအဖွဲ့အစည်းများ စွမ်းရည်မြှင့်တင်ပြီး စုပေါင်းဆုံးဖြတ်ချက်ချမှတ်မှု၊ သတင်းအချက်အလက်ဖြန့်ဝေမှု၊ ပေါင်းစပ်ညှိနိုင်းမှုစနစ် များပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်း | **<u>၁။ ကျေးရွာအဖွဲ့အစည်းများစွမ်း ရည်မြှင့်တင်ရေးစီမံကိန်း</u>**<br>ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်အခြားအထောက်အကူပြုကော်မတီများစနစ်တကျဖွဲ့စည်းခြင်း။<br>အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်း<br>စာရင်းနှင့် မှတ်တမ်းရေး သွင်းနည်းသင်တန်း<br>ခေါင်းဆောင်မှု သင်တန်း၊<br>စာရင်းသင်တန်း။<br>လေ့လာရေးခရီး။<br>အခြား |
| ၂။ | **<u>စိုက်ပျိုးရေးကဏ္ဍ</u>** | | | | | |
| | စိုက်ပျိုးရေလုံလောက် မှု မရှိ။ | မိုးရေလုံလောက်မှု မရှိခြင်း။<br>မကောင်းခြင်း။<br>ရေစုပ်စက် လုံ လောက်မှု မရှိခြင်း။<br>စက်အဝီစိတွင်းတူးရန် အရင်းအနှီးမရှိ ခြင်း။ | ရေသွယ်ယူရန်ရေအရင်းအမြစ် အလုံအလောက်ရှိခြင်း။ (သို့) မြစ်/ချောင်းနှင့် နီးခြင်း။<br>မြေအောက်ရေရရှိ နိုင်ခြင်း။<br>ရေစုပ်စက်အလွယ်တကူဝယ်ယူရန် ဒေ သအတွင်း ကုမ္ပဏီ များ ရှိသည်။<br>ဒေသအတွင်းဆည်မြောင်းဦးစီးဌာနနှင့် ကျွမ်းကျင်သူများ ရှိသည်။ | အရင်းအနှီးမရှိ။<br>နည်းပညာ အားနည်း သည်။<br>ဌာနဆိုင်ရာများနှင့် ချိတ်ဆက်မှု အားနည်းသည်။ | အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း။<br>နည်းပညာ အကူအညီရယူခြင်း။<br>ဘဏ်များ၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | **<u>၂။ စိုက်ပျိုးရေ ရရှိရေးစီမံကိန်း</u>**<br>စက်အဝီစိတွင်း တူးဖေါ်ခြင်း။<br>ရေစုပ်စက်ဖြင့် တစ်ပိုင်တစ် နိုင်ရေတင်စိုက်ပျိုးခြင်း/ ရေစုပ်စက် အရစ်ကျရောင်းချခြင်း။ |
| | **သီးနှံအထွက်တိုး ရေး**<br>လက်ရှိသီးနှံများအထွက်နှုံးနည်းသည်။ | ဒေသမျိုးများမှာသက်တမ်းရှည်ပြီး အထွက်နှုံးနည်းခြင်း၊ အရည်အသွေးညံ့ခြင်း။ | မျိုးကောင်းမျိုးသန့်များရရှိရန်စိုက်ပျိုးရေး ဌာန ရှိသည်။<br>ဒေသအတွင်း လယ် | အရင်းအနှီးနည်းသည်။<br>အရစ်ကျဝယ်ယူရန် ကုမ္ပဏီ များ၊ ဘဏ်များနှင့် အဆက် အသွယ် မရရှိခြင်း။ | လယ်ယာသုံးစက်ကရိယာများ အရစ်ကျရောင်းချသော ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | **<u>၃။ သီးနှံအထွက်တိုး စီမံကိန်း</u>**<br>မျိုးကောင်းမျိုးသန့်ရရှိရေး<br>လယ်ယာသုံးစက်ကရိယာများ အရစ်ကျရောင်းချပေးခြင်း |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | | လယ်ယာသုံးစက်ကရိယာ<br>လုံလောက်မှုမရှိ ခြင်း။<br>စိုက်ပျိုးရေးသွင်းအား<br>စုများအတွက်ငွေကြေး မ<br>ပြည့်စုံ ခြင်း။<br>နှစ်ရှည်ဉယဉ်ထူထောင်ရန်<br>အရင်းအနှီးမရှိ ခြင်း။<br>လက်ရှိစိုက်ဘဏ်ချေး<br>ငွေမှာ လုံလောက်မှုမ ရှိ၊<br>အချိန်မီမရ၊ ပုံစံ ၇ ရှိမှသာ<br>ချေးငွေရရှိနိုင် ခြင်း၊<br>ကာလတိုချေး ငွေဖြစ်ခြင်း၊<br>မိုးစပါး တစ် မျိုးတည်းအ<br>တွက်သာငွေချေးခြင်း၊ကန့်<br>သတ်မှုများပြီး<br>တောင်သူများလိုအပ်<br>ချက်နှင့် သင့်တော်မှု<br>အားနည်းသည်။ | ယာသုံးစက်ကရိ ယာ နှင့်<br>သွင်းအားစုများအ<br>လွယ်တကူ ဝယ်ယူရရှိ<br>နိုင်သည်။<br>မြေဆီလွှာ အသင့်အ<br>တင့်ကောင်းမွန်ခြင်း<br>မြေပြန့်ဖြစ်ခြင်း၊ | ဌာနဆိုင်ရာများနှင့်အဆက်<br>အသွယ်နည်းပါးသည်။ | တောင်သူများနှင့် သင့်<br>တော်သော နှစ်ရှည် ငွေ<br>ချေးစနစ်ထူထောင်ပေး ခြင်း။ | နှစ်ရှည်ပင် စိုက်ပျိုးခြင်း<br>နှစ်ရှည် ချေးငွေစနစ် ထူထောင်<br>ပေးခြင်း။ |
| | နည်းစနစ်တကျ<br>စိုက်ပျိုးနိုင်ခြင်းမရှိ။<br>ရောဂါပိုးမွှားဆိုး<br>ရွားစွာကျရောက်<br>ဖျက်ဆီးခံရသော်လည်း<br>ထိရောက် စွာ နှိမ်နှင်းနိုင်ခြင်း<br>မရှိ။ | နည်းပညာအထောက် အပံ့<br>ရရှိမှု အားနည်း ခြင်း၊<br>လုံလောက်မှုမ ရှိခြင်း။<br>စိုက်ပျိုးရေးအသိပ ညာ<br>အားနည်းခြင်း၊<br>သီးနှံဖျက်ပိုးကျ<br>ရောက်တတ်ခြင်း၊ | နည်းပညာကျွမ်းကျင် သော<br>စိုက်ပျိုးရေးဌာန နှင့်<br>စိုက်ပျိုးရေးကုမ္ပ ဏီများ<br>ရှိသည်။ | စိုက်ပျိုးရေးဌာန ဝန်ထမ်း<br>လုံလောက်မှုမရှိ၊ ခရီးသွား လာရန်<br>ယဉ်နှင့် ကုန်ကျ<br>စရိတ်အခက်အခဲရှိသည်။<br>ကုမ္ပဏီများ ပညာပေးခြင်း ထက်<br>အရောင်းမြှင့်တင်ရေး<br>ဦးစားပေးဆောင်ရွက်သည်။<br>ဌာနဆိုင်ရာများနှင့် ချိတ်<br>ဆက်မှု အားနည်းသည်။ | စိုက်ပျိုးရေးဌာန၊ ကုမ္ပဏီ<br>များ၊ ဖွံ့ဖြိုးရေးအဖွဲ့များ<br>နှင့် ချိတ်ဆက်ဆောင်ရွက်<br>ခြင်း။<br>စိုက်ပျိုးရေးဌာနမှ ပုံမှန်<br>ကွင်းဆင်းပညာပေးခြင်း၊<br>သီးနှံဖျက်ပိုးနှိမ် နှင်း<br>ရေးအတွက် ဦးစီး ဌာနမှ<br>ထိရောက်သော<br>အစီအမံချမှတ်ဆောင်<br>ရွက်ခြင်း၊ | **<u>၄။ စိုက်ပျိုးရေးနည်းပညာစီမံ ကိန်း</u>**<br>မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်း<br>သင်တန်း<br>သဘာဝမြေဆွေးပြုလုပ်နည်း<br>သင်တန်း (တီမြေဆွေး။ အီအမ်<br>ဘိုကာရှီ စသည်)<br>သစ်စိမ်းမြေဩဇာပြုလုပ်နည်း<br>ကိုင်းကူးကိုင်းဆက်သင်တန်း<br>ဘက်စုံပိုးမွှားကာကွယ်နည်း<br>သင်တန်း<br>သီးလှည့်စိုက်ပျိုးနည်းသင်တန်း<br>ဟင်းသီးဟင်းရွက်စိုက်ပျိုးနည်း<br>သင်တန်း<br>စံပြစိုက်ကွက် ထူထောင်ခြင်း<br>တောင်သူပညာပေးစခန်းဖွင့်<br>လှစ်ခြင်း |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | လေ့လာရေးခရီး<br>အခြေခံ လယ်ယာမြေ ဥပဒေ<br>သင်တန်း |
| **၃။** | **<u>မွေးမြူရေးကဏ္ဍ</u>** | | | | | |
| ၃။ | မွေးမြူရေးလုပ်ငန်း များမှ ထုတ်လုပ်မှု လျော့နည်းခြင်း၊ | ငွေကြေးချို့တဲ့၊ အ ရင်း အနှီးမပြည့်စုံ ခြင်း၊<br>မွေးမြူရေးချေးငွေမရှိ။<br>စားကျက်ရှားပါးလာခြင်း<br>အဟာရတန်ဖိုးမြင့် မြက်စိုက်ပျိုးရန် အ ရင်းအနှီးနှင့် မြက် မျိုး ရရှိရန်ခက် ခဲခြင်း။<br>သားသတ်လိုင်စင်၏ ခေါင်းပုံဖြတ်မှု ကြောင့် မွေးမြူရေး မှ ဝင်ငွေနည်းသော ကြောင့်တိုးချဲ့မွေး မြူရန် အခက်အခဲ ရှိခြင်း။<br>လွတ်လပ်စွာ ရောင်း ချခွင့် မရှိခြင်း။ (အသား၊ အရှင် လိုက် သယ်ယူခွင့် စသည်) | တနိုင်တပိုင် မွေးမြူရေး လုပ်ရန် အိမ်မြေခြံများ ရှိနေခြင်း၊<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဝန်ထမ်းများ နှင့်ချိတ်ဆက်ဆောင် ရွက်နိုင်ခြင်း၊<br>မွေးမြူရေး တိရစ္ဆာန် ရောင်းချရန် ဈေးကွက် ခိုင်မာခြင်း၊ ဈေးကွက် အလုံအလောက်ရှိခြင်း။ | နည်းပညာဝန်ဆောင်မှု အလုံ အလောက်မရရှိခြင်း။<br>သားသတ်လိုင်စင်/အင်းလိုင်စင်ချ ထားရာတွင် မျှတမှုမရှိ၊<br>ပွင့်လင်းမြင်သာမှု မရှိ၊<br>နီးစပ်ရာလက်သိပ်ထိုးချ ထားပေးခြင်း။<br>လွတ်လပ်စွာ ရောင်းဝယ်ခွင့် မရှိ၊<br>သားသတ်လိုင်စင်ရှိသူ ၏ မတရားခေါင်းပုံဖြတ်ခံရ ခြင်း။<br>မကြာခဏ ကပ်ရောဂါများ ကျရောက်တတ်ခြင်းနှင့် ဆုံး ရှုံးမှုများခြင်း။ | မွေးမြူရေးချေးငွေထူ ထောင်ပေးခြင်း။<br>ဈေးသက်သာပြီး ထိ ရောက်မှုရှိသော ကာ ကွယ် ဆေးထိုးမှုစနစ်ချ မှတ်ခြင်း၊<br>သံသယဖြစ်ဖွယ်ရောဂါ ဖြစ်ပွါးမှုများကို စစ်ဆေး နိုင်ရန်သုတေသနဓါတ်ခွဲ ခန်းများ ဖွင့်ပေးခြင်း၊ | **<u>၅။ မွေးမြူရေးတိုးမြှင့်ခြင်းစီမံ ကိန်း</u>**<br>ဆင်းရဲဆုံးမိသားစုများ တစ်ပိုင် တစ်နိုင်မွေးမြူရေး<br>တစ်ပိုင်တစ်နိုင်မွေးမြူရေးတိုး ချဲ့ခြင်း<br>ပျားမွေးမြူရေး<br>အာဟာရတန်ဖိုးမြှင့် မြက်စိုက် ခင်းထူထောင်ပေးခြင်း<br>မွေးမြူရေးချေးငွေထူထောင်ပေး ခြင်း |
| | နှစ်စဉ် ရာသီအ လိုက် ရောဂါများ ဆိုးရွားစွာကျရောက်လေ့ရှိပြီး ကာ ကွယ်နိုင်ခြင်းမရှိ | မွေးမြူရေးနည်းပညာ၊ ဗဟုသုတအားနည်း ခြင်း၊<br>နည်းပညာဝန်ဆောင်မှု မရရှိခြင်း။<br>နှစ်စဉ်ကူးစက်ရော ဂါ များကျရောက် တတ် ခြင်း၊ | ရွာသူ/သားများမှမွေးမြူ ရေးပညာသင်ယူရန် စိတ်ဝင်စားမှုရှိသည်။<br>လူသားအရင်းအမြစ်ရှိ သည်။ | သင်တန်းတက်ရောက်ရန် အရင်းအနှီးမရှိ။<br>အဆက်အသွယ်မရှိ။ | တိမွေးကုဦးစီးဌာနနှင့် ဆက်သွယ်၍ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက်ပေးခြင်း | **<u>၆။ မွေးမြူရေးနည်းပညာစီမံ ကိန်း</u>**<br>တိမွေးကု သင်တန်း<br>ပျားမွေးမြူရေးသင်တန်း |
| **၄။** | **<u>စိုက်ပျိုး မွေးမြူရေးမဟုတ် သော ဝင်ငွေရ လုပ်ငန်း များကဏ္ဍ</u>** | | | | | |
| | ဒေသစီးပွါးရေးလုပ်ငန်း အား နည်းခြင်း။<br>မြေယာမဲ့အိမ်ထောင်စုများအ တွက်စိုက်ပျိုးမွေးမြူရေးမဟု တ် သောအလုပ်အကိုင် | ဒေသတွင်းဖွံ့ဖြိုးရေးအတွ က် စက်ရုံအလုပ် ရုံ မရှိခြင်း။<br>ကျေးလက်စီးပွါးရေး ဖွံ့ဖြိုးမှုနှင့်အရင်းအနှီး | အလုပ်လုပ်နိုင်သည့် လူ ငယ်အင်အားထု ၇၇% ရှိ ခြင်း၊<br>ကျေးရွာတည်နေရာ အား သာချက်ကြောင့် | လုပ်ငန်းကျွမ်းကျင် မှု အားနည်းခြင်း၊<br>အသေးစားစီးပွါးရေးလုပ်ငန်း စီမံခန့်ခွဲနိုင်စွမ်းအားနည်းခြင်း၊<br>ဈေးကွက် ဗဟုသုတ အား | ဈေးကွက်၊ ကုန်သွယ် ပြပွဲ၊ ဈေးကွက်အကဲဖြတ်ခြင်း များ သို့ လေ့လာရေး ခရီး စဉ် စီစဉ်ပေးခြင်း၊<br>ထုတ်လုပ်သူများနှင့် ဝယ် | **<u>၇။ အသက်မွေးဝမ်းလုပ်ငန်းများ တိုးမြှင့်ခြင်းစီမံကိန်း</u>**<br>သုံးဘီးတက္ကစီထူထောင်ခြင်း<br>တစ်ပိုင်တစ်နိုင်သကြားစက်ထူ ထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | အခွင့်အလမ်းရှားပါးခြင်း၊<br>ပုံမှန်အလုပ်အကိုင်မရခြင်း၊<br>လုပ်အားခနည်း ခြင်း။<br>အသေးစားစီးပွါးရေးလုပ်ငန်း<br>များအတွက်<br>အရင်းအနှီးမရနိုင် ခြင်း၊ | အား နည်းခြင်း၊<br>ပုဂ္ဂလိကဘဏ်နှင့်ငွေ<br>ကြေးဝန်ဆောင်မှုစနစ်<br>ဖွံ့ဖြိုးမှုအားနည်းခြင်း၊<br>လက်ရှိလုပ်ငန်းများအ<br>တွက်ခေတ်မီ<br>လက်နက်ကရိယာမရှိ<br>ခြင်း၊<br>အသက်မွေးလုပ်ငန်း<br>ကျွမ်းကျင်မှု အားနည်း<br>ခြင်းနှင့်အဆက်အသွ<br>ယ် အားနည်းခြင်း။ | ဈေးနှင့် လက်လှမ်း<br>မီခြင်း၊ လမ်း ပန်းဆက်သွယ်<br>ရေးနှင့်သယ်ယူပို့ဆောင်<br>ရေးအသင့်အတင့်<br>ကောင်းမွန်ခြင်း | နည်းခြင်း၊<br>နိုင်ငံတော်မှ စိုက်ပျိုး<br>မွေးမြူရေးမဟုတ်သော<br>ဝင်ငွေရလုပ်ငန်းများ အတွက်<br>စီမံကိန်း၊ ပံ့ပိုးမှုပေါ်လစီတို့<br>အားနည်းခြင်း၊<br>ဘဏ်ဝန်ဆောင်မှုများနှင့်<br>လက်လှမ်းမမီခြင်း၊ | ယူ သူများအကြားအဆက်<br>အသွယ်ရှာပေးခြင်း၊<br>ဒေသတွင် ဘဏ်နှင့် ငွေ<br>ရေးကြေးရေး ဝန်ဆောင်မှု<br>ရရှိစေခြင်း၊<br>အသေးစားစီးပွါးရေး လုပ်<br>ငန်းများအတွက်မြို့နယ်အ<br>ဆင့်ဘဏ်ဝန်ဆောင်မှုများ<br>ရရှိစေခြင်း၊<br>ကျေးလက်စီးပွါးရေး လုပ်<br>ငန်းများနှင့် အသေးစား<br>စွနှင့်ဦးတီထွင်ဖွံ့ဖြိုးရေး<br>လုပ်ငန်းများထူထောင်ပေး<br>ခြင်း၊ ဖိတ်ခေါ်ခြင်း | ခေတ်မီလက်သမား၊ ပန်းရံ<br>ပစ္စည်းများထူထောင်ခြင်း<br>ခေတ်မီစက်ချုပ်/အလှပြင်ပစ္စည်းမျာ<br>း ထူထောင်ခြင်း<br>သစ်၊ဝါးအခြေခံ ကုန်ချောထုတ်<br>လုပ်ခြင်း<br>ဌာနဆိုင်ရာဝန်ထမ်းများ လစ်<br>လပ်နေရာတွင် ဒေသခံ ဘွဲ့ရ<br>ပညာတတ်များအား ဦးစားပေး<br>ခန့်ထားပေးရန် |
| | အသက်မွေးဝမ်းလုပ်<br>ငန်းကျွမ်းကျင်မှု အား<br>နည်းသည်။ | ဆင်းရဲခြင်းနှင့် နေ့စဉ်<br>မိသားစုစား ဝတ်နေ<br>ရေးအတွက် ရှာဖွေနေ<br>ရသော ကြောင့်လေ့<br>လာသင်ယူ နိုင်ခြင်း မရှိ။ | ကျေးရွာတွင် အလုပ်လုပ်<br>နိုင်သော အရွယ် (   )<br>ရာခိုင်နှုန်းရှိ ပြီး ဘွဲ့ရနှင့်<br>ဘွဲ့မရသေးသော လူငယ်<br>များရှိသည်။<br>အသက်မွေးဝမ်းပညာ<br>များကို စိတ်ဝင်စားကြ<br>သည်။ | သင်တန်းတက်ရောက်ရန်<br>ကုန်ကျစရိတ်မတတ်နိုင်ကြ ပါ ။<br>သင်တန်းတက်ရောက်ရန် အ<br>ဆက်အသွယ်မရှိကြပါ။ | အသက်မွေးပညာဦးစီး<br>ဌာနနှင့် ချိတ်ဆက်<br>ဆောင် ရွက်ခြင်း။<br>ဖွံ့ဖြိုးရေးအဖွဲ့များနှင့်<br>ချိတ်ဆက်ဆောင်ရွက် ခြင်း။ | **<u>၈။ အသက်မွေးဝမ်းနည်းပညာစီ မံ<br>ကိန်း</u>**<br>သစ်သီးယိုစုံလုပ်ငန်းသင်တန်း<br>စက်ချုပ်နှင့်အိမ်တွင်းမှု အဆင့်<br>မြင့်သင်တန်း<br>မုန့်မျိုးစုံသင်တန်း<br>ရေခဲမုံ့နှင့် ဂျယ်လီသင်တန်း<br>လက်သမား၊ ပန်းရံအဆင့်မြင့်<br>သင်တန်း<br>အိမ်သုံးလျှပ်စစ်ပြုပြင်နည်းသင်တန်<br>း<br>စက်ပြင်သင်တန်း<br>ဆပ်ပြာပြုလုပ်နည်းသင်တန်း<br>စီးပွါးဖြစ် မှိုစိုက်ပျိုးနည်းသင် တန်း<br>ဆံပင်ညှပ်၊ အလှပြင်သင်တန်း<br>ဖန်စီထိုးသင်တန်း<br>လက်ယက္ကန်း၊ စက်ယက္ကန်း<br>သင်တန်း<br>ပြောင်းဖူးအစီခံထုတ်လုပ်ခြင်း<br>နှင့် ဆေးလိပ်သင်တန်း |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | မျှစ်ချဉ်/မျှစ်ခြောက်ပြုလုပ်နည်းသင်တန်း<br>သစ်ဝါး၊ ကြိမ် ကုန်ချောသင် တန်း<br>တယ်လီဖုန်းပြုပြင်သင်တန်း<br>ရွှေ၊ကျောက် ကုန်ချောထုတ်သင်တန်း<br>စွပ်ကျယ်တံဆိပ်ရိုက်သင်တန်း<br>ပန်းဘဲသင်တန်း |
| | **ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုကဏ္ဍ** | | | | | |
| | ဆင်းရဲသားများအရင်းအနှီးနည်းခြင်းနှင့် ချေးငွေလက်လှမ်းမမီ ခြင်း | ဆင်းရဲသားများအတွက် သင့်တော်သောချေးငွေစနစ်မရှိခြင်း၊ အတိုးနှုန်းများခြင်းကာလတိုချေးငွေများသာ ဖြစ်ခြင်း အပေါင်ခံပစ္စည်းလိုအပ်ခြင်း | ဆင်းရဲသားများအတွက် သင့်တော်သော ချေးငွေစနစ်ထူထောင် ပေးခြင်း | ပုဂ္ဂလိက ဘဏ်စနစ် ဖွံ့ဖြိုးမှုအားနည်းနေ  သေးခြင်း | ဆင်းရဲသားများအတွက် သင့်တော်သော ချေးငွေစနစ်ထူထောင် ပေးခြင်း<br>ငွေစုငွေချေးစနစ်ထူထောင်ခြင်း | **၉။ ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု စီမံကိန်း**<br>မြစိမ်းရောင်စီမံကိန်း<br>နှစ်ရှည်ချေးငွေစနစ်<br>ဆင်းရဲသားများအတွက် ရံ ပုံငွေထူထောင်ခြင်း (ငွေစု/ငွေချေးစနစ်ထူထောင်ခြင်း) |
| ၅။ | **ပညာရေးကဏ္ဍ** | | | | | |
| | ပညာရေးအဆောက်အဦးများဟောင်းနွမ်းပျက် စီးနေသည်။<br>ပြင်ပမှ လာရောက်တာဝန်ထမ်းဆောင်သော ဝန်ထမ်းများနေရန် အိမ်/အဆောက်အဦးမရှိ။<br>ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိ။<br>ကျောင်းသင်ထောက်ကူပစ္စည်းလုံလောက်မှုမရှိ။ | ကျေးရွာသူ/သားများ မှာဆင်းရဲသော ကြောင့်ပြုပြင်နိုင်ခြင်း၊ အသစ်ဆောက်လုပ်နိုင်ခြင်း၊ တိုးချဲ့နိုင်ခြင်းမ ရှိပါ။ | ရွာသားအများစု ပညာရေးအား စိတ်ဝင်စားမှုရှိခြင်း၊<br>မိဘဆရာအသင်းဖွဲ့စည်းထားရှိကာ ပညာရေးဌာနနှင့် ပူးပေါင်း လုပ်ရှားဆောင်ရွက်မှုရှိခြင်း၊ | မိဘဆရာအသင်း တက်ကြွလှုပ်ရှားမှု အားနည်းခြင်း။<br>အမည်ခံဖွဲ့စည်းထားပြီး အသက်ဝင်လှုပ်ရှားမှု မရှိခြင်း။<br>ဆရာနှင့် ကျောင်းသားများအတွက် ဘက်စုံသင်ကြားမှု စနစ်မရှိခြင်း | ပညာရေးဌာနသို့ တင်ပြခြင်းနှင့် အလှူငွေရရှိရန် ဆောင်ရွက်ခြင်း<br>ပညာရေးဆိုင်ရာ ပြင်ပဖွံ့ဖြိုးရေးအဖွဲ့များနှင့်ချိတ်ဆက်ဆောင် ရွက်ခြင်း။ | **၁၀။ ပညာရေးမြှင့်တင်ခြင်း စီမံ ကိန်း**<br>ကျောင်းဆောင်အဟောင်းပြုပြင်ခြင်း/<br>ကျောင်းယင်လုံအိမ်သာ ဆောက်လုပ်ခြင်း။<br>ဝန်ထမ်းအိမ်ရာဆောက်လုပ် ခြင်း<br>ကျောင်းသောက်ရေသန့် ရရှိရေး<br>ကျောင်းခြံစည်းရိုးဆောက်လုပ် ခြင်း<br>ကျောင်းပရိဘောဂ<br>ကျောင်းသင်ထောက်ကူပစ္စည်း |
| | ကျောင်းစာကြည့်တိုက် မရှိ။ | စာအုပ်ပြည့်စုံမှုမရှိ။ | လေ့လာသင်ယူလိုသော ကျောင်းသားများရှိသည်။ | ကျောင်းသားများအတွက် အပန်းဖြေရန် စိတ်ကြိုက်လေ့လာသင်ယူရန် အခွင့်အလမ်းနှင့်အခြေအနေမရှိ ခြင်း၊ သင်ကျက်စ | စာကြည့်တိုက်ရှိပါက စိတ်ဝင်စားသော ဘာသာရပ် ကိုအလွယ်တကူ လေ့လာနိုင်သည့် ပါတ်ဝန်း ကျင် | ကျောင်းစာကြည့်တိုက်ထူထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | နစ်ကျင့်သုံးခြင်း | ဖန်တီးပေးရန်။ | |
| | သင်ကြားမှု အားနည်း ခြင်း | ဘာသာရပ် အလိုက် ကျွမ်းကျင် ဆရာ/မ အင်အား မလုံလောက် ခြင်း၊ | | ဘာသာရပ်အလိုက် ကျွမ်းကျင်သည့် ဆရာ/ဆရာမ ခန့်ထားမှု အားနည်းခြင်း၊ | ကျွမ်းကျင်ဆရာ/ဆရာမ များအားစီစစ်ခန့်ထားပေး ခြင်း<br>လက်ရှိဆရာ/မများအား ကျွင်းကျင်မှုကိုစီစစ်ခြင်း နှင့် ဆရာဖြစ်သင်တန်း ပေးခြင်း၊ | ဆရာဖြစ်သင်တန်းပေးခြင်း |
| | ကျောင်းသားများအားက စားတွင်ထူးချွန်မှုအားနည်း သည်။ | ကျောင်းအားကစား ပစ္စည်း ပြည့်စုံလုံ လောက်မှုမရှိ။ | အားကစားကို ကျောင်း သားများ စိတ်ဝင်စားကြ သည်။ | ပညာရေးရုံပုံငွေ အားနည်းသည်။ ပညာရေးဌာ နမှ အားကစားကို အားပေးနိုင် မှု အားနည်းသည်။ | ကျောင်းအားကစားမြှင့် တင်ရန်။ | ကျောင်းအားကစားပစ္စည်း။ နှစ်စဉ် ကျောင်းပြေးခုန်ပစ်ပြိုင် ပွဲများ၊ စာပေပြိုင်ပွဲများ ကျင်းပ ပေးခြင်း |
| | ကလေးငယ်များကျန်းမာ ရေး ပြုစုစောင့်ရှောက်ရန် အခက်အခဲရှိသည်။ | ကလေးငယ်များ ကျန်းမာရေး အားနည်းသည်။ | ကလေးငယ်များစွာရှိသည်။ | ကျောင်းကျန်းမာရေး ပညာ ပေး အစီအစဉ်မရှိ | ကျောင်းကျန်းမာရေး ပညာပေးဆောင်ရွက်သင့်။ | ကလေးငယ်များအာဟာ ရပြည့်ဝရေးဆောင်ရွက်ခြင်းနှင့် ကျောင်း ကျန်းမာရေးပညာပေး အစီအစဉ် |
| | | | | | | |
| ၆ | **<u>ကျန်းမာရေးကဏ္ဍ</u>** | | | | | |
| | ကျန်းမာရေးအ ဆောက်အဦးနှင့် အ သုံးအဆောင်များပြည့်ဝ် စုံမှုမရှိ။<br><br>ဒေသထွက် သဘာဝ ဆေးဖက်ဝင်အပင် များတဖြည်းဖြည်းရှား ပါး လာသည်။ | ရွာသူ/သားများမှာ ဆင်းရဲသောကြောင့် မ တတ်နိုင်ကြပါ။<br>ကျန်းမာရေးအရေး ပေါ် သွားလာရန်အ ခက် အခဲရှိသည်။<br>စနစ်တကျထိန်းသိမ်းမှုမရှိ ။ စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲ/ ရောင်း ချနေကြသည်။ | ကျန်းမာရေးဦးစီးဌာန နှင့် ကျန်းမာရေးဖွံ့ဖြိုး ရေး ဆောင်ရွက်သော ဖွံ့ ဖြိုးရေးအဖွဲ့အစည်းများ ရှိသည်။<br><br>ဒေသတွင် တန်ဖိုးရှိ ဆေးဖက်ဝင်အပင်များ သဘာဝအလျောက် ပေါက်ရောက်လျက်ရှိ သည်။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက်မှု အားနည်းသည်။<br><br>ထိန်းသိမ်းမှု အားနည်း သည်။ | ဌာနဆိုင်ရာများ၊ ဖွံ့ဖြိုးရေး အဖွဲ့များနှင့် ချိတ်ဆက် ဆောင်ရွက် ခြင်း။<br><br>စနစ်တကျထိန်းသိမ်း ခြင်း၊ ပညာပေးဆောင် ရွက်ခြင်းပြုလုပ်ပေးသင့် သည်။ တိုင်းရင်းဆေး မြှင့်တင်ပေးရန်။ | **<u>၁၁။ ကျန်းမာရေးအဆောက်အ ဦးများ မြှင့်တင်ခြင်း</u>**<br>ဆေးခန်းဆောက်လုပ်ခြင်း ဆေးခန်းပရိဘောဂနှင့် တိုင်းရင်းဘယဆေးခြံထူ ထောင်ခြင်း<br>အခြေခံမရှိမဖြစ်အိမ်သုံးဆေးဆိုင် ထူထောင်ခြင်း |
| | ကျန်းမာရေးကျွမ်းညကျင်သူမ ရှိ။ ကျန်းမာ ရေးနည်းပညာနှင့် ဝန် ဆောင်မှုအားနည်း သည်။ ကျန်းမာရေး အား နည်းကြသည်။ ကျန်းမာရေးအသိပညာ | နည်းပညာ၊ ဗဟုသုတ ရရှိရန် အဆက်အ သွယ် မရှိ။<br>နည်းပညာဝန်ဆောင် မှု အပြည့်အဝ မရရှိ ကြပါ။<br>တိုင်းရင်းဆေးနည်း | ကျေးရွာတွင် ဘွဲ့ရနှင့်အ ထက်တန်းပညာအ ဆင့် တတ်မြောက်သူများ ရှိ သည်။<br>ဆေးဖက်ဝင်အပင်များ ပေါက်ရောက်သည်။ | သင်တန်းတက်ရောက်ရန် ကုန်ကျစရိတ်မတတ်နိုင်။ အဆက်အသွယ်မရှိကြပါ။ | ကျန်းမာရေးဦးစီးဌာန နှင့် ဖွံ့ဖြိုးရေးအဖွဲ့များ ဖြင့် ချိတ်ဆက်ဆောင် ရွက် ခြင်း | **<u>၁၂။ ကျန်းမာရေးနည်းပညာစီ မံကိန်း</u>**<br>အရံသားဖွါးသင်တန်း<br>အခြေခံကျန်းမာရေးသင်တန်း<br>တိုင်းရင်းဆေးသင်တန်း<br>ကျန်းမာရေးပညာပေးသင် တန်း |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | ဗဟုသုတအား နည်းသည်။<br>ဒေသထွက်ဆေးဖက်<br>ဝင်အပင်များရှိသော် လည်း<br>အသုံးချနိုင် ခြင်းမရှိ။ | ပညာဗဟုသုတနည်း<br>သည်။ | | | | |
| ၇ | **ရေနှင့်ဝ၀် သန့်ရှင်းရေးကဏ္ဍ** | | | | | |
| | သောက်ရေလုံလောက်မှုမရှိ။<br>ယင်လုံအိမ်သာ သုံးစွဲ<br>မှုနည်းပြီး သန့်ရှင်းမှု<br>အားနည်းသည်။ | ဆင်းရဲသောကြောင့်<br>ရေတွင်းတူးဖေါ်နိုင်ခြင်းမ<br>ရှိ/ နွေရာသီရေ<br>ခမ်းခြောက်သည်။<br>ယင်လုံအိမ်သာ ဆောက်<br>လုပ်သုံးစွဲနိုင် ခြင်း မရှိ။ | စက်အဝီစိတွင်းတူးဖေါ်<br>ပါ က သောက်ရေအလုံ<br>လောက်ရရှိနိုင်သည်။<br>ဒေသအတွင်းကျန်းမာ<br>ရေးဖွံ့ဖြိုးရေးအဖွဲ့အစည်း<br>များရှိသည်။ | အရင်းအနှီးနှင့် နည်းပညာ မရှိ။<br>အဆက်အသွယ်မရှိ။ | အစိုးရ ရေအရင်းအ မြစ်<br>ဌာနနှင့် ချိတ်ဆက်ခြင်း<br>ဖွံ့ဖြိုးရေးအဖွဲ့များနှင့်<br>ချိတ်ဆက်ဆောင်ရွက် ခြင်း | **<u>၁၃။ သောက်ရေသန့် ရှင်းရေး</u>**<br>**<u>စီမံကိန်း</u>**<br>ကျေးရွာသောက်ရေသန့် ရရှိရေး<br>ဆင်းရဲသားများ ယင်လုံအိမ် သာ<br>ဆောက်လုပ်ခြင်း |
| ၈။ | **လူငယ်၊ ယဉ်ကျေးမှုနှင့်ဝ၀် အားကစားကဏ္ဍ** | | | | | |
| | အလုပ်လက်မဲ့ များခြင်း၊<br>အလုပ်အကိုင်အခွင့်အ<br>လမ်းနည်းပါးခြင်း<br>အသက်မွေးနည်းပညာ<br>ကျွမ်းကျင်မှု အားနည်း ခြင်း | လုပ်ငန်းခွင်သုံးပညာ<br>ရေးအဆင့်အတန်း<br>နိမ့်ခြင်း၊<br>လေ့လာသင်ယူ စရာ<br>နေရာ မပြည့်စုံခြင်း၊ | အလုပ်လုပ်နိုင် သည့် လူ<br>ငယ်၊ လူရွယ်များ ရှိနေ ခြင်း၊<br>ဘွဲ့ရလူငယ်အချို့ရှိသည်။ | ဒေသဖွံ့ဖြိုးရေးကို အထောက်<br>အကူပြုသော အလုပ်ရုံ၊ စက် ရုံ<br>များမရှိခြင်း<br>အသက်မွေးနည်းပညာ<br>ထောက်ပံ့မှုစီမံကိန်းများ မရှိ<br>ခြင်း။<br>အဆက်အသွယ်မရှိခြင်း<br>သင်တန်းကုန်ကျစရိတ်မ<br>တတ်နိုင်ခြင်း | စက်ရုံ၊အလုပ်ရုံများ ထူ<br>ထောင်ပြီး အလုပ် အကိုင်<br>ဖန်တီးပေး ခြင်း၊<br>ရွာအရောက်သင်တန်းများ<br>ပံ့ပိုးခြင်း၊ | **<u>၁၄။ လူငယ်ဖွံ့ဖြိုးရေး</u>**<br>အသက်မွေးဝမ်း ကျောင်းသင်<br>တန်းများ ဖွင့်လှစ်ခြင်း၊<br>အင်္ဂလိပ်စာသင်တန်း<br>ကွန်ပျူတာသင်တန်း<br>တယ်လီဖုန်းပြင်သင်တန်း<br>ဆို၊က၊ရေး၊တီး သင်တန်း<br>တိုင်းဒေသကြီးလူငယ်ဖိုရမ်များ<br>နှင့် ချိတ်ဆက် လှုပ်ရှားခြင်း |
| | လူငယ်များ လုံခြုံမှုအား<br>နည်းသည်။ | လူငယ်များ မိသားစု<br>ဝင်ငွေအတွက် အဓိက<br>အလုပ်လုပ်ကိုင်ကြရသည်၊<br>ခရီးသွားလာ ကြရ၊<br>ရွှေ့ပြောင်းသွား လာ<br>ကြရသည်။ | ယဉ်တိုက်မှု၊ လူကုန်ကူး<br>ခံရမှု ခံရနိုင်သည်။ | ဗဟုသုတအားနည်းသည်။<br>ဖွံ့ဖြိုးရေးအဖွဲ့များနှင့် ချိတ်<br>ဆက်မှု အားနည်းသည်။ | အဖွဲ့အစည်းများနှင့်ချိတ်<br>ဆက်၍ အမြင်ဖွင့်သင်<br>တန်းများ ပြုလုပ်ပေးသင့်<br>သည်။ | ယဉ်စည်းကမ်း၊ လမ်းစည်း<br>ကမ်းသင်တန်း<br>လူကုန်ကူးကာကွယ်တား ဆီး<br>ရေးသင်တန်း<br>အမျိုးသမီး ကာကွယ်စောင့်<br>ရှောက်မှုသင်တန်း<br>လူငယ်များကိုယ်ခံပညာသင် တန်း<br>မူးယစ်ဆေးအသိပညာပေး<br>သင်တန်း |
| | လူငယ်များ စာဖတ်အား<br>နည်းပြီး လေ့လာသင်ယူ မှု<br>အားနည်းသည်။ | စာကြည့်တိုက်မရှိ/ စာ<br>အုပ်စာတမ်းပြည့်စုံမှုမ<br>ရှိ/ စာဖတ်အားနည်း<br>သည်။ | လူငယ်များ ရှိသည်။ | လေ့လာသင်ယူနိုင်သော<br>ပါတ်ဝန်းကျင်မရှိ။ | လေ့လာသင်ယူရေးပတ်ဝန်း<br>ကျင် အဆင့်မြှင့်တင်<br>ပေးခြင်း၊ ဖန်တီးပေးခြင်း | နှစ်စဉ် စာပေဟောပြောပွဲ<br>ကျင်းပခြင်း<br>ခေတ်မီအင်တာနက်စာ<br>ကြည့်တိုက်ထူထောင်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | | | | | | အင်တာနက်လေ့လာသင်ယူ မှု သင်ကြားပေးခြင်း |
| | လူငယ်များ အပန်းဖြေရန် သီးသန့်နေရာနှင့် အစီအစဉ်များမရှိ။ | ဓလေ့ထုံးစံအရ လူမှုရေးလှုပ်ရှားမှု အား နည်းခြင်း | လူငယ်များရုပ်မြင်သံကြားကြည့်ရှုခြင်း၊ သီချင်းနားထောင်ခြင်း၊ တောင်းဆိုခြင်းများ စိတ်ဝင်စား မှုရှိသည်။ | | ရိုးရာပွဲများတွင် လူငယ်များရှေ့တန်းမှ ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ပညာပေးခြင်း | ရိုးရာ/ခေတ်ပေါ်တီးဝိုင်းထူထောင်ပေးခြင်း<br>ဆို၊က၊ရေး၊တီး ပြိုင်ပွဲများ ကျင်းပပေးခြင်း/ပါဝင်ယှဉ်ပြိုင်နိုင်မှုအခြေအနေဖန်တီး ခြင်း<br>ရိုးရာဘုရားပွဲများတွင် လူ ငယ်များ ဆန်းသစ်တီထွင်မှု နှင့် ပြိုင်ပွဲများ ကျင်းပခြင်း |
| | လူငယ်များ ကျေးရွာဖွံ့ဖြိုးရေးတွင် ရှေ့တန်းမှ ပါဝင်နိုင်မှုအားနည်းသည်။ | အနာဂါတ်အတွက် လူငယ်ဖွံ့ဖြိုးရေး၏ အရေးကြီးမှု၊ အရေးပါမှုကိုသတိမမူမိကြခြင်း နှင့်အားပေးမှု နည်း ခြင်း | ကျေးရွာတွင်လူငယ်များ ရှိပြီးကျေးရွာဖွံ့ ဖြိုးရေး ကိုစိတ်ဝင်စားမှုရှိသည်။ | ကျေးရွာအဖွဲ့အစည်း များ ဖွဲ့စည်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကိစ္စများ ဆုံးဖြတ်၊ ဆွေးနွေးရာတွင်ပါဝင်ခွင့် မရှိခြင်း | အဖွဲ့အစည်းများ ဖွဲ့စည်းရာတွင် လူငယ်များ ထည့်သွင်းဖွဲ့စည်းပေးခြင်းနှင့် လက်တွဲ ပညာပေးဆောင်ရွက်ခြင်း | ကော်မတီဖွဲ့စည်းရာတွင် လူငယ်များ အချိုးကျ ပါဝင် ဖွဲ့စည်းပေးခြင်း |
| | လူငယ်များအားကစားတွင် ထူးချွန်မှု အားနည်းသည်။ | အားကစားကွင်းနှင့် အားကစားပစ္စည်းများ လက်လှမ်းမီမှုမရှိ။<br>ဆင်းရဲသောကြောင့် အားကစားအချိန်မပေး နိုင်ကြပါ။ | လူငယ်များအားကစား ကို စိတ်ဝင်စားသည်။<br>ဘောလုံးပွဲ၊ လက်ဝှေ့ပွဲများကို ရုပ်မြင်သံကြားမှ ကြည့်ရှုကြသည်။ | အားကစားကွင်းနှင့် အားကစားပစ္စည်းများ လက်လှမ်းမီမှုမရှိ။<br>ဆင်းရဲသောကြောင့် အားကစားအချိန်မပေး နိုင်ကြပါ။ | အားကစားလက်လှမ်း မီနိုင်သောပါတ်ဝန်းကျင် ဖန်တီးပေးခြင်း | အားကစားကွင်းနှင့်အားကစားပစ္စည်းများနှင့် ကိုယ်ကာယအလှလေ့ကျင့်ပစ္စည်းများ နှစ်စဉ်ပြေးခုန်ပစ်နှင့် အားကစားပြိုင်ပွဲများကျင်းပ ခြင်း (ကျေးရွာအဆင့်၊ကျေးရွာအုပ်စုအဆင့်၊ မြို့နယ်အ ဆင့်၊ တိုင်းအဆင့် စသည်) |
| ၉။ | **<u>ကျေးရွာအတွင်းရှိ အခြေခံအဆောက်အဦးများ</u>** | | | | | |
| | ရွာတွင်းလမ်း မကောင်း ခြင်း၊<br>ရွာချင်းဆက်လမ်း/ကျေးရွာချဉ်းကပ်လမ်း မကောင်းခြင်း<br>ကုန်ထုတ်လမ်းပျက်စီး ခြင်း<br>တံတား/ရေပြွန်ပျက်စီး ခြင်း | မြေသားလမ်းဖြစ် နေခြင်း၊<br>မိုးရာသီသွားလာရန် အခက်အခဲရှိခြင်း<br>လမ်းပြုပြင်ရန် ငွေကြေးမပြည့်စုံခြင်း၊ | နဂိုရ်လမ်းရိုး ရှိနေခြင်း၊<br>ရွာသူ/သားများ စိတ်ဝင်စားမှုရှိခြင်း | သက်ဆိုင်ရာမှ ရွာတွင်းလမ်း ဖောက်ပေးသည့် အထောက်အပံ့ အားနည်းခြင်း၊<br>အစိုးရဌာနများမှ ကျေးရွာလမ်းတံတားဖွံ့ဖြိုးရေး စိတ်ဝင်စားမှု အားနည်းခြင်း | နိုင်ငံတော်မှ ရွာတွင်း လမ်းဖောက်ပေးသည့် အစီအစဉ် ချမှတ်ခြင်း၊ | **<u>၁၅။ ကျေးရွာလမ်းတံတားစီမံ ကိန်း</u>**<br>ရွာတွင်းကျောက်ချောလမ်းခင်းခြင်း၊<br>ရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း<br>တံတားဆောက်လုပ်ခြင်း |
| | ကျေးရွာတွင် လျှပ်စစ်မီး မရရှိသေးပါ။ | ရွာသူ/သားများ ဆင်းရဲသောကြောင့် ကုန်ကျမှု မတတ်နိုင် ခြင်း | လျှပ်စစ်ဓါတ်အားလိုင်း နှင့် လက်လှမ်းမီသည်။ | ငွေအရင်းအနှီးမတတ်နိုင်ကြ ပါ ။ | လျှပ်စစ်ဌာနနှင့် ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် | **<u>၁၆။ ကျေးရွာမီးလင်းရေးစီမံ ကိန်း</u>**<br>ကျေးရွာမီးလင်းရေး ဆိုလာမီးတပ်ဆင်ရေး |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| **၁၀** | **သဘာဝပါတ်ဝန်းကျင်ထိန်းသိမ်းရေးနှငင့် ဘေးအန္တရာယ်လျှော့ချခြင်းကဏ္ဍ** | | | | | |
| | မီးဘေးအန္တရာယ်ရှိသည်။<br>အချိန်မရွေးကျ<br>ရောက်နိုင်သည်။ | မီးဘေးအန္တရာယ် အ<br>ချိန်မရွေးကျရောက်<br>နိုင်သည်။ | ကျေးရွာတွင် ကားမောင်း<br>နိုင်သူ/ကားအကြောင်း<br>နားလည်သူ/ ပြုပြင်ထိန်း<br>သိမ်းနိုင်သူများ ရှိသည်။<br>မီးသတ်တပ်ဖွဲ့ဖွဲ့စည်း<br>ထားပြီးဖြစ်သည်။ | အရင်းအနှီးမတတ်နိုင်ကြပါ။ | ကြိုတင်ကာကွယ်မှုအစီအစဉ်ပြု<br>ုလုပ်ခြင်း | **<u>၁၇။ သဘာဝဘေးလျှော့ချရေး စီမံကိန်း</u>**<br>မီးသတ်ကားထူထောင်ခြင်း<br>အရံမီးသတ်စနစ်တကျဖွဲ့ စည်း ခြင်း |
| | ငလျင်ကြောင့် မကြာခ<br>ဏအပျက်အစီးဆုံးရှုံး<br>မှုများရှိသည်။ | ငလျင်ဇုန်အတွင်း ကျ<br>ရောက်သည်။ | ကြိုတင်ကာကွယ်ရေး<br>ပြုလုပ်နိုင်သည်။ | အရင်းအနှီးနှငင့် နည်းပညာ<br>အားနည်းသည်။ | သဘာဝဘေးကာကွယ်<br>မှုအစီအစဉ်များရေးဆွဲ<br>ဆောင်ရွက်ခြင်း | သဘာဝဘေးအန္တရာယ် လျှော့ချ ရေး<br>သင်တန်း |
| | သစ်တောများပြုန်း<br>တီးလာခြင်း<br>သဘာဝတောရိုင်းတိရိစ္ဆာန်မျာ<br>း ရှားပါးလာ ခြင်း<br>သဘာဝဆေးဖက်ဝင်အပင်မျာ<br>း ရှားပါးလာ ခြင်း | သစ်ခိုးထုတ်ခြင်းနှင့်<br>စည်းကမ်းမဲ့ထင်းခုတ်<br>ခြင်း၊မီးသွေးဖုတ်ခြင်း<br>တောရိုင်းတိရိစ္ဆာန်နှင့်<br>ဆေးဖက်ဝင်အပင်များကို<br>စည်းကမ်းမရှိ<br>ဖမ်းဆီးခြင်း၊ ပြည်ပ သို့<br>ရောင်းချခြင်း | သင့်တော်သော ဥပဒေ များ<br>ပြဋ္ဌာန်းခြင်းနှငင့် တိ ကျစွာ<br>အရေးယူဆောင် ရွက်ခြင်း | ဥပဒေကိုတိကျစွာ အရေးယူမှု<br>မရှိခြင်း<br>လာဒ်ပေးလာဒ်ယူရှိခြင်း<br>ကိုယ်ကျိုးစီးပွါးလွန်ကဲခြင်း<br>အစိုးရမှ ထိန်းချုပ်နိုင်မှု အား<br>နည်းခြင်း<br>ဒေသခံများ ဗဟုသုတနည်း<br>ပါးခြင်း | သင့်တော်သော ဥပဒေ များ<br>ပြဋ္ဌာန်းပြီး တိကျစွာ<br>အရေးယူရန်<br>စနစ်တကျ ထိန်းသိမ်း ရန် | ပုဂ္ဂလိက ကျွန်းစိုက်ခင်း ထူ<br>ထောင်ခြင်း<br>ဘေးမဲ့တော ထူထောင်ခြင်း |
| | **<u>မူဝါဒများ</u>** | | | | | |
| | မြေယာပိုင်ဆိုင်မှု<br>အရှုပ်အရှင်းများ ရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇<br>မရှိကြပါ။ | မြို့နယ်မြေစာရင်းဦးစီး<br>ဌာနရှိသည်။ တခြားမြေ<br>ယာပိုင်ဆိုင်မှုအထောက်<br>အထားများရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇<br>လျှောက်ထားရာတွင် အဆင့်<br>ဆင့်တင်ပြရခြင်း၊<br>အချိန်ကြန့်ကြာခြင်းနှငင့်<br>ရှုပ်ထွေးသောကြောင့် ရွာသူ/<br>သားများ အခက်အခဲရှိသည်။ | မြေယာပိုင်ဆိုင်မှု ပုံစံ ၇ ကို<br>အမြန်ဆုံးဆောင်ရွက် ပေးရန် | မြေယာကော်မတီစနစ်တကျ<br>ဖွဲ့စည်းပေးရန်<br>ပုံစံ ၇ ကို စနစ်တကျ ကွင်း<br>ဆင်းဆောင်ရွက်ပေးရန်<br>လယ်ယာမြေ ဥပဒေပြင်ဆင် ပေးရန် |
| | အချို့ကျေးရွာများ တွင်<br>တိရိစ္ဆာန်မွေးမြူရေးအတွက်<br>စားကျက်မြေ<br>အခက်အခဲရှိသည်။ | ကုမ္ပဏီများမှ မြေယာ<br>သိမ်းဆည်း ထား သည်။ | ဥပဒေအရ ပြန်လည်ဖြေ<br>ရှင်းခြင်းနှငင့် မြေယာဥ<br>ပဒေ ပြုပြင်ခြင်း | ရွာသူ/သားများအနေဖြငင့်<br>အတွေ့ အကြုံနှင့် ဗဟုသုတ<br>နည်းပါးခြင်း။<br>ကုန်ကျစရိတ်မတတ်နိုင်ခြင်း<br>အထက်အစိုးရဌာနများနှင့်<br>ချိတ်ဆက်မှု၊ ရင်းနှီးမှု<br>အားနည်းခြင်း | ဥပဒေအရဖြေရှင်းခြင်း<br>လွှတ်တော်သို့ တင်ပြ<br>ခြင်းနှငင့် ပြင်ဆင်ရေးဆွဲ<br>ခြင်း | ကျေးရွာပိုင် စားကျက်မြေ<br>ပြန်လည်ချထားပေးရန် |
| | ရွာသူ/သားများ မိမိတို့<br>အိမ်မွေးတိရိစ္ဆာန်များ | သားသတ်လိုင်စင်ချ<br>ထားရာတွင် ပွင့်လင်း | ကျေးရွာအတွင်း ကိုယ်<br>တိုင်မွေးမြူထုတ်လုပ် | လိုင်စင်ရှိသူမှ ဖမ်းဆီးခြင်း နှင့်<br>မတရားခေါင်းပုံဖြတ်ခံ နေရသည်။ | ကိုယ်တိုင်မွေးမြူသူများ<br>ကိုလွှတ်လပ်စွာရောင်းချ ခွင့် | ကျေးရွာတွင်း အခွန်လွတ်<br>သားငါးဈေးတည်ဆောက် ပေးရန်။ |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | ရောင်းချရာတွင် သား သတ်လိုင်စင် ရှိသူ၏ မတရား ဖမ်းဆီးခံ၊ ခေါင်းပုံဖြတ်အနိုင် ကျင့်ခံနေကြရသည်။<br>ဒေသခံ ရွာသူ/သား များ မွေးမြူရေးမှ အ ကျိုးအမြတ်နည်း သည်။ | မြင်သာမှုမရှိ။ နီးစပ် ရာလက်သိပ်ထိုး ချ ထားပေးခြင်း။<br>ရွာသူ/သားများမှ မိမိ တို့မွေးမြူထားသော အိမ်မွေးတိရိစ္ဆာန်များကို အသားရောင်းချ ရာတွင်ဖမ်းဆီးခံရ ခြင်း၊ အရှင်သယ်ယူ ရောင်းချခွင့်ကန့်သတ် ထားခံရခြင်းနှင့် သား သတ်လိုင်စင်သို့ ရောင်းချရာတွင်လည်း ပေါက်ဈေးမပေးဘဲ မတရား ဈေးနှိမ်ခံရ သည်။<br>ငါးအင်းလိုင်စင်ချထားမှု ပွင့်လင်းမြင်သာမှု မရှိ။ | ကြသည်။<br>ဈေးကွက်နှင့် ဝယ်လို အားအလုံအလောက်ရှိ သည်။ | | ပြုရန်။ | သားသတ်နှင့် မွေးမြူရေး လိုင်စင်ကို တောင်သူများနှင့် သင့်လျော်အောင် ဥပဒေ ပြင် ဆင် ရေးဆွဲပေးရန်။ |
| | စိုက်/မွေးထုတ်ကုန်များ ရောင်းချရာတွင် တောင်သူ များ အရှုံး ပေါ်/အမြတ် နည်း/ ဝင်ငွေနည်းနေကြ သည်။ | ဈေးကွက်မတည်ငြိမ် ခြင်းနှင့် ပွဲရုံများမှ အ လေးတင်းတောင်းမ မှန်ခြင်းကြောင့် ဖြစ် သည်။ | ကုန်ကြမ်းအလုံလောက် ထွက်ရှိသည်။ | အရေးယူမှု၊ ကြီးကြပ်မှု အား နည်းသည်။ | အစိုးရမှ ထိန်းသိမ်းပေး ရန် | ဈေးကွက်တည်ငြိမ်ရေးနှင့် အလေးတင်းတောင်းမှန် ကန်ရေး အစိုးရမှ ကြီးကြပ် ဆောင်ရွက်ပေးရန်/ အရေး ယူဆောင်ရွက်ပေးရန်။ |
| | ရွှေနှင့် ကျောက်မျက် များထွက်ရှိသော် လည်း ဒေသခံ ရွာသူ/ သား များအ နေဖြင့် အကျိုးခံစားခွင့် မရရှိ ကြပါ။ | ပြင်ပ နိုင်ငံသား/ နိုင်ငံ ခြားသားကုမ္ပဏီများမှ ရွှေလုပ်ကွက်များကို ပိုင်ဆိုင်နေကြပြီး ဒေ သခံများမှာ ငှင်းလုပ် ကွက်များတွင် နေ့စား လုပ်ကိုင်နေကြရ သည်။ | ဥပဒေပြဋ္ဌါန်းထားသည်။ | သတ္တုတူးဖော်ရေး ဥပ ဒေကို ဒေသခံများ ဗဟုသုတနည်း ပါးသည်။<br>ရွှေလုပ်ကွက်ချထားမှု ပွင့် လင်းမြင်သာမှုမရှိ။ | သတ္တုတူးဖော်ရေး ဥပဒေ ကိုပြင်ဆင်ရေး ဆွဲပေး ရန် လိုအပ်သည်။ | ဒေသခံများအတွက် တစ်ပိုင် တစ်နိုင်ရွှေ၊ ကျောက်လုပ်ငန်းကို ဥပ ဒေ အရတရားဝင် လုပ်ခွင့်လိုင် စင်များ ချထား ပေးရန်။ |
| | ပညာရေးဝန်ထမ်း ပြည့်စုံလုံလောက်မှုမရှိ။ | ပညာရေးဌာနမှ လစ် လပ်နေရာများအချိန်မီ ဖြည့်စွက်ခန့် ထားမှုမ ရှိ။ | ဝန်ထမ်းဖွဲ့စည်းပုံအရ အင်အားရှိသည်။<br>ကျောင်းသားအရေအတွက် များသည်။ | အချိန်မီ ခန့်ထားခြင်းမရှိ။<br>အချို့ဝန်ထမ်းများ မိမိတာဝန် ကျနေရာသို့ သွားရောက်တာ ဝန်ထမ်းဆောင်လိုခြင်းမရှိ။ | ဝန်ထမ်းများကို ဖွဲ့စည်း ပုံအင်အားအရ အချိန်မီ အမြန်ဆုံး ဖြည့်စွက် ခန့် ထားပေးရန်။ | ဒေသခံ ဘွဲ့ရပညာတတ်များ အား ဦးစားပေးခန့်ထားပေး ရန်။ |

SAMPLE

| | | | | | | |
|---|---|---|---|---|---|---|
| | အလုပ်အမျိုးအစား၊အလုပ်လုပ်ချိန်၊ လုပ်အားစိုက်ထုတ်မှုနှင့် ပင်ပန်းမှု တူသော်လည်း ကျား/မနေ့စား လုပ်အားခ တန်းတူမရရှိခြင်း။<br>အမျိုးသမီးများ လုံခြုံ မှုနည်းသည်။ | ကျား/မ ခွဲခြားမှု အနည်းငယ် ရှိသည်။<br>အမျိုးသမီးကာကွယ်သည့် ဥပဒေအားနည်းသည်။ | ညှိနိူင်းဆောင်ရွက်နိုင် မည်။ | အမျိုးသမီးများ အတွေ့အကြုံ ဗဟုသုတနည်းသည်။<br>ပညာတတ်နည်းပါးသည်။<br>အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိ။ | ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှ တဆင့် လွှတ်တော် သို့ တင်ပြရန်။ | ကျား/မ လုပ်အားခတန်းတူ ရရှိ ရေး အမျိုးသမီးကာကွယ်သည့် ဥပဒေ ပြဋ္ဌါန်းပေးရန်နှင့် ပညာပေး ဆောင်ရွက်ပေးရန်။ |
| | ရှေးဟောင်းအမွေအနှစ်နှင့် ရှေးဟောင်းအဆောက်အဦးများ၊ သဘာဝအရင်းအမြစ်များ(ရေပူစမ်း/ရှားပါး ဂူစသည်)ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့်ဖွံ့ဖြိုးမှုအားနည်းပြီး ပျက်စီးယိုယွင်းမှုများ ရှိသည်။ | နိုင်ငံတော်အစိုးရအနေဖြင့် ငွေအင်အားနည်းသောကြောင့် ထိန်းသိမ်းနိုင်မှု အားနည်းသည်။ | ရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပါဝင်သည်။<br>ယူနက်စကို အဖွဲ့အစည်းရှိသည်။<br>ဟိုတယ်ခရီးသွားလုပ်ငန်းအတွက် သဘာဝအရင်းအမြစ်နှင့် ရှေးဟောင်း အမွေအနှစ်များကြွယ်ဝ သည်။ | ငွေအင်အားနည်းသည်။ယူနက်စကိုအဖွဲ့၊ ဟိုတယ်ခရီးသွားဌာနများနှင့် ချိတ်ဆက်နိုင်မှု အားနည်းသည်။ | ယူနက်စကိုအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန် | ရှေးဟောင်းယဉ်ကျေးမှုနယ် မြေအား ယူနက်စကိုအဖွဲ့ဖြင့် ချိတ်ဆက်ပြီး ထိန်းသိမ်းရန်။<br>ယဉ်ကျေးမှုမြှင့်တင်ပေးရန်။<br>ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း မြှင့်တင်ပေးရန်။ |
| | လူငယ်အချို့ စကိုင်းနက် ရှိရာ ဘီယာဆိုင်၊ လက်ဘက်ရည်ဆိုင်များသို့ အချိန်မတော် သွားရောက်ကြည့်ကြရသောကြောင့် မလိုလားအပ်သော အရက်ဘီယာသောက်စားမှု၊ မူးယစ်ရမ်းကားမှု၊ ယဉ် တိုက်မှု၊ ခိုက်ရန်ဖြစ်ပွါးမှု၊ ငွေကြေးကုန်ကျမှုများ ရှိသည် | လူငယ်များအနေဖြင့် အားကစား (ဘောလုံး၊ လက်ဝှေ့၊) စသည်တို့ကို များစွာ စိတ်ဝင်စားသော်လည်း အရေးကြီး ဘောလုံးပွဲ ကဲ့သို့ အားကစားပွဲများအားစကိုင်းနက်ကသာ ပြသခွင့် ရကြပြီးအများပြည်သူသုံး ရုပ်မြင်သံကြားများမှ ပြသပေးခြင်းမရှိသောကြောင့်ဖြစ်သည်။ စကိုင်းနက်မှသာ ထုတ် လွှင့်ပေးသောကြောင့် ကျေးရွာလူထုအနေဖြင့် လက်လှမ်းမမှီနိုင်ကြပါ။ | နိုင်ငံတော်အစိုးရ အများပြည်သူသုံး ရုပ်သုလိုင်းများစွာရှိသည်။ | ပြသခွင့် လိုင်စင်အခက်အခဲရှိသည်။ | အများပြည်သူသုံး ရုပ်သံလိုင်းများမှ ထုတ်လွှင့်ပေးပါ က အချိန်မရွေး အလွယ်တကူ ကြည့်ရှုနိုင်ခြင်းဖြင့် ဗဟုသုတများစွာ ရရှိနိုင်ပါသည်။ | အများပြည်သူသုံး ရုပ်သံ လိုင်းများမှ ထုတ်လွှင့်ပေးရန်။ |

SAMPLE

SAMPLE